# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်　　၂၀၁၈ ခုနှစ်၊ မေ ၇ ရက်၊ တနင်္လာနေ့　　အတွဲ (၅၇)၊ အမှတ် (၂၁၇)


**ဂုဏ်သတင်း ပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကို မသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်း၊ ပန်းအနံ့သည်လည်း လေညာသို့ မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့ သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

# တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာလာကြရသော ပြည်သူများ၏ လိုအပ်ချက်များကို ကူညီဖြေရှင်းပေးမည်

# ထာဝရငြိမ်းချမ်းရေးအတွက် စားပွဲဝိုင်းအဖြေရှာမှုဖြင့် ရလဒ်ကောင်းရရှိရေး အစိုးရကဆောင်ရွက်လျက်ရှိ



**မြစ်ကြီးနား　မေ ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းက ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးမြို့ရှိ လမ်းခွကျေးရွာ လယ်ဘရော့ယန်နှစ်ခြင်းဘုရားကျောင်းတွင် ယာယီဖွင့်လှစ်ထားသော တိုက်ပွဲရှောင်စခန်းသို့ ရောက်ရှိပြီး နေရပ်စွန့်ခွာလာရသော ပြည်သူများကို တွေ့ဆုံအားပေးစကား ပြောကြားသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာလာကြရသော ပြည်သူများစားဝတ်နေရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလိုအပ်ချက်များကို ကူညီထောက်ပံ့ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း၊ ထာဝရငြိမ်းချမ်းရေးအတွက် စားပွဲဝိုင်းအဖြေရှာမှုဖြင့် ညှိနှိုင်းပြီးမှုတသော အကျိုးရလဒ်ကောင်းရရှိရေးကို အစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ တိုက်ပွဲရှောင်ပြည်သူများ၏ ဆန္ဒသဘောထားများကို ရယူပြီးဆောင်ရွက်ရန်ရှိသည်များကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရ၏ ဆောင်ရွက်ချက်များကို ပြည်သူများ အားလုံးပူးပေါင်းဆောင်ရွက်ကြရန်လည်းတိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် လယ်ဘရော့ယန်၊ စိန့်ဒေါ မနစ်၊ မောနွေလဘုရားကျောင်းများရှိ တိုက်ပွဲရှောင်စခန်းများမှ ငါးနှစ်အောက်ကလေးငယ်များအတွက်

*စာမျက်နှာ ၃ ကော်လံ ၁* ◆

# မွန်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ဆက်လက်ကျင်းပ



**ရေး　မေ ၆**

မွန်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ဒုတိယနေ့) အဖြစ် အစုအဖွဲ့အလိုက် ဆွေးနွေးခြင်းများကို ယနေ့တွင် မွန်ပြည်နယ် ရေးမြို့နယ်ရှိ သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။ **(ဝဲပုံ)**

ဆွေးနွေးပွဲ ဒုတိယနေ့တွင် နိုင်ငံရေးကဏ္ဍအားအခြေခံမူ ၁၀ ချက်ကိုအခြေခံ၍ အဆိုပြုဆွေးနွေးခြင်းများကို ရေးမြို့ ပြည်သူ့အားကစားရုံ၌ လည်းကောင်း၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် အခြေခံရမည့် လူမှုရေးကဏ္ဍအား အခြေခံမူသုံးချက်ကို အခြေခံ၍ အဆိုပြုဆွေးနွေးခြင်းများကို အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ လည်းကောင်း၊ ဖက်ဒရယ်စီးပွားရေးဆိုင်ရာကဏ္ဍအား အခြေခံမူ ၁၀ ချက်ကို

*စာမျက်နှာ ၃ ကော်လံ ၁* ○

**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာအဖြစ် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၏ ဒုတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

**သတင်းသမားတစ်ယောက်က သတ္တိရှိရမယ်၊
အမှန်တရားကို ပြောရဲရမယ်၊
ကျင့်ဝတ်တွေလည်း လိုက်နာရမယ်**

စာ » ၇

**သမ္မတပူတင်ကို ဆန္ဒပြသည့် စုဝေးချီတက်မှုအပြီးတွင် ရုရှားဆန္ဒပြခေါင်းဆောင် နာဗယ်လ်နီလွတ်မြောက်**

စာ » ၁၄


KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ကရင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေး

**ဘားအံ မေ ၆**

စီမံကိန်းလုပ်ငန်းများအား ကရင်ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဦးဆောင်သော ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် EFD Group Co., Ltd. တို့သည် မေ ၆ ရက် နံနက် ၁၁ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး (အောက်ထပ်) အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ကြသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် EFD Group Co.,Ltd. ဥက္ကဋ္ဌ ဦးစိုင်းမျိုးဝင်းက ကရင်ပြည်နယ် ဘားအံမြို့နယ် သံလွင်မြစ် အနောက်ဘက်ကမ်း ဘားကပ်ကျေးရွာတွင် ဘားအံဆိပ်ကမ်း တည်ဆောက်ရေးလုပ်ငန်း၊ နိုင်ငံတကာ အဆင့်မီ အဆင့်မြင့်ဟိုတယ်တည်ဆောက်ရေးလုပ်ငန်း၊ ဘားအံမြို့နယ် မှိုင်းကံကျေးရွာအုပ်စုရှိ ကုမ္ပဏီ၏ စက်ရုံများ တည်ဆောက်ခြင်းအတွက် လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တင်ပြဆွေးနွေးခဲ့ပြီးနောက် လှိုင်းဘွဲ့မြို့နယ် ရှမ်းရွာသစ်မြို့ ရင်းဘိုင်ဒေသတွင် ဘိလပ်မြေစက်ရုံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းအား ဆောင်ရွက်နိုင်ရန် အဆိုပြုတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့်ဝန်ကြီးများ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများက အဆိုပါလုပ်ငန်းများနှင့် စပ်လျဉ်း၍ မရှင်းလင်းသည်များ၊ သိရှိလိုသည်များနှင့် လိုအပ်သည်များ ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



ထင်သာမြင်သာပြုပြင်စရာ

# ရွှေကူမြို့နယ်ရှိ အမတ်ကြီးကုန်းကျေးရွာချင်းဆက်လမ်း ပျက်စီးနေ၍ ပြုပြင်ပေးစေလို

ရွှေကူမြို့နယ် ကျောက်ကြီးကျေးရွာနှင့် အမတ်ကြီးကုန်း ကျေးရွာချင်းဆက်လမ်းသည် ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးတို့အတွက် အားကိုးအားထားပြုနေရပြီး နေ့စဉ်ကူးလူးဆက်သွယ်သွားလာနေသော လမ်းဖြစ်သည်။ ယခုအခါ အမတ်ကြီးကုန်းလမ်းပိုင်းသည် မေ ၂ ရက်က ရွာသွန်းသောမိုးကြောင့် လမ်းများပျက်စီးကာ ဒေသခံပြည်သူများ သွားလာရေးခက်ခဲနေရကြောင်း သိရသည်။



အဆိုပါလမ်းမှာ မိုးတွင်းကာလရောက်သည်နှင့် လွန်စွာဆိုးရွား၍ ကားနှင့် ဆိုင်ကယ်များ သွားလာ၍မရဘဲ ဆိုင်ကယ်များ မကြာခဏလမ်းချော်၍ တိမ်းမှောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ ကျောက်ကြီးမှ အမတ်ကြီးကုန်းကျေးရွာသို့ သွားရာ သုံးမိုင်ခန့်မှာ လမ်းကောင်း၍ သွားလာရအဆင်ပြေပြီး ကျန်လမ်းပိုင်းများမှာ မိုးတွင်းကာလတွင် သွားလာမရ ဖြစ်နေကြောင်း သိရသည်။

ဒေသခံပြည်သူများ အားကိုးအားထားပြုနေရသည့် အမတ်ကြီးကုန်းလမ်းအား အဆင်ပြေစွာသွားလာနိုင်ရေး သက်ဆိုင်ရာမှ အမြန်ဆုံး ပြန်လည်ပြုပြင်ပေးစေလိုကြောင်း ဒေသခံများက လိုလားလျက်ရှိသည်။ **လဘန်အောင်(ကချင်မြေ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၆-၅-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၃၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၈၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း (မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

| စက်သုံးဆီ | လက်လီဈေး | လက်ကားဈေး |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၅/၈၄၅ ကျပ် | ၈၂၀ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၄၅/၈၆၀ ကျပ် | ၈၂၈/၈၃၀ကျပ် |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၅ ကျပ် | ၇၈၀/၇၈၇ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၈၆၀ ကျပ် | ၈၂၀/၈၃၀ကျပ် |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၃ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၉ ·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၉ ·၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ၁၈၂၃ ·၇ |
| ဂျပန် | ၁၀၀ ယန်း | ၁၂၃၀ ·၄ |
| သြစတြေးလျ | တစ်ဒေါ်လာ | ၁၀၁၂ ·၆ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၃၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၁၄၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ၁၂၄ ·၇၂ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၄၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ ·၁၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

မြန်မာ့အလင်း

# ရှိုးစင်းလွယ်ကူသော နည်းလမ်းတို့၏ ကျယ်ပြန့်ကြီးမားသော ရလဒ်များ

မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံတို့၏ ကျေးလက်တောရွာတို့၌ ဖိုခုံလောက်ဆိုင်မီးဖိုတို့ကို ထင်းမီးဖြင့် အပူစွမ်းအင်ယူ ချက်ပြုတ်ကြသည်မှာ လုပ်ရိုးလုပ်စဉ်ကိစ္စတစ်ရပ် ဖြစ်ပါသည်။ အဆိုပါ ဖိုခုံလောက်ဆိုင်မီးဖိုတို့သည် အကာအပိတ်မရှိ၊ ဟင်းလင်းပြင်ဖြစ်၍ ထင်းမှ အပူစွမ်းအင်ကို ထိထိရောက်ရောက် ရယူနိုင်ခြင်းမရှိ၊ အပူစွမ်းအင်တို့ကို လေလွင့်ဆုံးရှုံးစေပါသည်။ ဖိုခုံလောက်ဆိုင် မီးဖိုမှ ထုတ်လွှတ်လိုက်သော မီးခိုးတို့သည် ကျေးလက်ပြည်သူတို့၏ ကျန်းမာရေးကိုထိခိုက်စေပါသည်။ အထူးသဖြင့် ကလေးငယ်များအပါအဝင် ချက်ပြုတ်ရသော အမျိုးသမီးများတို့၏ ကျန်းမာရေးကို ပိုမိုထိခိုက်စေပါသည်။

တန်ဇန်နီးယားနိုင်ငံ၌ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် တစ်ကြိမ်ထင်းကောက်လျှင် လေးနာရီမှ ခြောက်နာရီအထိ၊ တစ်ပတ်လျှင် နှစ်ကြိမ်မှ သုံးကြိမ်အထိ ထင်းရှာထွက်ကြရပါသည်။ အကြောင်းရင်းမှာ အကာအပိတ်မရှိသော ဟင်းလင်းပြင် ဖိုခုံလောက်ဆိုင်မီးဖိုတို့ကို အသုံးပြုသောကြောင့် ဖြစ်ပါသည်။ သို့သော် နည်းပညာသာရရှိပါက ကျေးလက်တောရွာတို့ရှိ ပစ္စည်းများဖြင့် အကာပါစွမ်းရည်မြင့် မီးဖိုတို့ကို အလွယ်တကူပြုလုပ်နိုင်ပါသည်။ စွမ်းရည်မြင့်မီးဖိုတို့သည် နေ့စဉ်ချက်ပြုတ်ရန်အတွက် ထင်းလိုအပ်ချက်ကို ငါးဆယ်ရာခိုင်နှုန်းခန့်အထိ လျှော့ချပေးနိုင်ပါသည်။ သို့ဖြစ်ပါ၍ အမျိုးသမီးကြီးငယ်တို့၏ ထင်းကောက်ရန် အသုံးပြုရသော အချိန်သည် ထက်ဝက်ခန့် သက်သာလျော့နည်းသွားမည် ဖြစ်ပါသည်။ ထို့အပြင် စွမ်းရည်မြင့်မီးဖိုတို့သည် ဖိုခုံလောက်ဆိုင်မီးဖိုများကဲ့သို့ မီးခိုးထွက်ခြင်းမရှိ၍ ကျေးလက်ပြည်သူတို့၏ ကျန်းမာရေးအား ထိခိုက်စေမှုကိုလည်း ပပျောက်စေပါသည်။ စွမ်းရည်မြင့် မီးဖိုနည်းပညာဆိုသည်မှာလည်း စနစ်တကျ သင်ကြားပြသပါက ရက်ပိုင်းအတွင်း တတ်မြောက်နိုင်သော နည်းပညာမျိုးဖြစ်ပါသည်။

ကမ္ဘာတစ်လွှား ၂ ဒသမ ၅ ဘီလီယံရှိသော ကျေးလက်ပြည်သူတို့သည် ထင်းကို မှီခိုချက်ပြုတ် စားသောက်ကြရပါသည်။ ထင်းမီးဖိုအား အကြောင်းပြုဖြစ်ပွားသော ရောဂါတို့ကြောင့် ကျေးလက်ပြည်သူ ၂ ဒသမ ၆ သန်း နှစ်စဉ်သေဆုံးကြရပါသည်။ အဆိုပါ သေဆုံးသူတို့အနက် အများစုသည် အမျိုးသမီးများနှင့် ကလေးသူငယ်များဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတို့၌ ထင်းကို နှစ်စဉ်တန်ချိန်သန်း ၇၃၀ အထိ အသုံးပြုကြပါသည်။ အဆိုပါ ထင်းမီးတို့မှ လေထုထဲသို့ လွှတ်ထုတ်လိုက်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ပမာဏသည် တန်ချိန်တစ်ဘီလီယံကျော်မျှအထိ ရှိပါသည်။ အထက်၌ ဖော်ပြထားသည့် အချက်တို့ကို ကြည့်ရှုမှုဖြင့် စွမ်းရည်မြင့်မီးဖိုတို့က ကမ္ဘာကြီးနှင့် လူသားတို့အတွက် ဖန်တီးပေးနိုင်သော ကောင်းကျိုးရလဒ်တို့ကို မှန်းဆပုံဖော်ကြည့်နိုင်မည် ဖြစ်ပါသည်။

**Spectrum** အဖွဲ့က ချင်းပြည်နယ်၌ အမျိုးသမီးတို့၏ အခန်းကဏ္ဍနှင့် စွမ်းရည်မြင့်မီးဖိုအကြောင်းကို လေ့လာခဲ့ပါသည်။ ချင်းပြည်နယ်၌ စွမ်းရည်မြင့်မီးဖိုတို့ကို ဝယ်ယူရရှိနိုင်သော်လည်း အမျိုးသမီးတို့က စွမ်းရည်မြင့်မီးဖိုတို့၏ ကောင်းကျိုးကို သေချာသိနားလည်ခြင်းမရှိ၍ ဝယ်ယူအသုံးပြုရန် စိတ်အားထက်သန်မှု နည်းပါးနေကြပါသည်။ စွမ်းရည်မြင့်မီးဖိုတို့၏ တန်ဖိုးသည် အများစုလက်လှမ်းမီသော အနေအထား၌ ရှိသည်ဖြစ်၍ ကုန်ကျစရိတ်ကြောင့် စွမ်းရည်မြင့်မီးဖိုတို့ကို အသုံးပြုရန် စိတ်အားထက်သန်မှု နည်းပါးနေခြင်းမဟုတ်သည်မှာ သေချာပါသည်။ စွမ်းရည်မြင့်မီးဖိုတို့ကို အသုံးပြုလိုစိတ် နည်းပါးခြင်းသည် စွမ်းရည်မြင့်မီးဖိုတို့မှ ရရှိသော အကျိုးရလဒ်တို့ကို ကောင်းစွာမသိရှိခြင်းကြောင့် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စွမ်းရည်မြင့်မီးဖိုတို့ကို ကျေးလက်တောရွာတို့၌ အလွယ်တကူရရှိနိုင်ရန် ဖန်တီးပေးမှုနှင့်အတူ ဤမီးဖိုတို့၏ အကျိုးရလဒ်တို့အား ကျေးလက်ပြည်သူလူထုကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနိုင်ပါက ကျယ်ပြန့်သည့် လူမှုစီးပွားရေးရလဒ်ကောင်းတို့ကို ဆုပ်ကိုင်နိုင်မည် ဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် ရိုးစင်းလွယ်ကူသော နည်းလမ်းတို့သည်လည်း တိုင်းပြည်၏ လူမှုစီးပွားရေးအခြေအနေကို ပြောင်းလဲမြှင့်တင်နိုင်စွမ်း ရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

**ကျွန်တော်တို့ရဲ့နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦး မှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့အလယ်မှာ ကျွန်တော်တို့နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

**ကျွန်မတို့အစိုးရရဲ့နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့၊ ပြည်တွင်း၊ ပြည်ပ မိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက်ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

◆ *ရှေ့ဖုံးမှ*

ထောက်ပံ့ငွေကျပ် ၅၇ သိန်း ၅ သောင်း၊ ကိုယ်ဝန်ဆောင် မိခင်များအတွက် ထောက်ပံ့ငွေကျပ် ၁၃သိန်း၊ မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေကျပ် ၁၇ သိန်း၊ အမျိုးသမီး အိမ်ထောင်ဦးစီး မိသားစုများအတွက် ထောက်ပံ့ငွေကျပ် သိန်း ၂၀ နှင့် ဆန်၊ ဆီ၊ ဆား၊ ပဲရိက္ခာ တစ်လစာတို့ကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စိန့်ပေါလု(RC) ဘုရားကျောင်းရှိ နေရပ်စွန့်ခွာလာသူပြည်သူများနှင့် တွေ့ဆုံကာအားပေးစကားပြောကြားသည်။

**ညှိနှိုင်းဆောင်ရွက်**

နေရပ်စွန့်ခွာလာကြသော ပြည်သူများက လိုအပ်ချက်များကို တင်ပြကြရာတွင် ကျောင်းဖွင့်ရာသီနီးလာပြီဖြစ်သဖြင့် ကလေးငယ်များ စာသင်ကြားခွင့်ရရှိရေး၊ နဂိုမူလနေရာတွင် ကျန်ရှိခဲ့သည့် ကျွဲ၊ နွား၊ တိရစ္ဆာန်များနှင့် စိုက်ပျိုးသီးနှံများ စနစ်တကျရှိစေရန်အတွက် ကူညီပေးပါရန် တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ကချင်ပြည်နယ် လူမှုရေးဝန်ကြီးဒေါက်တာသင်းလွင်တို့က ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် စိန့်ပေါလုဘုရားကျောင်းတွင် ခေတ္တခိုလှုံနေသော ကဆုန့်ကျေးရွာ တိုက်ပွဲရှောင်ပြည်သူများမှ အသက်ငါးနှစ်အောက် ကလေးသူများငယ်များအတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀၊ ကိုယ်ဝန်ဆောင် မိခင်များအတွက် ထောက်ပံ့ငွေကျပ်နှစ်သိန်း၊ မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေကျပ် နှစ်သိန်း၊ အမျိုးသမီးအိမ်ထောင်ဦးစီးမိသားစုများအတွက် ထောက်ပံ့ငွေကျပ်ခြောက်သိန်းနှင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ရိက္ခာတစ်လစာတို့ကို ထောက်ပံ့ပေးအပ်သည်။

**ထောက်ပံ့ပေးအပ်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ နောင်နန်းကျေးရွာ တြိနိတီဘုရားကျောင်းရှိ တိုက်ပွဲရှောင်ပြည်သူ များနှင့် တွေ့ဆုံအားပေးစကား ပြောကြားပြီး တိုက်ပွဲရှောင် ပြည်သူများမှ အသက်ငါးနှစ်အောက်ကလေးသူများအတွက် ထောက်ပံ့ငွေကျပ် ၆၆ သိန်း၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် ထောက်ပံ့ငွေကျပ် ၂၁ သိန်း၊ မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေကျပ် ၁၆ သိန်း၊ အမျိုးသမီးအိမ်ထောင်ဦးစီး မိသားစုများအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းငါးသောင်းနှင့် ဆန်၊ ဆီ၊ ဆား၊ ပဲရိက္ခာတစ်လစာတို့ကို ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တွေ့ဆုံ၍ လက်ရှိတိုက်ပွဲများကြောင့် အချို့နေရာများတွင် သွားလာမှုခက်ခဲမှုရှိသည့် ဘေးသင့်ပြည်သူများကို လုံခြုံသောနေရာများသို့ ပြောင်းရွှေ့နိုင်ရေး ပြည်ထောင်စုအစိုးရ၏ အစီအစဉ်ကို တပ်မတော်၊ ပြည်နယ်အစိုးရတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ရာ မန်ဝယ်ကျေးရွာမှ ပြောင်းရွှေ့ပေးရန် လိုအပ်သောပြည်သူ ၁၅၃ ဦးကို ပြည်နယ်အစိုးရ၏အစီအစဉ်ဖြင့် ကာမိုင်း၊ ဖားကန့်မြို့နယ်များရှိ အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ ပထမဦးစွာ ချောင်းဝကျေးရွာမှတစ်ဆင့် စက်လှေများဖြင့် ခေါ်ယူ၍ အင်းတော်ကြီး၊ ရွှေမဥ္ဇူ ဓမ္မာရုံတွင် ခေတ္တနေထိုင်စေ၍ နောက်ရက်တွင်၎င်းတို့လိပ်စာပေးထားသော ကာမိုင်းမြို့ နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ခေတ္တနေထိုင်ရေးနှင့်အချို့ကို ၎င်းတို့၏ မူလနေရာများသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ ထိုသူများ လတ်တလော စားသုံးရန်နှင့် အခြားလိုအပ်ချက်များကို လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက တစ်ပြိုင်တည်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

**လက်ဝယ်အရောက်ထောက်ပံ့**

ပြည်ထောင်စုဝန်ကြီးသည် တိုက် ပွဲရှောင်စခန်းများသို့ သွားရောက်တွေ့ဆုံအားပေးထောက်ပံ့ရာတွင် ကလေးငယ်များအား အာဟာရမုန့်များ ပေးဝေခြင်းနှင့် အသက် ၉၀ နှင့်အထက် အဘိုးအဘွားများကိုလည်း သီးခြားစီတွေ့ဆုံ၍ လက်ဝယ်အရောက်ငွေကြေးထောက်ပံ့ခြင်းများလည်း ဆောင်ရွက်ခဲ့ပြီးလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ခရီးစဉ်အတွင်း စုစုပေါင်းထောက်ပံ့ငွေကျပ် ၇၀၈၄၆၁၂၅ ဖြစ်ကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**




❍ *ရှေ့ဖုံးမှ*

အခြေခံ၍ အဆိုပြုဆွေးနွေးခြင်းများကို အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ လည်းကောင်း၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍအား အခြေခံ မူသုံးချက်ကိုအခြေခံ၍ အဆိုပြုဆွေးနွေးခြင်းများကို တစ်ပလ္လင်နှစ်ဆူဓမ္မာရုံ၌လည်းကောင်း ကိုယ်စားလှယ်အသီးသီးတို့က အစုအဖွဲ့အလိုက် ဆွေးနွေးခဲ့ကြသည်။ **(အောက်ပုံ)**

ယင်းဆွေးနွေးပွဲကိုမေ ၅ ရက်မှ စတင်ကာ သုံးရက်ကြာကျင်းပလျက်ရှိပြီး အစုအဖွဲ့အသီးသီးမှ ဆွေးနွေးပွဲကိုယ်စားလှယ်တော် ၅၀၀ တို့ တက်ရောက်ကာ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)မှ သတ်မှတ်ထားသည့်ဆွေးနွေးမှု ကဏ္ဍလေးရပ်အား သက်ဆိုင်ရာ အစုအဖွဲ့များအလိုက် ပေါင်းစပ်အဆိုပြု ဆွေးနွေးကြခြင်းဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ ဆက်)**




## မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်သည့် ပအိုဝ်းတိုင်းရင်းသားများ၏ အခန်းကဏ္ဍအကြောင်း ဆွေးနွေး

**သုဝဏ္ဏဝတီမြို့ မေ ၆**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ တောင်ကြားရပ်ကွက် သရဂ္ဂါရာမရွာကြားတိုက်ကျောင်းဓမ္မာရုံ၌ မေ ၆ ရက် မွန်းလွဲ ၂ နာရီက မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါ်နန်းစံဝင့်ခိုင်၏ ကြီးကြပ်မှုဖြင့် ပအိုဝ်းလူငယ်ကွန်ရက်က ဦးဆောင်ဖွင့်လှစ်သည့် Summer Youth Camp သို့ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) မှ ဒုဥက္ကဋ္ဌ ဦးခွန်မြင့်ထွန်းက လာရောက်၍ "မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်တဲ့ ပအိုဝ်းတိုင်းရင်းသားတို့၏ အခန်းကဏ္ဍ" ခေါင်းစဉ်နှင့် ပအိုဝ်းလူငယ်များအား လာရောက်ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုအရေးနှင့် အမျိုးသားအရေးတို့နှင့် နှိုင်းယှဉ်လျှင် ပြည်ထောင်စုအရေးကို ဦးစားပေးရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုအတွင်းမှ မည်သည့်အခါမှ ခွဲထွက်မည်မဟုတ်ကြောင်း၊ ဖက်ဒရယ်စနစ်ကိုတည်ဆောက်ရာမှာ နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ပေးရန် လိုအပ်ကြောင်း" ၎င်းက ပအိုဝ်းအမျိုးသား နိုင်ငံရေးသမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

"ပအိုဝ်းစာပေနဲ့ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာတွေအပြင် ပအိုဝ်းရိုးရာ ဓားသိုင်းအကကို အဓိကထား သင်ပေးပါတယ်၊ အင်္ဂလိပ်စာကိုလည်း မတတ်မဖြစ်တတ်ရမှာ ဖြစ်တဲ့အတွက် အင်္ဂလိပ်စာဆရာတွေကို ဖိတ်ခေါ်သင်ကြားပေးပါတယ်၊ မွန်ပြည်နယ်အတွင်းမှာရှိတဲ့ ပအိုဝ်းလူငယ်တွေ မတူညီတဲ့အရပ်မှာ နေထိုင်ကြတဲ့အတွက် အတွေ့ကြုံဖလှယ်ပြီး စုပေါင်းလုပ်ဆောင်တဲ့ အလေ့အကျင့် ရရှိလာစေအောင် ကျွန်တော်တို့ CSO အဖွဲ့အနေနဲ့ ၅ ကြိမ်မြောက်အဖြစ် မေ ၁ ရက်မှ ၂၀ ရက်အထိ လေ့ကျင့်သင်ကြားပေး သွားမှာပါ"ဟု ပအိုဝ်းလူငယ်ကွန်ရက်မှ အတွင်းရေးမှူးဖြစ်သူ ခွန်သက်မောင်မောင်က ပြောသည်။

အဆိုပါသင်တန်း Summer Youth Camp သို့ ပြည်နယ်အတွင်းရှိ ပအိုဝ်းလူငယ်သင်တန်းသား သင်တန်းသူ ၄၄ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

**မိုးဆက်လက် ထစ်ချုန်းရွာနိုင်**

**နေပြည်တော် မေ ၆-** နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# အဏ္ဏဝါရှင်မော်စေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်

**နေပြည်တော်  မေ  ၆**

၂၀၁၇ ခုနှစ် ဇွန် ၇ ရက်က တပ်မတော်သယ်ယူပို့ဆောင်ရေး လေယာဉ် Y-8 ပျက်ကျစဉ် ပါရှိသွားသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရည်စူး၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အမှူးပြုသော တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် တည်ထားကိုးကွယ်ခဲ့သည့် အဏ္ဏဝါရှင်မော် စေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားအား စေတီတော်တည်ရှိရာ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်ရှိ မြတ်ရှင်မော် စေတီတော်ပရိဝုဏ်အတွင်း ယမန်နေ့ နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယအမှူးပြုသော သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်း၊ အလှူရှင်များ၊ Y-8 မတော်တဆ ဖြစ်စဉ်၌ ဘဝတစ်ပါး ကူးပြောင်းသွားခဲ့ရသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ ကျန်ရစ်သူ မိသားစုဝင်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်ဩဝါဒါစရိယ ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး မေတ္တာသုတ် ပရိတ်တရားတော်များ နာယူကြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများအား ဇေယျဝတီကျောင်းတိုက် တိုက်အုပ်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး **(ဝဲပုံ)** တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများက သံဃာတော်အရှင်သူမြတ်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



**ပင့်ဆောင်တင်လှူ**

ထို့နောက် စေတီတော်ကြီး၏ ဌာပနာတိုက်အတွင်းသို့ ဌာပနာများထည့်သွင်းကြပြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ကြကာ သံဃာတော်အရှင်သူမြတ်များက စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စေတီတော်ကြီး၏ မော်ကွန်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး မဟာဗောဓိပင်အား စိုက်ပျိုးပေးကာ တံခွန်တိုင်တော်၊ ရှင်သီဝလိကျောင်းဆောင်တော်နှင့် ရှင်ဥပဂုတ္တကျောင်းဆောင်တို့အား အသီးသီးဖွင့်လှစ်ကြပြီး ခေါင်းလောင်းတော်အား ကိုးချက်တီး၍ ဖွင့်လှစ်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

# ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း၏ သဘာဝဓာတ်ငွေ့ထုတ်လုပ်ဖြန့်ဖြူးမှုအခြေအနေ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ကြည့်ရှုစစ်ဆေး

**နေပြည်တော်  မေ  ၆**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့သည် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့်အတူ မေ ၅ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံအနောက်ဘက် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-1 နှင့် A-3 တို့ရှိ ရွှေကမ်းလွန် သဘာဝဓာတ်ငွေ့စီမံကိန်း၏ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ရှင်းလင်းဆောင်တွင် စီမံကိန်းတာဝန်ရှိသူများက သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုအခြေအနေ၊ ပြည်ပသို့ တင်ပို့ရောင်းချနေမှုအခြေအနေ၊ ပြည်တွင်းသို့ ဖြန့်ဖြူးပေးနေမှုအခြေအနေများ၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများအား ရှင်းလင်းတင်ပြရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာပြီး နည်းပညာနှင့် လုပ်ငန်းအတွေ့အကြုံရရှိလာစေရေး အခွင့်အလမ်းများ ဆောင်ရွက်ပေးရန်နှင့် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး အထူးဂရုပြု ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် စီမံကိန်းလုပ်ငန်းခွင်အတွင်း သဘာဝဓာတ်ငွေ့ ထုတ်လုပ်နေမှုအခြေအနေနှင့် ထိန်းချုပ်ခန်းအတွင်း သဘာဝဓာတ်ငွေ့ထိန်းချုပ် ပို့လွှတ်ပေးနေမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



အဆိုပါ ရွှေကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းမှ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့ကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ Daewoo International Corporation၊ ONGC Videsh Ltd.၊ GAIL (India) Ltd.၊ Korea Gas Corporation တို့နှင့်အတူ China National United Oil Corporation မှ သဘာဝဓာတ်ငွေ့ တင်ပို့ခြင်းနှင့် ဝယ်ယူခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်က လက်မှတ်ရေးထိုးခဲ့ပြီး ၎င်းစီမံကိန်းမှ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့ကို ပြည်တွင်း၌ အသုံးပြုရန် ဖြန့်ဖြူးပေးနေသည့်အပြင် ကုဗပေသန်း ၄၀၀ အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အချင်း လက်မ ၄၀ ရှိ ဓာတ်ငွေ့ပိုက်လိုင်းဖြင့် နေ့စဉ် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



**မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ် ၂ ရဲလေ့ကျင့်ရေးကျောင်း(ဝက်ထီးကန်)၏ အခြေခံရဲတပ်သားသစ် သင်တန်းအမှတ်စဉ် ၃၁၁/၁၇ သီဟတပ်ခွဲ သင်တန်းဆင်းပွဲကို မေ ၄ ရက်က ကျင်းပရာ ကျောင်းအုပ်ကြီး ရဲမှူးကြီး ကျော်တေဇက ဆုရသင်တန်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။**

ခရိုင်(ပြန်/ဆက်)

# ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်အတွင်း၌ ကြက်ခြေနီရန်ပုံငွေဈေးပွဲတော် ကျင်းပ

**ရန်ကုန်  မေ  ၆**

ကြက်ခြေနီရန်ပုံငွေ ဈေးပွဲတော်ကို ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်အတွင်း၌ ကျင်းပလျက်ရှိရာ ဈေးပွဲတော်တွင် ပါဝင်သော ဖျော်ဖြေရေးအစီအစဉ်များကြောင့် လာရောက်ကြည့်ရှုသူများ များပြားလျက်ရှိသည်ကို တွေ့ရသည်။

ကြက်ခြေနီ စေတနာရှင်များ၏ လုပ်ကိုင် ဆောင်ရွက်နေမှုများအကြောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ တစ်နိုင်ငံလုံးတွင် ဆောင်ရွက်နေသော လုပ်ငန်းပြကွက်များ၊ သဘာဝဘေးအန္တရာယ်ရင်ဆိုင်ရပါက ကြက်ခြေနီလုပ်ငန်းများ၏ တုံ့ပြန်ဆောင်ရွက်မှုများအကြောင်းကို ပြည်သူလူထုအသိပညာရရှိနိုင်ရေးအတွက် ကြက်ခြေနီလှုပ်ရှားမှုပြခန်းများအဖြစ် ပြသထားပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲများမှ ရန်ပုံငွေရှာဖွေခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်သည်ကို တွေ့ရသည်။ ပြခန်းနှင့် ဆိုင်ခန်းများ ၃၅ ခန်း ပါဝင်ပြသရောင်းချလျက်ရှိသည်။

ဈေးပွဲတော် ကျင်းပရခြင်းအကြောင်းကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အရင်းအမြစ်များ စုစည်းအသုံးချရေးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုကျော်က "အသင်းရဲ့ ဆောင်ရွက်နေတဲ့ လူမှုကရုဏာလုပ်ငန်းတွေမှာ တစ်ဖက်တစ်လမ်းက ရန်ပုံငွေရရှိဖို့အတွက်နဲ့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ဆောင်ရွက်နေတဲ့ လူမှုကရုဏာလုပ်ငန်းတွေကိုလည်း ပြည်သူလူထုကို ကျယ်ကျယ်ပြန့်ပြန့် သိစေချင်တဲ့အတွက် အခုလိုကျင်းပဖြစ်တာပါ"ဟု ရှင်းပြသည်။




မေ ၅ ရက်နှင့် ၆ ရက်များတွင် ကျင်းပခဲ့သည့် ဈေးပွဲတော်အတွင်း နံနက် ၁၀ နာရီမှ ည ၇ နာရီအထိ၊ မျက်လှည့်ပညာရှင်များ၏ ဖျော်ဖြေမှုများ၊ ဟာသလူရွှင်တော်များ၏ ဖျော်ဖြေမှုများ၊ ဆပ်ကပ်ပညာရှင်များ၏ တင်ဆက်မှုများနှင့်အတူ အဆိုတော်များကလည်း ရွှေသံစဉ်တီးဝိုင်းနှင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**သတင်း - ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ၏ ဂုဏ်ပြုညစာစားပွဲ ကျင်းပ

**နေပြည်တော် မေ ၆**

(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများညီလာခံ၏ ညစာစားပွဲကို မေ ၄ ရက် ည ၇ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပခဲ့ရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်၍ အမှာစကားပြောကြားသည်။

ညစာစားပွဲသို့ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ IFLA ဥက္ကဋ္ဌ၊ တတိယအကြိမ် အမှုဆောင်အဖွဲ့အစည်းအဝေး၊ (၂၆)ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသမှ အမျိုးသားစာကြည့်တိုက်များ၏ ညွှန်ကြားရေးမှူးများ ညီလာခံနှင့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံသို့ တက်ရောက်လာကြသော နိုင်ငံတကာမှ စာကြည့်တိုက်မှူးများ၊ ပြခန်းနှင့် ပိုစတာ ခင်းကျင်းပြသသူများ၊ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းမှ နာယကများနှင့် အသင်းသားများ၊ စေတနာ့ဝန်ထမ်းလုပ်အားပေးများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲတွင် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အက ပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် မေ ၆**

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီ၊ မြင်းမူမြို့ မြင်းခြံမြို့ အောင်လံမြို့ ဆင်ဖြူကျွန်းမြို့ ဖြူးမြို့နှင့် ဘော်လခဲမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပေါင်မြို့တွင် ၂ ဒသမ ၁၇ လက်မ ၊ ကျောက်တော်မြို့တွင် ၁ ဒသမ ၆၉ လက်မ ၊ သထုံမြို့တွင် ၁ ဒသမ ၁၈ လက်မ ၊ ဇန်းမော်မြို့တွင် ၀ ဒသမ ၉၈ လက်မ၊ ချောင်းဆုံမြို့တွင် ၀ ဒသမ ၉၁ လက်မ၊ ကသာမြို့နှင့် ပုသိမ်မြို့တို့တွင် ၀ ဒသမ ၈၇ လက်မစီ၊ မြောက်ဦးမြို့နှင့် ကျိုက္ခမီမြို့တို့တွင် ၀ ဒသမ ၆၇ လက်မစီ၊ ဟုမ္မလင်းမြို့နှင့် ကျိုက်မရောမြို့တို့တွင် ၀ ဒသမ ၅၉ လက်မစီနှင့် မချမ်းဘောမြို့တွင် ၀ ဒသမ ၅၅ လက်မတို့ဖြစ်ကြသည်။ **မိုး/ဇလ**



# မန္တလေးမြို့ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် အလုပ်သမားဆေးရုံတို့အား ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

**မန္တလေး မေ ၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် မေ ၅ ရက် နံနက် ၁၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေးနှင့် အထက်မြန်မာပြည်ရှိ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အလုပ်သမားများ တက်ရောက်နိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊ ကျွမ်းကျင်လုပ်သားများ ပေါ်ထွန်းလာရေးအတွက် တိုင်းဒေသကြီး အစိုးရနှင့် အခြားဌာနများ၊ ပြင်ပကုမ္ပဏီများနှင့် ချိတ်ဆက်ပူးပေါင်းဖွင့်လှစ်ဆောင်ရွက်နိုင်ရေး မှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ချမ်းအေးသာစံမြို့နယ် စုပေါင်းရုံးဝင်းအတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး မနော်ဖြူခန်းမ၌ တိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ ဝန်ထမ်းများအားတွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် ပြည်သူ့အပေါ် ဆက်ဆံရေးကောင်းမွန်ပြီး လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှု ကင်းရှင်းရေးအတွက် အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ဌာန၏ လုပ်ငန်းများသည် ဥပဒေ လုပ်ထုံးလုပ်နည်းများအပေါ် အခြေခံဆောင်ရွက်ရသဖြင့် လုပ်ငန်းကျွမ်းကျင် ပိုင်နိုင်ရေးနှင့် တစ်ဦးချင်း စွမ်းဆောင်ရည်မြင့်မားရေးအတွက် အစဉ်လေ့လာဆည်းပူး ဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း စိစစ်မှုကြောင့် ကြန့်ကြာသင့်သည်ထက် ကြန့်ကြာမှုမရှိအောင် အချိန်နှင့် တစ်ပြေးညီ ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ ဖြစ်ပေါ်ပြောင်းလဲနေသော ခေတ်စနစ်ကို မျက်ခြည်ပြတ်မခံဘဲ လေ့လာသုံးသပ် ဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ထမ်းအချင်းချင်း အထက်အောက် အပြန်အလှန်လေးစားယုံကြည်မှုဖြင့် ပေးအပ်သော တာဝန်များကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အောင်မြေသာစံမြို့နယ်ရှိ မန္တလေး အလုပ်သမားဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်းရှိ ဆေးသိုလှောင်ခန်းများ၊ ပြင်ပလူနာဌာနနှင့် ဆေးကုသရေးဆိုင်ရာဌာနများ၊ ခွဲစိတ်ခန်းနှင့် ခွဲစိတ်ခန်းအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူနာဆောင်များ၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသည့် လူနာများအား လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားကာ တာဝန်ရှိသူများနှင့်အတူ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် မေ ၅ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေ ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ တံတားနှင့် အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီးလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေကို လည်းကောင်း၊ မကွေး-တောင်တွင်းကြီး လမ်းပေါ်တွင် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၃)မှ တည်ဆောက်နေသော အရှည် ပေ ၂၄၀၊ တံတားအမှတ် (၁/၂၉၃) တောင်ဦး သံကူကွန်ကရစ်တံတားသစ်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ရောဝတီတံတား(မလွန်) ကြံခိုင်မှု အခြေအနေကို လည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သရက်မြို့နယ် ကြီးတိုင်း-ညောင်ဇစ်-မြောက်ဘောလမ်း ၂ မိုင် ၄ ဖာလုံ ဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း အဆိုပါလမ်းပေါ်တွင် မကြာမီဖွင့်လှစ်တော့မည့် ဂျပန်အခြေခံအဆောက်အအုံ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JIP) ၏ စီမံမှုဖြင့် ဂျပန်နိုင်ငံ အစိုးရနှင့် ပြည်သူတို့၏ အသေးစား စီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ တည်ဆောက်ထားသည့် တေဇ တံတားအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် သရက်မြို့ ပြည်တော်အေးရပ်ကွက် ရုံးကြီးလမ်း၌ မကွေးတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာ ရှစ်ခန်းတွဲ ခြောက်ထပ် RC အဆောက်အအုံ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီရေး အထူးအလေးထား ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ရောဝတီမြစ်ကို ဖြတ်ကျော်ကာ အောင်လံမြို့နှင့် သရက်မြို့တို့ကို ဆက်သွယ်တည်ဆောက်မည့် အောင်လံ-သရက် တံတား လျာထားနေရာ ရွေးချယ်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညနေပိုင်းတွင် သရက်-မင်းတုန်းလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေကို လည်းကောင်း၊ မိုင်တိုင်အမှတ် ၂၀/၇ နှင့် ၂၂/၀ ကြား လမ်းတာပြိုကျမှုအား MACCAFERRI Material နည်းအသုံးပြု၍ မြေကာနံရံတည်ဆောက်မှုအခြေအနေကို လည်းကောင်း၊ ပုသိမ်-မုံရွာလမ်းမကြီး (မင်းတုန်း-ပဒါန်းအပိုင်း) ပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် အဆိုပါ လမ်းအပိုင်းကို ဆက်သွယ်သည့် ရွာသာယာ-မင်းတပ်ကျေးလက်လမ်းတို့အား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# တိုင်းသုံးတိုင်းတို့တွင် နေရာအသီးသီး၌ တစ်ပြိုင်တည်း ငြိမ်းချမ်းပါစေမြန်မာပြည် ကမ်ပိန်းပြုလုပ်

**မကွေး မေ ၆**

တိုင်း သုံးတိုင်းတို့တွင် နေရာအသီးသီး၌ ဒေသတွင်း ငြိမ်းချမ်းခြင်းမှသည် မြန်မာပြည်တစ်ဝန်း ငြိမ်းချမ်းခြင်းဆီကို ရှေးရှုလျက် “ငြိမ်းချမ်းပါစေ မြန်မာပြည်” ကမ်ပိန်းတစ်ခုကို မေ ၆ ရက် နံနက်ပိုင်းတွင် ပြုလုပ်ခဲ့သည်ဟု ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ မကွေးတိုင်းဒေသကြီး တာဝန်ခံ ဦးကိုကိုနိုင်ထံမှ သိရသည်။

မကွေးတိုင်းဒေသကြီး အတွင်းမှ ချောက်၊ ရေနံချောင်း၊ မင်းဘူး၊ မကွေး ပခုက္ကူ၊ ရေစကြို၊ အောင်လံမြို့ခုနစ်မြို့မှာ လက်ကမ်းစာစောင်များ ဝေငှခြင်း ပြုလုပ်၍ တစ်မြို့နယ်လျှင် လက်ကမ်း စာစောင် အစောင်ရေ ၁၀၀၀ ဝေငှသွား သည်ဟု ၎င်းက ပြောသည်။

“လူမှုကွန်ရက်ပေါ်မှာ ချိုသာသော စကားများကို ငြိမ်းချမ်းစွာပြောဆိုခြင်း ဖြင့် တိုင်းပြည်ငြိမ်းချမ်းရေး ဒေသတွင်း ငြိမ်းချမ်းရေးကို ဝိုင်းဝန်းထိန်းသိမ်း ကူညီရန်အတွက် ဒီရည်ရွယ်ချက်နဲ့ ပြုလုပ်မှာဖြစ်ပါတယ်” ဟု ဦးကိုကိုနိုင်က ပြောသည်။



ယင်း ကမ်ပိန်းပြုလုပ်ခြင်းကို ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်း လူ့အဖွဲ့အစည်းနှင့် အရပ်ဘက်အဖွဲ့ အစည်းအချို့က ပူးပေါင်းပါဝင် ဆောင်ရွက်သွားခြင်း ဖြစ်သည်ဟု ကမ်ပိန်းပြုလုပ်သည့် အမျိုးသမီး တစ်ဦးက ဆိုသည်။

“ဒီလို ကမ်ပိန်းတွေ ပြုလုပ်ပေးခြင်းအားဖြင့် တစ်ဦးနဲ့တစ်ဦး မေတ္တာတရားတွေနဲ့ အပြန်အလှန် ဆက်ဆံလာရင် ငြိမ်းချမ်းရေးဆိုတာ မဝေးတော့ပါဘူး၊ အဓိကကတော့ မေတ္တာတရားနဲ့ ရေရှည်ဆက်ဆံကြဖို့ လိုအပ်ပါတယ်”ဟု ၎င်းက ပြောသည်။

မကွေးတိုင်းဒေသကြီး မကွေး၊ အောင်လံ၊ ရေစကြို၊ ရေနံချောင်း၊ ပွင့်ဖြူ (ရှောက်တော)၊ ပဲခူးတိုင်းဒေသကြီး ပဲခူး၊ ရွှေကျင်၊ တောင်ငူ၊ ပြည်၊ ညောင်တုန်း ကန်ကြီးထောင့်နှင့် ရောဝတီတိုင်းရှိ အခြားသော မြို့နယ်အသီးသီးမှ ငြိမ်းချမ်းမှုကိုလိုလားသော အရပ်ဘက် အဖွဲ့အစည်းများက “ငြိမ်းချမ်းပါစေ မြန်မာပြည်”ဟူသော ကမ်ပိန်းများကို ပြုလုပ်ခဲ့ကြသည်ဟု သိရသည်။

**ဇွဲထက်ရှင်**

# ၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဇီဝဗေဒဘာသာရပ် မေးခွန်းပုံစံသစ်မိတ်ဆက်

ဒေါက်တာသီတာလေးသွယ်၊ ပါမောက္ခ(ဌာနမှူး)
သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

ပညာရေးဝန်ကြီးဌာနသည် ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ သင်ယူတတ်မြောက်မှု အရည်အသွေးအခြေအနေကို ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းဖြင့် ဆန်းစစ်ရာတွင် ပိုမိုထိရောက်မှုရှိစေရန် စာမေးပွဲမေးခွန်းလွှာပုံစံ ပြောင်းလဲခြင်းကိုလည်း ဆောင်ရွက်နေပါသည်။ စာမေးပွဲမေးခွန်းလွှာသည် ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အခြေအနေကို တိုင်းတာသိရှိနိုင်သည့် နည်းလမ်းတစ်ခုဖြစ်သည့်အလျောက် သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးတွင် အဓိက အစိတ်အပိုင်းတစ်ခုဖြစ်သည့်အပြင် ဆရာ ဆရာမများ၏ သင်ကြားပို့ချမှုကိုလည်း ပိုမိုကောင်းမွန်စေရန် အားပေးမှု ပြုနိုင်ပါသည်။

### သင်ယူတတ်မြောက်မှု အရည်အသွေး

ဇီဝဗေဒဘာသာရပ်၏ မေးခွန်းပုံစံသစ်သည် ပညာရေးဝန်ကြီးဌာန၏ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးဦးတည်ချက်နှင့် လိုက်လျောညီထွေစွာ ကျောင်းသား ကျောင်းသူများ အလွတ် ကျက်မှတ်ဖြေဆိုမှု လျော့ပါးစေရေး၊ စဉ်းစားတွေးခေါ်မြော်မြင်မှု (Critical thinking) အရည်အသွေးရရှိရန်နှင့် ထိုအရည်အသွေးများ ပိုမိုကောင်းမွန်လာစေရန် ပြောင်းလဲထားခြင်း ဖြစ်ပါသည်။

### နှိုင်းယှဉ်ဖော်ပြထား

ပြောင်းလဲသည်ဟုဆိုရာတွင် ကျောင်းသား ကျောင်းသူများ အခက်အခဲမရှိစေရန် ဂရုပြုလျက် ယခင်မေးခွန်းပုံစံကို အခြေခံ၍ ပိုမိုကောင်းမွန်ပြီး ကျောင်းသား၊ ကျောင်းသူ အရည်အသွေးအလွှာစုံအတွက် ကြိုးစားဖြေဆိုနိုင်ရန် အခွင့်ရှိသော မေးခွန်းပုံစံသစ်ကို ဖြည့်စွက်ပြုပြင်ပြောင်းလဲခြင်းဖြစ်ပါသည်။ ယခင်မေးခွန်းပုံစံနှင့် မေးခွန်းပုံစံသစ်တို့ကို ဇယား(၁)တွင် နှိုင်းယှဉ်ဖော်ပြထားပါသည်။

### ဇယား (၁) ယခင်မေးခွန်းပုံစံနှင့် မေးခွန်းပုံစံသစ် နှိုင်းယှဉ်ခြင်း

| ယခင်မေးခွန်းပုံစံ | | | မေးခွန်းပုံစံသစ် | | |
|---|---|---|---|---|---|
| Q No. | Question Type | Mark | Q No. | Question Type | Mark |
| 1 | State **TRUE** or **FALSE** to the following statements. Do not copy the statements. (1 mark X **20** statements) | **20 marks** | 1 | State **TRUE** or **FALSE** to the following statements. Do not copy the statements. (1 mark X 10 statements) | **10 marks** |
| | - | | 2 | **Choose the correct answer** for the following statements. Do not copy the statements. (1 mark X **10** statements) | **10 marks** |
| 2 | **Complete** the following statements with appropriate words. Do not copy the statements. (1 mark X **20** statements) | **20 marks** | 3 | **Complete** the following statements with appropriate words. Do not copy the statements. (1 mark X **10** statements) | **10 marks** |
| 3 | Answer **ALL** questions. (2 marks X **6** questions) Given a., b., c., d., e., f. | **12 marks** | 4 | Answer **ALL** questions. (2 marks X 5 questions) Given a., b., c., d., e. | **10 marks** |
| 4 | Answer **ANY FOUR** questions. (**4 marks** X 4 questions) Given a., b., c., d., e. | **16 marks** | 5 | Answer **ANY FOUR** questions. (**5marks** X 4 questions) Given a., b., c., d., e. | **20 marks** |
| 5 | Answer **ANY FOUR** questions. (**8 marks** X 4 questions) Given a., b., c., d., e., f. | **32 marks** | 6 | Answer **ANY FOUR** questions. (**10 marks** X 4 questions) Given a., b., c., d., e., f. | **40 marks** |
| | **Total** | **100 marks** | | | **100 marks** |

### မေးခွန်းပုံစံသစ်

မေးခွန်းပုံစံသစ်တွင် မေးခွန်းအမှတ်စဉ် (Question No. 1 - 6) စုစုပေါင်း (၆) ခု ပါဝင်ပါသည်။

✻ **Question No.1** တွင် အမှား၊အမှန် (TRUE or FALSE) ဖြေဆိုရသော ပုဒ်ခွဲငယ် (၁၀) ခု (i to x) ကို တစ်ခုလျှင် (၁) မှတ် နှုန်းဖြင့် ပေးမှတ် (၁၀) မှတ်ဖြစ်ပါသည်။

✻ **Question No.2** တွင် အဖြေမှန် (correct answer) ရွေးချယ်ရသည့် (Multiple chocie) ပုဒ်ခွဲငယ် (၁၀) ခု (i to x) ကို တစ်ခုလျှင် (၁) မှတ်နှုန်းဖြင့် ပေးမှတ် (၁၀) မှတ် ဖြစ်ပါသည်။ ပုဒ်ခွဲငယ်တစ်ခုလျှင် ရွေးချယ်ရန် စကားလုံး (၄) လုံးကို (a, b, c, d) ဟူ၍ ကွင်းထဲတွင်ပေးထားမည်ဖြစ်ပြီး အဖြေမှန် (correct answer) ပုဒ်ခွဲငယ် (a သို့ b သို့ c သို့ d) ကို ပုဒ်ခွဲငယ်နံပါတ် (i to x) နှင့်အတူ ဖော်ပြဖြေဆိုရမည် ဖြစ်ပါသည်။ အဖြေမှန်ကို ပြန်လည်ကူးယူပေးရန် မလိုပါ။

✻ **Question No.3** တွင် ကွက်လပ်ဖြည့်ခြင်းအတွက် ပုဒ်ခွဲငယ် (၁၀) ခု (i to x) ကို တစ်ခုလျှင် (၁) မှတ်နှုန်းဖြင့် ပေးမှတ် (၁၀) မှတ်ဖြစ်ပါသည်။

✻ **Question No.4** တွင် 'Answer **ALL** questions.' ဟူ၍ ပုဒ်ခွဲငယ် (၅) ခုအတွက် ပုဒ်ခွဲငယ်တစ်ခုလျှင် (၂)မှတ်ဖြင့် စုစုပေါင်း (၅) ပုဒ်အတွက် ပေးမှတ် (၁၀) မှတ် ဖြစ်ပါသည်။ ရွေးချယ်ခွင့်အဖြစ် ပုဒ်ခွဲငယ် d နှင့် f အသီးသီးကို (or) ခံ၍ မေးခွန်းတစ်ပုဒ်စီ ထပ်မံပေးထားပါမည်။

✻ **Question No.5** တွင် 'Answer ANY FOUR questions.' ဟူ၍ (a, b, c, d, e) ဟု ပုဒ်ခွဲငယ် (၅) ပုဒ်ကို တစ်ပုဒ်လျှင် (၅) မှတ်နှုန်းဖြင့် နှစ်သက်ရာ (၄)ပုဒ် စုစုပေါင်း ပေးမှတ် အမှတ်(၂၀)အတွက် ရွေးချယ်ဖြေဆိုရန် မေးထားပါမည်။ ရွေးချယ်ခွင့်အနေဖြင့် မေးခွန်းပုဒ်ခွဲငယ်တစ်ခု (ပုဒ်ခွဲငယ် e)ကို ထည့်ပေးထားပြီး ပုဒ်ခွဲငယ် d နှင့် e အသီးသီး အတွက် (or) ခံ၍ မေးခွန်းတစ်ပုဒ်စီ ထပ်မံမေးထားပါမည်။

✻ **Question No.6** တွင် **'Answer ANY FOUR questions.'** ဟူ၍ (a, b, c, d, e, f ) ဟု ပုဒ်ခွဲငယ်(၆) ပုဒ် ပေးထားမည်ဖြစ်ပြီး မိမိနှစ်သက်ရာ (၄)ပုဒ်ကို ရွေးချယ်ဖြေဆိုမှုအတွက် တစ်ပုဒ်လျှင် (၁၀)မှတ်နှုန်းဖြင့် စုစုပေါင်း ပေးမှတ် အမှတ် (၄၀) ဖြစ်ပါသည်။ ရွေးချယ်ခွင့်အဖြစ် ပုဒ်ခွဲငယ် (၂) ပုဒ် (e, f) ကို ထားရှိပြီး ပုဒ်ခွဲငယ်အသီးသီးအတွက် (or) ခံ၍ မေးခွန်းတစ်ပုဒ်စီ ပေးထားပါမည်။

မေးခွန်းပုံစံသစ်တွင် မေးခွန်းအမှတ်စဉ် (Question No. 1 - 6) ရှိရာ မေးခွန်းတိုင်းကို ဇီဝဗေဒဘာသာရပ် (Biology) ပြဋ္ဌာန်းစာအုပ်ပါ အခန်း ၁ မှ ၁၂ (Chapter 1 - 12) အစဉ်လိုက် ပါဝင်စေမည်ဖြစ်ပြီး ဇီဝဗေဒဘာသာရပ်တွင် အကျုံးဝင်သည့် ရုက္ခဗေဒနှင့် သတ္တဗေဒဘာသာရပ် အသီးသီးကို မျှတစွာဖွဲ့စည်းတည်ဆောက်ပေးမည်ဖြစ်ပါသည်။ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာများ၏ အနှစ်ချုပ် (SUMMARY) မှ မေးခွန်းထုတ်မည်မဟုတ်ပါ။ မေးခွန်းများသည် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မား၍ စဉ်းစားတွေးခေါ်မြော်မြင်နိုင်မှု အရည်အသွေးကောင်းမွန်မှုကို ဦးတည်သည့်နည်းတူ အရည်အသွေးအမျိုးမျိုးသော ကျောင်းသား၊ ကျောင်းသူများအတွက် လွယ်ကူလွန်းခြင်း၊ ခက်ခဲလွန်းခြင်းမရှိစေဘဲ မိမိအရည်အချင်းအလိုက် ဖြေဆိုရန် လျော်ညီသော မေးခွန်းအမျိုးမျိုး ပါဝင်မည် ဖြစ်ပါသည်။ မေးခွန်းပုံစံသစ်ကို ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများသည် မေးခွန်းနှင့်ကိုက်ညီသော ဖြေဆိုမှုပုံစံဖြင့် ဖြေဆိုကြရန် သတိပြုစေချင်ပါသည်။ ဆိုလိုသည်မှာ မိမိက ပြဋ္ဌာန်းစာအုပ်မှ အပိုဒ်အလိုက် အလွတ်ကျက်မှတ်ပြီး ကျက်ထားသည့်အတိုင်း စာပိုဒ်ကို ရေးချဖြေဆိုခြင်းမဟုတ်ဘဲ မေးခွန်းအသွားအလာတွင် မူတည်၍ ဆီလျော်သည့်ဖြေဆိုမှု (ဥပမာ - အလွတ်ကျက်မှတ်ထားသည့် စာပိုဒ်တွင် ပါဝင်သည့် အကြောင်းအရာအလိုက် သီးခြားခေါင်းစဉ်ငယ်ဖြင့် ထုတ်နုတ်ဖြေဆိုပြနိုင်ခြင်း)ကို ပြုလုပ်ရမည် ဖြစ်ပါသည်။ သို့မှသာ မိမိတို့၏ သင်ယူတတ်မြောက်မှု၊ မေးခွန်းကို သဘောပေါက်နားလည်မှုနှင့် စဉ်းစားတွေးခေါ်မြော်မြင်နိုင်မှု အရည်အသွေးများ ပေါ်လွင်စေမည်ဖြစ်ပါသည်။

### အဓိကသတိပြုရမည့်အချက်များ

ယခု မေးခွန်းပုံစံသစ်နှင့်စပ်လျဉ်း၍ အဓိကသတိပြုရမည့် အချက်များကို ထုတ်နုတ်ဖော်ပြရလျှင် -

(၁) မေးခွန်းအမှတ်စဉ် (၂) တွင် အဖြေမှန် (correct answer) ရွေးချယ်ခြင်း (Multiple choice) မေးခွန်းပုံစံသစ် တိုးလာခြင်း၊

(၂) မေးခွန်းအမှတ်စဉ် (၅) (ယခင် အမှတ်စဉ် ၄) တွင် ယခင်ပေးမှတ် တစ်ပုဒ်လျှင် (၄)မှတ်မှ ယခု မေးခွန်းပုံစံသစ်တွင် ပေးမှတ်တစ်ပုဒ်လျှင် (၅) မှတ်သို့ ပြောင်းလဲထားခြင်း၊

(၃) မေးခွန်းအမှတ်စဉ် (၆) (ယခင် အမှတ်စဉ် ၅) တွင် ယခင်ပေးမှတ် တစ်ပုဒ်လျှင်(၈)မှတ်မှ ယခု မေးခွန်းပုံစံသစ်တွင် ပေးမှတ်တစ်ပုဒ်လျှင် (၁၀) မှတ်သို့ ပြောင်းလဲထားခြင်းတို့ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မေးခွန်းအမှတ်စဉ် (၅)နှင့် (၆) အတွက် ပေးမှတ်နှင့်လျော်ညီသော ဖြေဆိုမှုပြုနိုင်ရန် လိုအပ်ပါသည်။

မေးခွန်းပုံစံသစ်သည် အလွတ်ကျက်မှတ်ခြင်းကို လိုအပ်သည်ထက်ပို၍ မကျင့်သုံးရန်၊ ကျောင်းသား၊ ကျောင်းသူများ၏ စဉ်းစားတွေးခေါ်မြော်မြင်နိုင်မှု အရည်အသွေးကို လေ့ကျင့်ပေးရန်နှင့် ဖော်ထုတ်ပေးရန်ရည်ရွယ်ပါသည်။

စဉ်းစားတွေးခေါ်မျှော်မြင်နိုင်မှု အရည်အသွေးသည် စိတ်ကူးသစ်များ ရရှိနိုင်ခြင်း၊ သင့်လျော်မှန်ကန် ကောင်းမွန်သော ဆုံးဖြတ်ချက်ကို ချနိုင်ခြင်း၊ ထိုးထွင်းသိမြင် တီထွင်ကြံဆနိုင်သည့် အရည်အသွေးကို နှိုးဆွပေးနိုင်ခြင်း စသည်တို့ကို အထောက်အပံ့ပြုပါသည်။ မည်သည့်ပညာရပ်ကို လေ့လာသည်ဖြစ်စေ၊ မည်သည့်အလုပ်အကိုင်ကို လုပ်ကိုင်သည်ဖြစ်စေ၊ မည်သည့်စီမံခန့်ခွဲမှုကို ပြုသည်ဖြစ်စေ၊ စဉ်းစားတွေးခေါ်မြော်မြင်နိုင်မှု မြင့်မားသည်နှင့်အမျှ ကောင်းမွန်သောအလုပ်ပြီးမြောက်မှုနှင့် အောင်မြင်မှုများ ရရှိပါလိမ့်မည်။

သို့ပါ၍ ကျောင်းသား၊ ကျောင်းသူများ စဉ်းစားတွေးခေါ်မြော်မြင်နိုင်မှု မြင့်မားလာစေရေး လေ့ကျင့်ပေးရန်နှင့် ကျောင်းသား၊ ကျောင်းသူများ၏ စဉ်းစားတွေးခေါ်မြော်မြင်နိုင်မှု အရည်အသွေးကို ဖော်ထုတ်ပေးနိုင်ရန် အတွက် (၂၀၁၉) ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက် မေးခွန်းပုံစံသစ်ကို ယခင်မေးခွန်းပုံစံတွင် အခြေခံ၍ လိုအပ်သလို အနည်းငယ် ပြုပြင်ပြောင်းလဲထားပါကြောင်းနှင့် နမူနာမေးခွန်းပုံစံကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် (၁၀-၅-၂၀၁၈) ရက်နေ့မှစ၍ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

**ဇီဝဗေဒဘာသာရပ်၏ မေးခွန်းပုံစံသစ်သည် ပညာရေးဝန်ကြီးဌာန၏ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သင်ယူတတ်မြောက်မှု အရည်အသွေး မြင့်မားရေးဦးတည်ချက်နှင့် လိုက်လျောညီထွေစွာ ကျောင်းသား ကျောင်းသူများ အလွတ်ကျက်မှတ်ဖြေဆိုမှု လျော့ပါးစေရေး၊ စဉ်းစားတွေးခေါ်မြော်မြင်မှု (Critical thinking) အရည်အသွေးရရှိရန်နှင့် ထိုအရည်အသွေးများ ပိုမိုကောင်းမွန်လာစေရန် ပြောင်းလဲထားခြင်းဖြစ်**

✻ ကျောဖုံးမှ

**"သတင်းလွတ်လပ်ခွင့်တိုက်ပွဲများ"** စာတမ်းနှင့် ဦးနိုင်မောင်၊ ဦးကြည်နိုင်(MWU)တို့က **"မျက်မှောက်ခေတ် သတင်းမီဒီယာလောကကို တစေ့တစောင်း အကဲခတ်ခြင်း"** စာတမ်းကို ဖတ်ကြားကြသည်။

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ သဘာပတိများအဖြစ် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ဒေါက်တာတင်ထွန်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ဦးခိုင်မြတ်ကျော်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီတွဲဖက်အတွင်းရေးမှူး(၁) ဒေါ်သင်းသင်းသာတို့က ဆောင်ရွက်ကြပြီး စာတမ်းရှင်များနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် စာတမ်းရှင် ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)(MWA)က **"သတင်းသမားများနှင့် မီဒီယာကျင့်ဝတ်"** စာတမ်း၊ ဦးချစ်ဝင်းမောင်(MJU)က **"NLD အစိုးရလက်ထက် မြန်မာ့သတင်းမီဒီယာလွတ်လပ်မှု အခြေအနေကို လေ့လာသုံးသပ်ခြင်း"** စာတမ်းနှင့် ဦးဇေယျ(သားကြီးမောင်ဇေယျ)က **"ရခိုင်ပြည်နယ်အရေးနှင့် ငြိမ်းချမ်းရေး သတင်းစာပညာအသုံးအနှုန်း"** စာတမ်းများကို ဖတ်ကြားကြသည်။

ယင်းနောက် စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများက သိလိုသည်များ ကို မေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြပြီး စာတမ်းဖတ်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဒုတိယဥက္ကဋ္ဌ(၁) ဦးအုန်းကြိုင် (ဟံသာဝတီဦးအုန်းကြိုင်)နှင့် ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာမျိုးသန့်တင်တို့က သဘာပတိများနှင့် စာတမ်းရှင် များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ စာအုပ်ဈေးရောင်းပွဲတွင် စာအုပ်ဆိုင်ပေါင်း ၁၀၀ ကျော် ဖွင့်လှစ်ရောင်းချလျက်ရှိရာ စာပေချစ်မြတ်နိုးသူ မိဘပြည်သူများ လာရောက်ကြည့်ရှုဝယ်ယူအားပေးကြသည်။

သတင်း - ရီရီမြင့်၊ ဥမ္မာသန့်



ဒုတိယအကြိမ် မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲ ကျင်းပနေမှုကို တွေ့ရစဉ်။
ဓာတ်ပုံ - လှမိုး

# သတင်းသမားတစ်ယောက်က သတ္တိရှိရမယ်၊ အမှန်တရားကို ပြောရဲရမယ်၊ ကျင့်ဝတ်တွေလည်း လိုက်နာရမယ်

**တွေ့ဆုံမေးမြန်း - ရီရီမြင့်၊ ဥမ္မာသန့်၊ ဓာတ်ပုံ - လှမိုး**

**ဒေါက်တာမောင်မောင်စံ(ကြည်မင်း)**



ဒေါက်တာမောင်မောင်စံ(ကြည်မင်း)



ဦးမြတ်ခိုင်



ဦးကြည်နိုင်(MWU)



ဦးညွန့်တင်



ဦးချစ်ဝင်းမောင်(ချစ်ဝင်းမောင်)




ဦးဇေယျ(သားကြီးမောင်ဇေယျ)

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ကြီးမှူး၍ "မြန်မာ့ဒီမိုကရေစီ နိုင်ငံတော်နှင့် စတုတ္ထမဏ္ဍိုင် ပီပြင်စွာရပ်တည်ရေး" ခေါင်းစဉ်ဖြင့် ဒုတိယအကြိမ် မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲဒုတိယနေ့ကို မေ ၆ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း၌ ဆက်လက်ကျင်းပသည်။**

စာတမ်းဖတ်ပွဲတွင် ပါဝင်သည့် စာတမ်းရှင် သတင်းစာဆရာကြီးများနှင့် ပညာရှင်များအား မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားဖော်ပြပါသည်။

**ဒေါက်တာမောင်မောင်စံ(ကြည်မင်း)**
**မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်**

ဂျင်မီတို့ကမ္ဘာ၊ ကျွန်တော်တို့ရဲ့ကမ္ဘာစာတမ်းကို ဖတ်ပါတယ်။ သတင်းသမားစစ်စစ် ပေါ်ထွက်ရေး တကယ်စာဖတ်ပြီး တကယ်ကျင့်ဝတ်လေးစားလိုက်နာတဲ့၊ ကမ္ဘာ့အဆင့်မီနိုင်တဲ့ သတင်းသမားတွေ ပေါ်ထွန်းရေးအတွက် ရည်ရွယ်ပါတယ်။ လူငယ်မျိုးဆက်သစ်တွေ စာများများ ဖတ်စေချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သတင်းသမားတွေက စာမဖတ်ကြဘူး။ စာဆိုတာ အများကြီးဖတ်ရတယ်။ သတင်းသမားတစ်ယောက်က ထက်မြက်ရမယ်၊ သွက်လက်ရမယ်။ သတ္တိရှိရမယ်။ အမှန်တရားကို ပြောရဲရမယ်။ ကျင့်ဝတ်တွေလည်း လိုက်နာရမယ်။

**ဦးမြတ်ခိုင်**
**ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံသတင်းစာဆရာအသင်း**

သတင်းလွတ်လပ်ခွင့်တိုက်ပွဲများ စာတမ်းကို ဖတ်ပါတယ်။ မြန်မာနိုင်ငံသတင်းစာဆရာအသင်းကို သတင်းမီဒီယာကောင်စီက ကမ်းလှမ်းတာ ရှိပါတယ်။ လူငယ်မျိုးဆက်သစ်တွေကို အိမ်စာကောင်းကောင်းလုပ်ဖို့လိုတယ်။ လူငယ်တွေက အိမ်စာကောင်းကောင်း မလုပ်ကြဘူး၊ သတင်းလွတ်လပ်ခွင့်က အခုတော့ အနည်းအကျဉ်းရလာတာပါ။ အဓိက စာတမ်းဖတ်ပွဲတွေက ရည်ရွယ်ချက်ကောင်းတယ်။ သို့သော်စိတ်ဝင်စားသူ နည်းတယ်။ သတင်းလွတ်လပ်ခွင့်ရဖို့ လူတိုင်းစိတ်ဝင်စားမှ ဖြစ်မယ်။ အဓိကသတင်းလွတ်လပ်ခွင့်ကို ပြောနေလို့ မပြီးဘူး၊ ကျွန်တော့်ဘက်ကလည်း ခြောက်ပြစ်ကင်းသဲလဲစင်တော့ မဟုတ်ဘူး၊ ကျွန်တော်တို့ အားနည်းချက်ရှိတယ်။ သတင်းသမားတွေကလည်း ကျင့်ဝတ်နဲ့အညီ လျှောက်လှမ်းဖို့လိုအပ်တယ်။

**ဦးကြည်နိုင်(MWU)**

မျက်မှောက်ခေတ် သတင်းမီဒီယာလောကကို တစေ့တစောင်းအကဲခတ်ခြင်း စာတမ်းကို ဖတ်ပါတယ်။ ကျွန်တော်နဲ့ ရှေ့ဝတီသတင်းဌာနက နိုင်မောင်ပေါ့။ နှစ်ယောက်ပူးတွဲပြီး ပြုစုပါတယ်။ သတင်းမီဒီယာလောကဖွံ့ဖြိုးရေးကို ရှေးရှုပြီး သတင်းမီဒီယာလောကမှာ တွေ့နေရတဲ့ဟာကွက်တွေ၊ သတင်းရေးသားယိုယွင်းချက်တွေ၊ သတင်းအမှားတွေ၊ တမင်နိုင်ငံ့ပုံရိပ်ကို ထိခိုက်အောင်လုပ်တဲ့၊ ဖန်တီးတဲ့ သတင်းအမှားတွေ ဒါတွေကိုခိုင်ခိုင်လုံလုံ သတင်းအရင်းအမြစ်တွေနဲ့ ကျွန်တော်တို့ ထောက်ပြထားပါတယ်။ သတင်းအမှားတွေ သိအောင် သတင်းအရင်းအမြစ်တွေ လေ့လာဖို့ လိုပါတယ်။ အဲဒီအတွက် စာတမ်းမှာ သတင်းများကို ဆန်းစစ်ခြင်းဆိုတဲ့ အခန်းတစ်ခန်းဖွင့်ပြီး တင်ပြထားပါတယ်။ ပညာရှင်တွေရဲ့ တင်ပြချက်ရော၊ facebook ပေါ်က တင်ပြချက်ရော၊ ဝါရင့်သတင်းစာ ဆရာကြီးများ တင်ပြချက်ရော သတင်းအမှန်အမှားဆန်းစစ်ဖို့ သတင်းတစ်ပုဒ် တန်ဖိုး ရှိ၊ မရှိ အဲဒီလိုဆန်းစစ်ချက်တွေနဲ့ ဆန်းစစ်ကြည့်ပါဆိုပြီး အချက်အလက်နဲ့ ထောက်ပြထားတာကိုလည်း စာတမ်းမှာ တင်ပြထားပါတယ်။

သတင်းမီဒီယာလောကဆိုတာ တကယ်က ပြည်သူပေါ့လေ။ ယုံကြည်ဖို့ လိုပါတယ်။ အဲဒီလို ယုံကြည်မှုလိုသလို ယုံကြည်မှုလည်းပဲ သတင်းမီဒီယာလောကဟာ ပိုပြီးပုံရိပ်မြင့်မားမှာ ဖြစ်ပါတယ်။ သတင်းဖတ်တဲ့ ပြည်သူတွေအနေနဲ့လည်း စောစောက တင်ပြခဲ့သလို သတင်းတစ်ပုဒ်ကို အယုံမလွယ်ဘဲနဲ့ တင်ပြတဲ့အချက်တွေနဲ့ ဆန်းစစ်ကြည့်သင့်ပါတယ်။ သတင်းဖတ်သူတွေလည်း မျက်စိဖွင့်၊ နားဖွင့်ပြီး သတင်းမီဒီယာလောကကျယ်ပြန့်သလို ရှုပ်လည်းရှုပ်ထွေးပါတယ်။ ဒီနေ့ကာလဆိုရင် အဘက်ဘက်က စောစောကလို နိုင်ငံပုံရိပ်ကို ကျဆင်းအောင် တမင်ဖန်တီးတဲ့ သတင်းအမှားတွေ တွေ့တယ်။ အဲဒီလိုပဲ ဘာသာရေးဘက်မှာလည်း လှည့်ပြီးတိုက်တာတွေရှိတယ်။ မဟုတ်မဟတ်သတင်းတွေပေါ့၊ တကယ်လည်း မဟုတ်ဘူး။ ကျွန်တော်တို့စာတမ်းမှာ အချက်အလက်နဲ့၊ သတင်းအရင်းအမြစ်တွေနဲ့ သတင်းအမှားကို ထောက်ပြထားပါတယ်။

သတင်းသမားတွေ သတိပြုမိဖို့လိုသလို သတင်းဖတ်သူပြည်သူအနေနဲ့လည်း ဒီသတင်းကို ဆန်းစစ်ကြည့်ဖို့ လိုပါတယ်။ ထောက်ပြထားတဲ့ အချက်အလက်တွေကို မှတ်ကျောက်တင်ကြည့်ပါ။ ဒါသတင်းအမှားလား၊ လုပ်ကြံသတင်းလားဆိုတာ ဆန်းစစ်ကြည့်သင့်ပါတယ်။ အဲဒီအချက်တွေကို စာတမ်းမှာ အလေးထားတင်ပြထားပါတယ်။

လူငယ်တွေအနေနဲ့ သတင်းမီဒီယာလောကကို ဂရုပြုစေချင်ပါတယ်။ နေ့စဉ်သတင်းစာတွေ ထွက်နေတယ်။ သတင်းဌာနတွေက အသံလွှင့်နေတယ်။ ဒီသတင်းမီဒီယာလောကကို စိတ်ပါဝင်စားမှ၊ နားစွင့်ထားမှ နိုင်ငံမှာဖြစ်ပေါ်နေတဲ့ အဖြစ်အပျက်တွေ၊ အရေးအခင်းတွေ၊ နိုင်ငံတကာမှာ ဖြစ်ပေါ်နေတဲ့ အဖြစ်အပျက်တွေ၊ အရေးအခင်းတွေ မျက်မှောက်ကျကျသိနိုင်မှာ ဖြစ်ပါတယ်။ လူငယ်တွေကိုလည်း သတင်းမီဒီယာလောကကို စိတ်ဝင်တစားလေ့လာစေချင်ပါတယ်။

**ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)**

ကျွန်တော်ဖတ်မယ့်စာတမ်းကတော့ သတင်းသမားများနဲ့ မီဒီယာကျင့်ဝတ် စာတမ်းဖြစ်ပါတယ်။ စာတမ်းဆိုတာ အကိုးအကား၊ အထောက်အထား မျိုးစုံနဲ့ နောင်လာနောက်သားတွေအတွက် ကျန်ရစ်ခဲ့အောင် တင်တာကို မြန်မာအဘိဓာန်မှာ စာတမ်းလို့ ဖွင့်ဆိုထားပါတယ်။ စာတမ်းမှာ နိဒါန်းအနေနဲ့ မဏ္ဍိုင်သုံးရပ်ကို စတုတ္ထမဏ္ဍိုင်က ကြားကန်ပေးထားတယ်။ စတုတ္ထမဏ္ဍိုင်မှာပါတဲ့ သတင်းသမားက လေးမျိုးရှိတယ်။ သတင်းထောက်ရယ်၊ သတင်းထောက်ချုပ်ရယ်၊ အယ်ဒီတာရယ်၊ အယ်ဒီတာချုပ်ရယ် ရှိတယ်။ သူတို့ရဲ့တာဝန်တွေကို ရေးထားပါတယ်။

စာတမ်းခေါင်းစဉ်ရဲ့ ရည်ရွယ်ချက်နဲ့အညီ သတင်းသမားတွေနဲ့ မီဒီယာကျင့်ဝတ်၊ မီဒီယာကျင့်ဝတ်ဆိုတဲ့အခါ နိုင်ငံတကာမီဒီယာကျင့်ဝတ်က ဘာတွေလဲ၊ မီဒီယာကျင့်ဝတ်တွေကို မီဒီယာသမားတွေလိုက်နာမှု ရှိ၊ မရှိ၊ ရှေးတုန်းက စံပြအတုယူစရာ သတင်းသမားတွေရဲ့ နမူနာတွေကို ကောက်နုတ်တင်ပြထားပါတယ်။

နိဂုံးပိုင်းမှာတော့ သတင်းမီဒီယာကောင်စီ အခန်းကဏ္ဍ မြှင့်တင်ဖို့ဆိုပြီး ရေးထားပါတယ်။ သတင်းလွတ်လပ်ခွင့် တောင်းနေတဲ့သူတွေမှာ တာဝန်ယူမှု၊ တာဝန်ခံမှုရှိ ရပါမယ်။ လွတ်လပ်ခွင့်ဆိုတာ သူ့ရဲ့စည်းမျဉ်းစည်းကမ်းတွေရှိတယ်။ မီဒီယာကျင့်ဝတ်နဲ့အညီ လွတ်လပ်ဖို့ပဲ လိုတယ်။ မှန်မှန်ကန်ကန် ကျင့်သုံးဖို့လိုတယ်။ သတင်းသမားနဲ့ မီဒီယာကျင့်ဝတ်ဆိုတာ ဟန်ချက်ညီမှ အပြန်အလှန်အပေးအယူက ယုံကြည်မှုရှိမှ တိုးတက်မယ်ဆိုတာကို message ပေးတာပါ။

**ဦးချစ်ဝင်းမောင်(ချစ်ဝင်းမောင်)**
**မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ**

NLD အစိုးရလက်ထက် မြန်မာ့သတင်းမီဒီယာလွတ်လပ်မှုအခြေအနေကို လေ့လာသုံးသပ်ခြင်း စာတမ်းကို ဖတ်ကြားပါမယ်။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရဲ့ ဦးဆောင်မှုနဲ့ သတင်းမီဒီယာသမားအားလုံးပါဝင်တဲ့ အဖွဲ့အစည်းတွေ၊ ဒီအဖွဲ့အစည်းတွေကနေ သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးတစ်ရပ်အနေနဲ့ အထူးသဖြင့် အဘဟံသာဝတီ ဦးအုန်းကြိုင်တို့က ဦးဆောင်ပြီးတော့ စာတမ်းဖတ်ပွဲလုပ်တာ။ စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ သတင်းမီဒီယာဖွံ့ဖြိုးရေးအတွက် တော်တော်ကောင်းတဲ့ လုပ်ငန်းစဉ်တစ်ခုပါ။ အဲဒီရည်ရွယ်ချက်နဲ့ ဒီစာတမ်းကိုလာဖတ်ခြင်း ဖြစ်ပါတယ်။

စာတမ်းဖတ်ပွဲယဉ်ကျေးမှုက များများစားစားပိုရှိသင့်ပါတယ်။ စာတမ်းဖတ်ကြတော့မယ်ဆိုရင် စိတ်မရှည်ကြဘူး၊ အကြာကြီးနားမထောင်ချင်ဘူး၊ စာတမ်းဖတ်ပွဲတွေ လုပ်ပေးနေရင် လူငယ်တွေအတွက် နောက်ထပ်သတင်းစာပညာလေ့လာချင်သူတွေ၊ သမိုင်းနဲ့ သတင်းမီဒီယာနဲ့ ပတ်သက်ပြီး ဗဟုသုတရချင်တဲ့သူတွေ ဒါတွေအတွက် အများကြီး အကျိုးရှိပါတယ်။ သတင်းမီဒီယာကောင်စီရဲ့ ဦးဆောင်မှုနဲ့ စာတမ်းဖတ်ပွဲတွေ လုပ်ပေးတယ်ဆိုတာ နိုင်ငံအတွက်ရော၊ သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက်ရော အားလုံးကောင်းပါတယ်။

**ဦးဇေယျ(သားကြီးမောင်ဇေယျ)**

ရခိုင်ပြည်နယ်အရေးနဲ့ ငြိမ်းချမ်းရေး သတင်းစာပညာ အသုံးအနှုန်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အရေးနဲ့ ပတ်သက်လို့ ပြည်တွင်းပြည်ပသတင်းစာတွေမှာသုံးတဲ့ အသုံးအနှုန်းတွေအပေါ် သုံးသပ်ထားတာပါ။ ဘယ်အသုံးအနှုန်းက လူမျိုးရေးနဲ့ ဘာသာရေးပဋိပက္ခကို ကြီးထွားစေတယ်။ ဘယ်အသုံးအနှုန်းတွေက ငြိမ်းချမ်းရေးကို ဦးစားပေးတယ်။ အဲဒါတွေကိုခွဲခြမ်းစိတ်ဖြာပြတာပါ။ မြန်မာမှာ ယဉ်ကျေးမှုရှိတယ်။ မှန်တာကိုပြောရမယ်။ အကျိုးရှိတာကို ပြောရမယ်။ အချိန်အခါနဲ့ပြောရမယ်။ အဲဒီစည်းကမ်းတွေ ရှိပါတယ်။

မြန်မာစကားပြောတဲ့အခါ အဲဒီကျင့်ဝတ်တွေ ထိန်းရပါတယ်။ သတင်းသမားတွေကလည်း အဲဒီကျင့်ဝတ်ဆန်ဆန် အကျိုးရှိတဲ့စကားကို ပြောရမယ်။ မှန်တဲ့အကြောင်းကို ပြောရမယ်။ ဒါတွေက အရေးကြီးကြောင်း ပြောချင်ပါတယ်။ ခုချိန်မှာ လူမျိုးရေး၊ ဘာသာရေး၊ ဒါမှမဟုတ် ငြိမ်းချမ်းရေးကို ထိခိုက်စေနိုင်မယ့် အသုံးအနှုန်းတွေ၊ ရန်လိုတဲ့ အသုံးအနှုန်းတွေ တတ်နိုင်သလောက်ရှောင်ရှားပြီး မတူတဲ့ အုပ်စုနှစ်ခုအကြား အေးချမ်းနိုင်မယ့် စကားလုံးမျိုး၊ ပြေရာပြေကြောင်း စကားလုံးမျိုး အသုံးအနှုန်းတွေ ပြောကြဖို့၊ အမုန်းစကားတွေ ရှောင်ကြဖို့ ပြောချင်ပါတယ်။

စာတမ်းဖတ်ပွဲတွေက ပညာရှင်တွေ၊ အတွေ့အကြုံများတဲ့ သူတွေက သူတို့ရဲ့ အတွေ့အကြုံနဲ့ ဖတ်ထားတဲ့ စာတွေကို ပြန်စုစည်းပြီးတင်ပြတာပါ။ အဲဒါကို နောက်လာမယ့်သူတွေအတွက် သမိုင်းဖြစ်သွားမယ်။ နောက်လာမယ့် ပညာရှင်တွေအတွက် အကိုးအကားဖြစ်သွားဖို့ စာတမ်းဖတ်ပွဲတွေက အသုံးဝင်ပါတယ်။

အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ။

# ဒေသစီးပွားရေးတိုးတက်ပြီး အလုပ်အကိုင်များရရှိကာ မြန်မာ့ထွက်ကုန်များ နိုင်ငံတကာကိုထိုးဖောက်နိုင်မည့် မြန်မာနိုင်ငံတောင်ပိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ထားဝယ်အထူးစီးပွားရေးဇုန်

မြန်မာနိုင်ငံ တောင်ဘက်ပိုင်းဒေသ ဖွံ့ဖြိုးရေးသာမက အာဆီယံဒေသတွင်း အရေးပါသည့် စီမံကိန်းတစ်ခုဖြစ်လာမည့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့အနီးတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းသည် အကြောင်းအမျိုးမျိုးကြောင့် ရပ်နားထားခဲ့ရာမှ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)အကူအညီဖြင့် Master Plan အသစ်ပြန်လည်ရေးဆွဲပြီး လုပ်ငန်းများစတင်နိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စပ်လျဉ်းပြီး ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်ဆန်းနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။



ဒေါက်တာမြင့်ဆန်း

**မေး ။ ။ ထားဝယ်အထူးစီးပွားရေးဇုန်ကို ဘယ်အချိန်ကစတင် အကောင်အထည်ဖော်ခဲ့တယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ။ ၂၀၀၈ ခုနှစ်မှာ မြန်မာအစိုးရနဲ့ ထိုင်းနိုင်ငံအစိုးရတို့ စင်ကာပူနိုင်ငံမှာ တွေ့ဆုံပြီး ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်ဖို့ စီစဉ်ခဲ့တာပါ။ အဲဒီကနေ MoU နှစ်နိုင်ငံ နားလည်မှုသဘောတူစာချုပ် ချုပ်ခဲ့တယ်။ စလုပ်တုန်းက အီတာလျံထိုင်းကုမ္ပဏီနဲ့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့ စာချုပ်ချုပ်ပြီးလုပ်ခဲ့တယ်။ စီမံကိန်းလုပ်ငန်းတွေ နှောင့်နှေးတဲ့အတွက် ၂၀၁၃ ခုနှစ်မှာ စာချုပ်ရပ်ဆိုင်းခဲ့တယ်။ ရပ်ဆိုင်းပြီးတဲ့နောက် ပြန်ပြီး တင်ဒါခေါ်တယ်။ တင်ဒါခေါ်တော့ အီတာလျံထိုင်းပဲပြန်ရတယ်။ ၂၀၁၅ ခုနှစ် ဩဂုတ်လမှာ စာချုပ်အသစ်ပြန်ချုပ်တယ်။ အီတာလျံထိုင်းနဲ့ ကျွန်တော်တို့နဲ့တော့မဟုတ်ဘူး။ အရင်စီမံခန့်ခွဲမှု ကော်မတီကနေ စာချုပ် ချုပ်ခဲ့တယ်။ အဲဒီကနေ လုပ်ငန်းတွေပြန်စတယ်။

စီမံကိန်းရပ်နားသွားတာက ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှာ ရပ်နားသွားတယ်။၂၀၁၄ ခုနှစ်မှာလည်း ရပ်နားထားတယ်၊ နှစ်နိုင်ငံအစိုးရချင်း လုပ်မယ်ဆိုပြီး ပထမဆုံး မြန်မာအစိုးရနဲ့ ထိုင်းအစိုးရတို့ သဘောတူစာချုပ် ချုပ်တယ်။ ဒါလည်း ၂၀၁၅ခုနှစ်မှာပါပဲ။ စာချုပ် ချုပ်ပေမယ့်လည်း ထိုင်းအစိုးရဘက်က ရင်းနှီးမြှုပ်နှံမှု နည်းတယ်။ ၂၀၁၅ ခုနှစ်မှာ မြန်မာအစိုးရအနေနဲ့က အီတာလျံထိုင်းကုမ္ပဏီ တစ်ခုတည်းအနေနဲ့ ထားဝယ်အထူးစီးပွားရေးဇုန်ကြီးက မဖြစ်နိုင်ဘူးဆိုပြီး နောက်ဆုံးမှာ ဂျပန်ကို ခေါ်မှုရမယ်ဆိုပြီး မြန်မာ၊ ထိုင်း၊ ဂျပန် သုံးနိုင်ငံ စာချုပ် ချုပ်တယ်။

**မေး ။ ။ ထားဝယ်စီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီအနေနဲ့ စတင်တာဝန်ယူတဲ့အချိန်ကနေ အခုလက်ရှိ ဆောင်ရွက်နေတဲ့ အပိုင်းကိုလည်း သိပါရစေ။**

ဖြေ ။ ။ ကျွန်တော်တို့ ကော်မတီ တာဝန်စယူတာက ၂၀၁၇ ခုနှစ် အောက်တိုဘာလပိုင်းမှာ တာဝန်စယူတယ်။ အီတာလျံထိုင်းနဲ့ ချုပ်ခဲ့တဲ့စာချုပ်တွေ ပြန်ဖတ်တယ်။ သုံးနိုင်ငံစာချုပ် ချုပ်ခဲ့တာတွေ ပြန်ဖတ်တယ်။ ကျွန်တော်တို့ ကော်မတီအသစ်က အီတာလျံထိုင်းနဲ့ ချုပ်ခဲ့တဲ့ စာချုပ်တွေ ဘာတွေရှိသလဲ။ စာချုပ်မှာ နှစ်ဖက် ဖြည့်ဆည်းပေးရမယ့် အချက်တွေရှိတယ်။ စုစုပေါင်း ၇၈ ချက် ရှိတယ်။ ထိုင်းဘက်က ဖြည့်ဆည်းပေးရမယ့် အချက်က ၅၈ ချက်ရှိတယ်။ မြန်မာအစိုးရဘက်က ဖြည့်ဆည်းပေးရမယ့် အချက်က ၂၀ ရှိတယ်။ အချက် ၂၀ ကလည်း အရင်က အကြောင်းကြောင်းကြောင့် ဖြည့်ဆည်းပေးဖို့နှောင့်နှေးခဲ့တဲ့အတွက် အဲဒါတွေ ဖြည့်ဆည်းပေးမှ လုပ်ငန်းစတင်ရန်ဆိုတာ ရှိတယ်။ အဲဒါတွေ မဖြည့်ဆည်းပေးနိုင်ရင် လုပ်ငန်းစတင်ဖို့မရှိဘူး။

ကျွန်တော်တို့ကော်မတီသစ် စတင်တာဝန်ယူတဲ့အချိန်မှာ လုပ်ငန်းတွေ စတင်နိုင်ဖို့အတွက် မြန်မာအစိုးရဘက်က ဖြည့်ဆည်းပေးရမယ့် အချက်တွေထဲက အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးခဲ့တယ်။ အခုဆိုရင် တစ်ချက်၊ နှစ်ချက်လောက်ပဲ ကျန်တော့တယ်။ ကျန်တဲ့ တစ်ခု၊ နှစ်ခုကလည်း အရေးကြီးတာတွေပါ။ EIA ၊ SIA တို့ပေါ့။ အဲဒါတွေက နည်းနည်းလည်းရှုပ်ထွေးတယ်၊ ခက်ခဲတယ်။ အခုဆိုရင် EIA ၊ SIA လည်း ပြီးသလောက်ရှိနေပြီ။ မြေနဲ့ဆိုင်တာကလည်း Law Farm ငှားပြီး စာချုပ် ချုပ်မယ်။ မြန်မာဘက်ကတော့ တတ်နိုင်သလောက် ဖြည့်ဆည်းပေးရမယ့် အချက်တွေ ဖြည့်ဆည်းတယ်။ အီတာလျံထိုင်းကိုလည်း ဖြည့်ဆည်းပေးရမယ်အပိုင်းကို ဖြည့်ဆည်းပေးဖို့ ပြောတယ်။ နှစ်ဖက်ဖြည့်ဆည်းပေးပြီးတာနဲ့ လုပ်ငန်းစမယ်။ လုပ်ငန်းစတင်ပြီဆိုတာနဲ့ အချိန်သတ်မှတ်ချက်တွေ ပါလာပြီ။ ဘယ်ရက်ပိုင်းအတွင်း ပြီးရမယ်။ မပြီးဘူးဆိုရင် သူ့ရဲ့အမှားအယွင်းလို့ယူဆတယ်။ အဲဒါတွေက မကြာခင် စမယ်။ ဒါက တစ်ပိုင်းပေါ့။

နောက်တစ်ပိုင်းက Full phase လို့ခေါ်တဲ့အပိုင်း၊ ဂျပန်အစိုးရကို မေတ္တာရပ်ခံတယ်၊ ဂျပန်အစိုးရက ထုံးစံအတိုင်းလုပ်ငန်းတစ်ခုလုပ်ရင် အစီအစဉ်တကျဖြစ်အောင် လုပ်တယ်၊ ထားဝယ်အထူးစီးပွားရေးဇုန်နဲ့ ပတ်သက်ပြီး ထိုင်းဘက်က လုပ်ပေးထားတဲ့ Master Plan ရှိပြီးသား။ အဲဒီ Master Plan က ၂၀၁၅ ခုနှစ်က ရေးဆွဲခဲ့တာ။ အဲဒီ Master Plan မှာ အသေးစိတ် အစီအစဉ်တွေမပါဘူး။ နောက်တစ်ခုက ခေတ်မမီတော့ဘူး။ အဲဒီနှစ်ချက်ကို တွေ့ရှိတဲ့အတွက် JICA ကနေ ဒါကို အဆင့်မြှင့်ဖို့ပြန်လုပ်မယ်။ Master Planကို (နည်းပညာဆိုင်ရာတွေပြန်ထည့်မယ်) အသေးစိတ် အစီအစဉ်ပြန်ဆွဲမယ်၊ ၂၀၁၇ ခုနှစ်မှာ Master Plan အသစ်စဆွဲတယ်။ ၂၀၁၈ ခုနှစ် မေလမှာ အထူးစီးပွားရေးဇုန်ရဲ့ Master Plan ပြီးသွားမယ်။

Phase က သုံးခုရှိတယ်။ Phase -1၊ Phase -2၊ Phase -3 ပေါ့။ Phase -1 ကတော့ ၂၀၁၈ ခုနှစ်ကနေ ၂၀၃၀ ခုနှစ်လုပ်ရမယ့် စီမံကိန်းတွေပါ။ အားလုံးသိတဲ့အတိုင်း အဲဒီနေရာမှာ အခြေခံအဆောက်အအုံတွေမရှိဘူး။ အဓိက အရေးပါတာက နှစ်လမ်းသွား ကားလမ်းဆိုတာ ထိုင်းနယ်စပ်ကနေ တော်တော်လေးအရေးပါတယ်။ နောက်ပြီး လျှပ်စစ်မရသေးဘူး။ ဆိပ်ကမ်းမရှိဘူး။ အဲဒါတွေပြည့်စုံမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေခေါ်နိုင်မှာ။ အဲဒီသုံးချက်ကတော့ အဓိကထားလုပ်နေတယ်။

Phase -1 ကတော့ ဧက ၆၀၀၀ သတ်မှတ်ထားတယ်။ အခြေခံအဆောက်အအုံတွေ စလုပ်နိုင်ဖို့ ၂၀၁၈ နဲ့ ၂၀၂၀ ကြား ဖြည့်ဆည်းမယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လာနိုင်တာကတော့ နောက်သုံးနှစ်လောက်နေမှ လာလို့ရမယ်။ အခုလောလောဆယ်တော့ လာလို့ မရသေးဘူး။ ဘာမှမပြီးသေးဘူး။

JICA က Plan ရေးဆွဲနေတာ တစ်ဝက်ကျော် ပြီးနေပြီ။ မေလမှာ Final တင်မယ်။ Phase -1 မှာပါတဲ့ အဓိကလုပ်ရမယ့် အခြေခံအဆောက်အအုံတွေက ဘာတွေလဲ။ မြန်မာအစိုးရအနေနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်နိုင်တာ ဘယ်ဟာတွေလုပ်နိုင်လဲ။ နိုင်ငံခြားချေးငွေနဲ့ လုပ်ရမှာ ဘယ်ဟာတွေ လုပ်ရမယ်ဆိုတာ ပြန်လည်သုံးသပ်မယ်။ အခုလောလောဆယ် လိုအပ်နေတာက ဆိပ်ကမ်းပဲ။ မြန်မာနိုင်ငံမှာ နိုင်ငံခြားသင်္ဘောအကြီးကြီးတွေဆိုက်ဖို့ ရေနက်ဆိပ်ကမ်းမရှိဘူး။ SEZ (အထူးစီးပွားရေးဇုန်)သုံးခုမှာ ရေနက်ဆိပ်ကမ်းက ကျောက်ဖြူနဲ့ ထားဝယ်မှာပဲရှိတယ်။

**မေး ။ ။ စီးပွားရေးဇုန်ဆိုတဲ့အခါကျတော့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ လျှပ်စစ်ရရှိရေးအတွက် ဘယ်လိုဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ။ လျှပ်စစ်ပိုင်းကတော့ ပထမပိုင်း အီတာလျံထိုင်းကလုပ်တဲ့ LNG ဂက်စ်နဲ့ လျှပ်စစ်ပေးမယ်ဆိုပြီးလုပ်ထားတာ။ အဲဒီလိုပေးမယ်ဆိုရင် ရေနက်ဆိပ်ကမ်းမှာ LNG ပင်မအဆောက်အအုံ ဆောက်ရမယ်။ ဆောက်ဖို့ တိုက်တွန်းတယ်။ ဆောက်နိုင်စွမ်းမရှိဘူး။ နှစ်အချက်က ဂက်စ်ကို နိုင်ငံခြားကနေသွင်းလာမယ်၊ သူတို့တင်ပြတဲ့နှုန်းထားက အတော်မြင့်တယ်။ ၂၇ ဆင့်ဆိုတော့ အတော်များတယ်။ ဘယ်လိုမှမကိုက်ဘူး။ ပုံမှန်အားဖြင့် အိမ်နီးနားချင်း တိုင်းပြည်က ၁၀ ဆင့်လောက်ပဲရှိတယ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက Total ရေနံကုမ္ပဏီနဲ့ပေါင်းပြီး ကန်ပေါက်မှာ LNG နဲ့ လျှပ်စစ်ထုတ်ဖို့ လက်မှတ်ထိုးပြီးသွားပါပြီ။ အဲဒါက မဂ္ဂါဝပ် ၁၃၀၀ ကျော် ထုတ်မယ်။ အဲဒါ နောက်သုံးနှစ်ဆို ရပါပြီ။ ၂၀၂၁ ခုနှစ်လောက်မှာ တနင်္သာရီတိုင်းတစ်ခုလုံးကို လျှပ်စစ်မီးပေးနိုင်ပါပြီ။ ကြားကာလမှာတော့ အခက်အခဲရှိတာပေါ့။

**မေး ။ ။ ထားဝယ်အထူးစီးပွားရေးဇုန်ကနေ ထိုင်းနိုင်ငံနယ်စပ်အထိ ဖောက်လုပ်ထားတဲ့ ထီးခီးလမ်းနဲ့ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်မယ့် အခြေအနေကိုလည်းသိပါရစေ။**

ဖြေ ။ ။ ထီးခီးလမ်းက ထားဝယ်ရေနက်ဆိပ်ကမ်းနဲ့ ထိုင်းနိုင်ငံကိုသွားဖို့ ထီးခီးလမ်းကို အီတာလျံထိုင်းကုမ္ပဏီကပဲ မြေသားလမ်း၊ ကျောက်သားလမ်းဖောက်သွားတယ်။ ၁၃၈ ကီလိုမီတာရှိတယ်။ ထီးခီးလမ်းက အရေးကြီးတယ်။ အရင်အစိုးရလက်ထက်ကတည်းက ကတ္တရာလမ်းခင်းပြီး အဆင့်မြှင့်တင်ဖို့ အဆိုပြုခဲ့တာရှိတယ်။ အကြောင်းကြောင်းကြောင့် အကောင်အထည်ပေါ်မလာခဲ့ပါဘူး။ ကျွန်တော်တို့ တာဝန်ယူပြီးချိန်မှာ ပထမဆုံးလုပ်မယ့် စီမံကိန်းမှာလည်း ကျွန်တော်တို့ ပိုက်ဆံနဲ့မဖောက်နိုင်ဘူး။ ထိုင်းဘက်က NEDA ဆိုတဲ့အဖွဲ့အစည်းရှိတယ်။ ချေးငွေပေးမယ်။ နှစ်လမ်းသွားပဲ။ အဲဒီအတွက် ချေးငွေလည်း သဘောတူပြီးထားပြီ။ လွှတ်တော်က သဘောတူတာနဲ့ လုပ်ငန်းစလို့ရပါပြီ။ စပြီဆိုတာနဲ့ ချေးငွေကိစ္စကို ထိုင်းဘက်နဲ့ဆွေးနွေးမယ်။ တင်ဒါခေါ်မယ်။ လမ်းအဆင့်မြှင့်တင်မယ်ဆိုရင် သုံးနှစ်ကြာမယ်။အခုလာမယ့် မိုးတွင်းဆို အကောင်အထည်ဖော်ပါပြီ။ တွေ အကောင်အထည်ဖော်မယ်ဆိုရင် EIA ၊ SIA မလုပ်ခဲ့ဘူး။ သဘာဝပတ်ဝန်းကျင် ထိခိုက်တယ်ဆိုတာ မြန်မာနိုင်ငံသားတိုင်းသိတယ်။ ဒီဟာတွေနဲ့ ပတ်သက်ပြီး ပြဿနာတွေဖြစ်တယ်။ ဒီမိုကရေစီအစိုးရလက်ထက်မှာကျတော့ စီမံကိန်းတိုင်းက ပွင့်လင်းမြင်သာရမယ်။ ပြည်သူထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်ရမယ်။ အရင်ကတော့ မှားခဲ့ကြတယ်။ စည်းနဲ့ကမ်းနဲ့ မလုပ်ခဲ့ဘူး။ နိုင်ငံတကာ စံချိန်စံညွှန်းတွေ နားမလည်ခဲ့ဘူး။ အခုဆိုရင် ထားဝယ်စီမံကိန်းလိုပရောဂျက်မပြောနဲ့ ပုဂ္ဂလိကကုမ္ပဏီတစ်ခုက အလုပ်လုပ်ရင်တောင် EIA ၊ SIA တင်ရတယ်။ ထားဝယ်စီမံကိန်းမှာ ဆက်လုပ်မယ့် လုပ်ငန်းတွေအားလုံးက EIA ၊ SIA ပါမယ်။ ပရောဂျက် (၉)ခုမှာ EIA ၊ SIA နဲ့ပတ်သက်ပြီး အစီရင်ခံစာ တင်ထားပြီးသား။ ဘယ်သူက စစ်ရသလဲဆိုရင် သဘာဝပတ်ဝန်းကျင်ဌာန မြန်မာအစိုးရဘက်က စစ်ရတယ်။ အခုဆိုရင် မတ်လ ၂၈၊ ၂၉ ရက်တွေမှာ ဒေသခံတွေရော EIA၊ SIAနဲ့ပတ်သက်ပြီး ပါဝင်ပတ်သက်နေတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေကို ဖိတ်ခေါ်ပြီးတော့ သဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်ပြီး ဘာတွေလုပ်ထားတယ်ဆိုတာ ရှင်းပြတယ်။ သူတို့သိချင်တာတွေလည်း မေးပေါ့။

**မေး ။ ။ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းက အများစိတ်ဝင်စားတဲ့ စီမံကိန်းလည်းဖြစ်တော့ စီမံကိန်းဆိုင်ရာတွေ၊ သဘာဝပတ်ဝန်းကျင်လေ့လာတွေ့ရှိ ဆန်းစစ်ချက်တွေကို ပွင့်လင်းမြင်သာစွာ ချပြဖို့ နောက်ထပ် အစီအစဉ်တွေ ရှိပါသလား၊ ရှိရင်သိချင်ပါတယ်၊**

ဖြေ ။ ။ စီမံကိန်းဆိုင်ရာ သဘာဝပတ်ဝန်းကျင် လေ့လာတွေ့ရှိ ဆန်းစစ်ချက်တွေကို အင်တာနက်ဝက်ဘ်ဆိုက်ကနေ ထုတ်ပြန်ရမယ်ဆိုတာသိတယ်။ အကြောင်းကြောင်းကြောင့် ဝက်ဘ်ဆိုက်က အခုမှ ရေးဆွဲနေရတယ်။ နောက် ၂ ပတ်ဆို ဝက်ဘ်ဆိုက်ရေးဆွဲတာ ပြီးပြီ။ ပြီးရင် EIA၊ SIAအပါအဝင် လုပ်ဆောင်ချက်အားလုံး အင်တာနက်မှာ တင်ထားမယ်။ ပြည်သူအားလုံး ဝင်ကြည့်လို့ရတယ်။ အဲဒီကနေ မေးခွန်းမေးလို့ရတယ်။ စုံစမ်းလို့ရတယ်။ ဒါတွေကတော့ ပွင့်လင်းမြင်သာစွာလုပ်ရမှာပေါ့။ ဒီမိုကရေစီအစိုးရခေတ်မှာ ဘာမှလျှို့ဝှက်ထားစရာအကြောင်းမရှိဘူး။ ဖုံးကွယ်ထားစရာအကြောင်းမရှိပါဘူး။

> “လျှပ်စစ်ရရင် ကုန်ကြမ်းရောင်းတဲ့အဆင့်ကနေ ကုန်ချောထုတ်လုပ်နိုင်မယ်။ ဘေးပတ်ဝန်းကျင်ကို ယှဉ်နိုင်တယ်။ ဒေသရဲ့ စီးပွားရေးလည်း တိုးတက်လာမယ်။ အလုပ်အကိုင်တွေလည်းရမယ်။ နိုင်ငံတကာကိုလည်း မြန်မာ့ထွက်ကုန်တွေ ထိုးဖောက်နိုင်မယ်။ ထားဝယ်အထူးစီးပွားရေးဇုန်က မြန်မာနိုင်ငံ တောင်ပိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါပါတယ်”

**မေး ။ ။ ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ပေါ်လာရင် ထားဝယ်ဒေသဖွံ့ဖြိုးလာမယ့် အခြေအနေကိုလည်း သုံးသပ်ပေးပါ။**

ဖြေ ။ ။ ဒီစီမံကိန်းက တော်တော်လေးအရေးပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်က ပင်လယ်ကို တိုက်ရိုက်ထွက်နိုင်တဲ့ ရေနက်ဆိပ်ကမ်းပါတယ်။ ထိုင်းနိုင်ငံနဲ့ နီးစပ်တဲ့အတွက် ဖွံ့ဖြိုးမှု အလားအလာကောင်းတယ်။ တနင်္သာရီတိုင်းမှာ သဘာဝသယံဇာတပစ္စည်းတွေ ငါးလုပ်ငန်း၊ ရော်ဘာလုပ်ငန်း၊ ဆီအုန်းလုပ်ငန်း၊ သတ္တုလုပ်ငန်း အဲဒါတွေက လျှပ်စစ်မရှိလို့။ အဲဒီလုပ်ငန်းတွေက လျှပ်စစ်ရရင် ကုန်ကြမ်းရောင်းတဲ့အဆင့်ကနေ ကုန်ချောထုတ်လုပ်နိုင်မယ်။ ဘေးပတ်ဝန်းကျင်ကို ယှဉ်နိုင်တယ်။ ဒေသရဲ့ စီးပွားရေးလည်း တိုးတက်လာမယ်။ အလုပ်အကိုင်တွေလည်းရမယ်။ နိုင်ငံတကာကိုလည်း မြန်မာ့ထွက်ကုန်တွေ ထိုးဖောက်နိုင်မယ်။ ထားဝယ်အထူးစီးပွားရေးဇုန်က မြန်မာနိုင်ငံတောင်ပိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါပါတယ်။

**မေး ။ ။ ထားဝယ်အထူးစီးပွားရေးဇုန်နဲ့ ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုတွေရှိမှာကို ဒေသခံတွေက စိုးရိမ်ပူပန်နေတယ်လို့ သိရပါတယ်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် ဆောင်ရွက်နေမှုတွေရှိတယ်ဆိုရင် သိချင်ပါတယ်။**

ဖြေ ။ ။ ကျွန်တော်တို့နိုင်ငံမှာက အရင်တုန်းက စီမံကိန်း

**မေး ။ ။ ထားဝယ် အထူးစီးပွားရေးဇုန် ပြီးသွားရင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံလာမယ့်အပေါ် ဘယ်လောက်ထိ မျှော်လင့်ထားပါသလဲ။**

ဖြေ ။ ။ လမ်း၊ ဆိပ်ကမ်းတို့ပြီးဖို့၊ လျှပ်စစ်ရဖို့က အနည်းဆုံးသုံးနှစ်၊ အများဆုံး ငါးနှစ်ကြာမယ်။ ဒါတွေ ပြည့်စုံသွားရင်တော့ ရင်းနှီးမြှုပ်နှံမှုက အများကြီးလာလို့ရတယ်။ အကြီးစားစက်မှုလုပ်ငန်းကြီးက အားနည်းဦးမယ်။ ကျွန်တော်တို့ဒေသမှာရှိတဲ့ ရော်ဘာစက်ရုံတို့၊ ရေလုပ်ငန်းနဲ့ သက်ဆိုင်တဲ့ စက်ရုံတွေကို အဆင့်မြှင့်တင်တာ လုပ်ရမယ်။ ဒုတိယအဆင့်ရောက်လာရင် စက်မှုဇုန်ကလည်း တော်တော်တိုးတက်လာပြီ။ ဂျပန်ဘက်က စိတ်ဝင်စားနေတာက စတီးစက်ရုံတို့ ထိုင်းဘက်မှာ သက်တမ်းကြာနေတဲ့ ဂျပန်စက်မှုလုပ်ငန်းရှင်တွေကလည်း ဒီဘက်ကို လာချင်တယ်။ ဥပမာ-မော်တော်ကားလုပ်ငန်းတွေပေါ့။ *စာမျက်နှာ ၉ သို့*

# စိုက်ပျိုးရေနှင့် သောက်သုံးရေပါ အားထားနေရသည့် ကျောက်တန်းမြို့နယ်က ဘန့်ဘွေးကုန်းရေလှောင်တမံ

**နေပြည်တော် မေ ၆**

ရန်ကုန်တောင်ပိုင်းခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် ကျောက်တန်းမြို့နယ် ဒေသခံပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး၊ စိုက်ပျိုးရေရရှိရေးနှင့် ကျောက်တန်းစက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများ၊ အစိုးရပိုင် စက်ရုံများ၏ စက်မှုလုပ်ငန်း သုံးရေရရှိရေးတို့အတွက် ကျောက်တန်းမြို့အနီးရှိ ဘန့်ဘွေးကုန်းရေလှောင်တမံမှ ရေချိုများ သိုလှောင်ဖြန့်ဖြူးပေးဝေလျက်ရှိကြောင်း သိရသည်။


ဘန့်ဘွေးကုန်းရေလှောင်တမံကို တွေ့ရစဉ်

ဘန့်ဘွေးကုန်းရေလှောင်တမံကို ပင်လယ်ဒီရေအတက်အကျရှိသည့် ပါဒကြီးချောင်း၏ လက်တက်တစ်ခုဖြစ်သောပါဒချောင်းပေါ်ရှိ ညောင်ဝိုင်းကျေးရွာအနီး လျှိုတစ်ခုကို ဖြတ်ပိတ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တမံအလျား ပေ ၂၃၀၀ တမံအမြင့် ၂၄ ပေရှိသော မြေသားတမံ အမျိုးအစားဖြစ်သည်။ တမံရေပြည့် ရေလှောင်ပမာဏမှာ ၁၇၃၅ ဧကပေ (၄၇၁ ဒသမ ၅၉ ဂါလန်သန်း) သိုလှောင်ထားနိုင်ကြောင်း သိရသည်။

"ကျောက်တန်းမြို့နယ်ဟာ ရန်ကုန်မြစ်နဲ့ မော်ဝန်းချောင်းအကြားမှာရှိတဲ့အတွက် နှစ်တစ်ဝက်ကျော် ရေငန်တွေဝန်းရံနေပြီး ရေချိုရှားပါးတဲ့ ဒေသဖြစ်ခဲ့တယ်၊ တစ်နှစ်ပတ်လုံးမိုးရေချိန် ၁၀၀ လက်မကျော် ရွာသွန်းတဲ့ မိုးရေကိုသာ သိုလှောင် ဧရိယာ ၂၉၀ ကျော်မှာ သိုလှောင်ပေးထားတဲ့ တိုက်ရိုက်မိုးရေခံ ရေလှောင်တမံတစ်ခုအနေနဲ့ တည်ဆောက်ပေးထားခဲ့ပါတယ်၊ တမံထဲမှာ သိုလှောင်ပေးထားတဲ့ ရေချိုတွေကို ကျောက်တန်းမြို့နယ် ဒေသခံတွေ သောက်သုံးရေ ပြတ်လပ်မှု မရှိစေဖို့ အဓိက ရည်ရွယ်ထားပါတယ်၊ ကျောက်တန်းစက်မှုဇုန်အပြင် သီလဝါ အထူးစီးပွားရေးဇုန်ကပါ စက်မှုလုပ်ငန်းသုံးရေထပ်မံလိုအပ်လာပါက ဖြည့်တင်းရေရရှိလိုကြောင်း ကမ်းလှမ်းလာတဲ့အတွက် တမံရဲ့ တောင့်တင်းခိုင်မာမှုကို စစ်ဆေးပြီး ရေလှောင်တမံအတွင်း သိုလှောင်ရေသတ်မှတ်အမြင့်ကျော်လွန်ပါက အလိုအလျောက် ထုတ်နုတ်ပေးစေနိုင်တဲ့ ရေတံခါးချပ် (Falling Shutter) တွေကို တပ်ဆင်ပြီး ရေအမြင့် နှစ်ပေ မြှင့်တင်သိုလှောင်ပေးထားခဲ့ပါတယ်" ဟု တောင်ပိုင်းခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်အောင်က ပြောသည်။

ကျောက်တန်းမြို့ ဆင်ကန်ရပ်ကွက်၌ နေထိုင်သောဒေသခံ ဦးခင်ငြိမ်းက "ကျွန်တော်တို့ ကျောက်တန်းမြို့နယ်ဟာ ရေချိုရှားပါးတဲ့အတွက် မြို့ပေါ် ရပ်ကွက်တွေကပါ မြို့အဝင် ဆင်ကန်ကရေကို သောက်သုံးကြရတယ်၊ ဒါပေမယ့် တစ်မြို့လုံးအတိုင်း အတာအနေနဲ့ လုံလောက်မှုမရှိခဲ့ပါဘူး၊ ဘန့်ဘွေးကုန်းရေလှောင်တမံကြီးတည်ဆောက်ပြီးတော့ ဆင်ကန်ရေအပြင် ထပ်မံလိုအပ်တဲ့ သောက်သုံးရေချိုတွေကို ရေလှောင်တမံကနေ သွယ်ယူပြီး သောက်သုံးခဲ့ရပါတယ်၊ ဘန့်ဘွေးကုန်းရေလှောင်တမံကရေဟာ မိုးရေကို တိုက်ရိုက်သိုလှောင်ထားတဲ့အတွက် သန့်ရှင်းတဲ့ သောက်သုံးရေအဖြစ် အလွန်အဆင်ပြေပါတယ်" ဟု ပြောသည်။

ရေလှောင်တမံမှ ပို့လွှတ်ရေဖြင့် နွေစပါးစိုက်ပျိုးသော ညောင်ဝိုင်းကျေးရွာနေတောင်သူ ဦးဝင်းမြင့်က "ကျွန်တော်က ဒီရေလှောင်တမံကနေ ပို့လွှတ်တဲ့ရေနဲ့ နှစ်စဉ် နွေစပါး စိုက်ပျိုးနေတဲ့ တောင်သူတစ်ဦး ဖြစ်ပါတယ်။ စိုက်ပျိုးဖို့ မြေပြုပြင် ပျိုးထောင်ချိန်ကနေ ရိတ်သိမ်းချိန်အထိရေအတွက် မပူပင်ခဲ့ရတဲ့အတွက် အထူးကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

ဘန့်ဘွေးကုန်းရေလှောင်တမံမှ စိုက်ပျိုးရေ၊ စက်မှုလုပ်ငန်းသုံးရေနှင့် သောက်သုံးရေအပြင် သီလဝါ အထူးစီးပွားရေးဇုန်၏ ရေထပ်မံလိုအပ်လာပါက ဖြည့်ဆည်းပံ့ပိုးပေးနိုင်ရေးအတွက် နှစ်ပေ မြှင့်တင် သိုလှောင်ခြင်းဖြင့် သိုလှောင်ရေပမာဏ ၄၄၀ ဧက ပေ (၁၁၉ ဒသမ ၆ ဂါလန်သန်း) ပိုမိုသိုလှောင်ပေးထားနိုင်ခဲ့ကြောင်း၊ ယခင်နှစ်က ဘန့်ဘွေးကုန်းရေလှောင် တမံမှ နွေစပါး စိုက်ပျိုးရေဂါလန် (၁၈၅ ဒသမ ၆၄) သန်း၊ ကျောက်တန်းမြို့နေ ပြည်သူများ အတွက် ရေဂါလန် (၁၃ ဒသမ ၆၉) သန်း၊ သဘော်ဖျက် စက်ရုံသို့ ရေဂါလန် ( ၄၀ ဒသမ ၈၆) သန်းပံ့ပိုးပေးဝေခဲ့ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်မှ လိုအပ်လာပါက တစ်နေ့လျှင် ဂါလန် (၀ ဒသမ ၂၂)သန်း ပံ့ပိုးပေးဝေသွားနိုင်မည် ဖြစ်ကြောင်းနှင့် ကျန်ရေပမာဏများကို ဒေသခံပြည်သူ များ သောက်သုံးရေချို မပြတ်လပ်စေရေးအတွက် သိုလှောင် ထားရှိပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ညီညီသန်း (နေပြည်တော်)**

# အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်မိတ်ဆက်ရှင်းလင်းခြင်း အခမ်းအနားကျင်းပ

မော်လမြိုင် မေ ၆

**အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်မိတ်ဆက် ရှင်းလင်းတင်ပြခြင်းနှင့် မွန်ပြည်နယ်တွင် အသင်းခွဲဖြစ်မြောက်ရေး အခမ်းအနားအစီအစဉ်တစ်ခုကို မေ ၆ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ Hotel K.S(Kindest Service) ၌ ကျင်းပခဲ့သည်။**




အသိဉာဏ်ပစ္စည်း ဆိုသည်မှာ ထိတွေ့ကိုယ်တွယ်၍မရသောပစ္စည်းကို ဆိုလိုပြီး အသိဉာဏ်ပစ္စည်း အခွင့်အရေးဆိုသည်မှာ စီးပွားလုပ်ငန်းဆောင်တာနယ်ပယ်တွင် ကြိုးပမ်းအားထုတ်စွမ်းဆောင်ခြင်း(အချိန်၊ အရင်းအနှီးနှင့် တွေးခေါ်ကြံဆမှုအရပ်ရပ်) မှ ဖြစ်ပေါ်လာသော ဥပဒေအရ အကာအကွယ်ရထိုက်သည့် မူပိုင်အခွင့်အရေးကို ဆိုလိုကြောင်း အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက ရှင်းပြသည်။

မိမိကိုယ်ပိုင် စိတ်ကူးစိတ်သန်း တီထွင်ဆန်းသစ် ဖန်းတီးထားသော အရာတို့ကို မူပိုင်ခွင့်မှတ်ပုံတင်ထားခြင်းဖြင့် မူပိုင်ခွင့် ပိုင်ဆိုင်သူအနေဖြင့် မိမိ၏ တီထွင်ဆန်းသစ်ဖန်တီးမှုအား အများက လေးစားအသိအမှတ်ပြု တန်ဖိုးထားခြင်းကို ရနိုင်မည်ဖြစ်ပြီး ဝယ်ယူသုံးစွဲလိုက်သူတို့အတွက်လည်း ပေးလိုက်ရသော ငွေကြေးနှင့်ထိုက်တန်သော ကုန်အမှတ်တံဆိပ်အစစ်အမှန် ဟုတ်မဟုတ် ဆုံးဖြတ်ခွင့်နှင့် စိတ်ကျေနပ်စရာကောင်းသော ရွေးချယ်ခွင့်ကို ရနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် (ကုန်ပစ္စည်းအမှတ်တံဆိပ်၊ ဝန်ဆောင်မှုအမှတ်တံဆိပ်) ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ တီထွင်မှု မူပိုင်ခွင့်၊ စာပေ၊ဂီတ အနုပညာအရပ်ရပ် မူပိုင်ခွင့် စသည်ဖြင့် အခြေခံအားဖြင့် မူပိုင်ခွင့် လေးမျိုးခွဲခြားထားကာ မူပိုင်ခွင့်အမှတ်တံဆိပ်ဖြင့် ဈေးကွက်တွင်းဖြန့်ဖြူးရောင်းချနေသော ပစ္စည်းများတွင် အရည်အသွေး စံချိန်စံညွှန်း အပြည့်ပါဝင်မည်ဖြစ်၍ ဝယ်ယူသုံးစွဲပြီးနောက် အာမခံဝန်ဆောင်မှုတို့ဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်အဝပါရှိမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းခဲ့ကြရာ IPPAM အသင်းပညာရှင်များက ဖြေကြားခဲ့ကြပြီး မွန်ပြည်နယ်ခွဲအသင်း ဖြစ်မြောက်ရေးအတွက် ပါဝင်လိုသူအသင်းသားများကို အဆိုပြုဖွဲ့စည်းခဲ့သည်။

ယခုကဲ့သို့ အခမ်းအနားများကို အခြား ပြည်နယ်၊ တိုင်းဒေသကြီးများတွင်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ သိရသည်။

**ခိုင်သက်အိမ်**







*စာမျက်နှာ ၈ မှ*

မြန်မာနိုင်ငံက အားလုံးသိတဲ့အတိုင်းပဲ LDC ဖြစ်တဲ့အတွက် ကုန်သွယ်မှုက အခွင့်အလမ်း အများကြီးရတယ်။ ထိုင်းဆို ကုန်သွယ်မှု နဲ့ပတ်သက်ပြီး GSP မရဘူး။ မြန်မာနိုင်ငံက GSP ရတယ်။ ထိုင်းဘက်က EU တို့၊ အမေရိကန်တို့ကို ကုန်ပစ္စည်းပို့ရင် အခွန်ကောက်မယ်။ မြန်မာနိုင်ငံကပို့ရင် အခွန်မကောက်ဘူး။ ဘာကြောင့်လဲဆိုတော့ ကုန်သွယ်မှုနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံကို အထူးအခွင့်အရေးပေးထားတယ်။ ကျွန်တော်တို့မှာ အခွင့်အရေးရှိတယ် အဲဒီအခွင့်အရေးရတာကို အသုံးမချနိုင်ဘူးဖြစ်နေတယ်။

**မေး ။ ။ အခုလက်ရှိ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရာမှာ အဓိကရင်ဆိုင်ရတဲ့ အခက်အခဲက ဘာတွေဖြစ်မလဲ။**

ဖြေ ။ ။ အဓိကအခက်အခဲက စီမံကိန်းဆောင်ရွက်တဲ့ Developer ပေါ့။ ကနဦး စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်တဲ့ ကုမ္ပဏီက လောလောဆယ် အီတာလျံထိုင်းကုမ္ပဏီပေါ့။ သူ့မှာ ငွေကြေးအခက်အခဲရှိတယ်။ ငွေကြေးအခက်အခဲရှိတဲ့အတွက် ဆောင်ရွက်နိုင်မှုအားနည်းတယ်။ Full Phase ပိုင်းမှာတော့ Developer ကို ငွေကြေးတောင့်တင်းခိုင်မာတဲ့ နိုင်ငံတကာ အတွေ့အကြုံရှိတဲ့ Developer ကိုခေါ်မှရမယ်။ မေလမှာ Master Plan ပြီးတာနဲ့ စီမံကိန်းတစ်ခုချင်းအလိုက် Developer ခေါ်ရမယ်၊ အဲဒီ Developer ကတော့ နိုင်ငံတကာက ဖြစ်မှာပေါ့၊

**မေး ။ ။ ဖြည့်စွက်ပြောလိုတာရှိရင် ပြောကြားပေးပါ။**

ဖြေ ။ ။ စီမံကိန်းတစ်ခု ဆောင်ရွက်တယ်ဆိုတာက ဘက်ပေါင်းစုံက နိုင်ငံရေးတည်ငြိမ်မှု၊ နိုင်ငံရဲ့ ပုံရိပ်ကောင်းမှု၊ ကိုယ့်နိုင်ငံ အစိုးရရဲ့ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်မှု၊ ပံ့ပိုးကူညီမှု ဒါတွေက အများကြီးလိုတယ်။ ဒီစီမံကိန်းတွေက အကြီးစားစီမံကိန်းတွေဖြစ်တယ်။ အကြီးစားစီမံကိန်းတွေဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရအနေနဲ့လည်း ထဲထဲဝင်ဝင် တိတိကျကျလုပ်မှ အောင်မြင်မှာဖြစ်ပါတယ်၊

**တွေ့ဆုံမေးမြန်း- သီသီမင်း၊ မင်းသစ် (MNA)**
**ဓာတ်ပုံ-နေလင်း**

## လှည်းကူး၌ ကျန်းမာရေး ပညာပေးဟောပြောပွဲကျင်းပမည်

**ရန်ကုန် မေ ၆**

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ ပြည်သူလူထု ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို မေ ၁၀ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့ မြို့နယ် အားကစားခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ပါမောက္ခယုဇနစောမြင့်က "နွေနှောင်းဖြစ်ပွားကလေးရောဂါများ"၊ ဒေါက်တာဝင်းဇော်က "သွေးချိုဆီးချိုကာကွယ်ပါ"၊ ဒေါက်တာနှင်းနှင်းယုက "ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုနှင့် သားဆက်ခြားခြင်း" ခေါင်းစဉ်တို့ဖြင့် ဟောပြောမည်ဖြစ်ရာ ဆရာဝန်အားလုံးနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ **ဗထူး**

# ရန်ကုန်အရှေ့ပိုင်းခရိုင် ဥပဒေရုံးဝန်ထမ်းအိမ်ရာသစ်ဖွင့်



**ရန်ကုန်  မေ ၆**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဥပဒေရုံး ဝန်ထမ်းအိမ်ရာသစ်ဖွင့်ပွဲကို မေ ၅ ရက်က အဆိုပါဥပဒေရုံးဝင်း အတွင်း၌ ကျင်းပရာ ပြည်ထောင်စု ရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်း သိန်းနှင့် တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ပြီး **(ယာပုံ)** ကမ္ပည်းတင်မော်ကွန်း ကျောက်ပြားကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်အရှေ့ပိုင်းခရိုင် ဥပဒေရုံးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ဝန်ထမ်းအိမ်ရာ ဖွင့်လှစ်ပေးနိုင်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဥပဒေအရာရှိနှင့် တာဝန်ရှိသူများက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

"အဓိကကတော့ မြန်မာနိုင်ငံ အနှံ့အပြားရှိ ဥပဒေရုံးတွေမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဥပဒေအရာရှိတွေ တစ်နေရာရာကို ပြောင်းရွှေ့ရတဲ့အခါမှာ အဓိက နေရေးထိုင်ရေးအဆင်ပြေဖို့ ဆောက်လုပ်တာပါ၊ ရန်ကုန်မှာလည်း တာဝန်ထမ်းဆောင်ပြီးနေကြတဲ့ ဥပဒေအရာရှိတွေဟာ များသောအားဖြင့် ဒီရန်ကုန်ကမဟုတ်ဘူး၊ နယ်အသီးသီးက နေဖြစ်ကြတာများပါတယ်၊ အခုလို တာဝန်ကျလာတဲ့အပေါ်မှာ နေရေး အဆင်ပြေဖို့ ဒီအိမ်ရာတွေကို ဆောက်လုပ်ရတာပါ"ဟု ရန်ကုန်အရှေ့ပိုင်းခရိုင် ဥပဒေအရာရှိ ဦးကိုကိုလေးက ပြောသည်။

အဆိုပါ ရန်ကုန်အရှေ့ပိုင်းခရိုင် ဥပဒေရုံးဝန်ထမ်းအိမ်ရာသည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးရန်ပုံငွေဖြင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့၏ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီး ဥပဒေချုပ်၏ကြီးကြပ်မှုဖြင့် ဗိုလ်မင်းဗိုလ်ဆောက်လုပ်ရေး ကုမ္ပဏီက တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အိမ်ရာသည် လေးထပ် လေးခန်းတွဲဖြစ်ပြီး စုစုပေါင်း ၁၆ ခန်းရှိကာ ၁၄၄၁၆ စတုရန်းပေရှိကြောင်း သိရသည်။ တစ်ခန်းအကျယ် ၉၀၀ စတုရန်းပေရှိပြီး အလျား ၁၀၆ ပေ၊ အနံ ၃၄ ပေနှင့် အမြင့် ၄၅ ပေ ကျယ်သည်။ Master Bed Room တစ်ခန်း၊ အိပ်ခန်း တစ်ခန်း၊ ဧည့်ခန်းတစ်ခန်းပါရှိပြီး အခန်းတိုင်းတွင် လေအေးပေးစက်တစ်လုံး ပါရှိကြောင်း သိရသည်။ သံကူကွန်ကရစ် အဆောက်အအုံဖြစ်သည်။ ငွေကျပ်သိန်း ပေါင်း ၃၉၀၀ ကျော် အကုန်ကျခံကာ အသုံးပြုထားကြောင်းသိရသည်။ ၂၀၁၇ နိုဝင်ဘာတွင် စတင်ဆောက်လုပ်ခဲ့ပြီး တည်ဆောက်ချိန် ငါးလကြာမြင့်ကြောင်း သိရသည်။ ထိုအိမ်ရာတွင် လက်ရှိ ရန်ကုန်အရှေ့ပိုင်းခရိုင် ဥပဒေရုံးတွင် တာဝန်ထမ်းဆောင်နေကြသော ဥပဒေအရာရှိဝန်ထမ်းများ၊ အခန်းများပိုလျှင် ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်း ၁၄ မြို့နယ်ဥပဒေရုံးမှ ဥပဒေအရာရှိများအား ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ထိန်ပင်အမှိုက်ပုံအောက်ခြေမှထွက်ရှိသည့် အပူငွေ့များအား လေးရက်မြောက် စောင့်ကြည့်ငြိမ်းသတ်လျက်ရှိ

ရန်ကုန်  မေ ၆

**ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင်အမှိုက်ပုံ မီးလောင်နေမှုကို အပြီးသတ် ငြိမ်းသတ်နိုင်ခဲ့ပြီးဖြစ်သော်လည်း အမှိုက်ပုံအောက်ခြေမှ ထွက်ရှိသည့် အပူရှိန် များကြောင့် ယနေ့တွင် လေးရက်မြောက်အဖြစ် စောင့်ကြည့်မှုများပြုလုပ်၍ ငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။** (အောက်ပုံ)



ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးမြင့်ဦးက "အမှိုက်ပုံအောက်ခြေကနေ အပူငွေ့ထွက်တဲ့နေရာတွေကို ပေါက်ပြားနဲ့ တူးဆွပြီး ရေနဲ့ငြိမ်းသတ်နေပါတယ်၊ တချို့နေရာတွေကိုတော့ Foam ဆေးရည်နဲ့ငြိမ်းပါတယ်၊ အောက်ခြေက အပူရှိန်ကြောင့် အငွေ့ထွက်တဲ့နေရာ တွေကို စောင့်ကြည့်ပြီးငြိမ်းသတ်နေတဲ့ အနေအထားပါ၊ ဧရိယာကျယ်ပြန့်တော့ စောင့်ကြည့်ရတဲ့ နေရာများတာပေါ့၊ စိုးရိမ်စရာမရှိပါဘူး၊ မီးလောင်မှုလည်းဖြစ်စရာအကြောင်းမရှိပါဘူး၊ အပူရှိန်ကြောင့် အငွေ့တွေထွက်နေတာကြောင့် ငြိမ်းသတ်နေရတဲ့ နောက်ထပ်နှစ်ရက်ဆိုရင်တော့ စောင့်ကြည့်ရတဲ့ အခြေအနေပြီးပါပြီ"ဟု ပြောသည်။

ထိုသို့ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက မီးငြိမ်းသတ်ယာဉ်များ၊ ရေသယ်ယာဉ်များ၊ စက်ယန္တရားကြီးများကိုအသုံးပြု၍ စောင့်ကြည့်ငြိမ်းသတ်မှုများ ပြုလုပ်လျက်ရှိသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဒေါက်တာအောင်မြင့်မော်က "ဒီနေ့မှာတော့ စောင့်ကြည့်အခြေအနေ လေးရက်မြောက်ရှိပါပြီ၊ အပူရှိန်ကြောင့် မီးခိုးထွက်တဲ့ဇုန်တွေ၊ စောင့်ကြည့်ပြီး ငြိမ်းသတ်ကြတာပါ၊ မနက်ဖြန်ကစပြီး ဇုန်တစ်ခုကို တစ်ရက်နှုန်းနဲ့ မီးခိုးထွက်တဲ့နေရာတွေ မကျန်အောင် အသေးစိတ်လိုက်လံစောင့်ကြည့်ပြီး အပြီးသတ်ဆောင်ရွက်သွားဖို့ စီစဉ်ထားပါတယ်၊ မနက်ဖြန်မှာတော့ ဇုန် (A)ကို စတင်ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ပြောသည်။

ယခုအခါ မီးငြိမ်းသွားခဲ့ပြီဖြစ်၍ ပူးပေါင်းအဖွဲ့များနှင့် မီးသတ်တပ်ဖွဲ့ဝင်တို့၏ အင်အားတို့ကို လျှော့ချခဲ့ကာ မီးခိုးထွက်ရှိမှုနှင့် မီးကြွင်းမီးကျန်များ မရှိစေရန် ပူးပေါင်းအင်အားတစ်ရာကျော်ဖြင့် မီးလောင်ပြင်အား စောင့်ကြည့်မှုများပြုလုပ်၍ အမှိုက်ပုံအောက်ခြေမှထွက်ရှိသည့် အပူအငွေ့များကို ငြိမ်းသတ်ရသည့် အဆင့်သာရှိကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# ဆူးလေဘုရားလမ်း၌ မီးလောင်မှုဖြစ်ချိန်တွင် တိုက်အနောက်ဘက်ပိုက်လုံးမှ တွယ်တက်ပြီး သူငယ်ချင်းများနှင့်အတူ ကူညီကယ်ဆယ်ခဲ့သည့် လူငယ်တစ်ဦး

ရန်ကုန်  မေ ၆

**ရန်ကုန်မြို့လယ် ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းအမှတ် ၁၈၀၊ ၁၈၂ ရှိ ခရီးသွားလုပ်ငန်းတစ်ခု၏ ရုံးခန်းရှိရာ သုံးလွှာ၌ မေ ၅ ရက် နံနက် ၈ နာရီ ၅၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ ရုံးခန်းအတွင်း လေအေးပေးစက်များဖွင့်ထား၍ မျက်နှာကြက်များအတွင်းရှိ ဝိုင်ယာကြိုးများ အပူလွန်ကဲရာမှ မီးလောင်ခြင်းဖြစ်ကြောင်း သိရသည်။**

ယင်းမီးလောင်မှုဖြစ်စဉ်တွင် တိုက်၏ သုံးလွှာ၌ ရှိနေသော အမျိုးသမီး တစ်ဦး၊ ကပ်လျက်ရှိသော ဟိုတယ်တိုက်မှသုံးလွှာနေ ပြည်ပနိုင်ငံသား ဇနီးမောင်နှံနှစ်ဦးနှင့် ယင်းတိုက်လေးလွှာရှိ ပြည်ပနိုင်ငံသူ အမျိုးသမီးတစ်ဦး စုစုပေါင်း လေးဦးကို နောက်ဖေးလမ်းကြားမှနေ၍ တိုက်အနောက်ဘက်ပိုက်လုံးများမှ တွယ်တက်ကာ ကယ်ဆယ်ပေးခဲ့သည့် လူငယ်တစ်ဦးအား မေ ၆ ရက်က ယင်းလူငယ် လုပ်ငန်းပြီးဆုံးချိန်လုပ်ငန်းခွင်တွင် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

အဆိုပါလူငယ်မှာ အသက် ၃၁ နှစ်ရှိပြီး ရန်ကုန်တစ်ဖက်ကမ်း ဒလမြို့နယ် အုံ့ကြီးအနောက်၌ နေထိုင်သည့် ကိုပြည့်ဇာနည်နွေ ဖြစ်သည်။

**ဝင်ရောက်လုပ်ကိုင်**

ပစ္စည်းအတင်အချ လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရာ ယခုလက်ရှိတွင် မီးလောင်သည့် တိုက်ခန်းအနီးရှိ အနော်ရထာလမ်းမပေါ် ၃၃ လမ်းနှင့် ဆူးလေဘုရားလမ်းထောင့်ရှိ ဆောက်လုပ်ရေးကုမ္ပဏီကြီးတစ်ခု၏ ကုန်တင်ကုန်ချလုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်နေသည်မှာ ငါးလရှိပြီဖြစ်သည်။

မီးလောင်သည့် နံနက်ပိုင်းတွင် လုပ်ငန်းခွင်အတွင်း အလုပ်လုပ်နေစဉ် မီးလောင်နေသည့်သတင်း ကြားသိရချိန်တွင် အခြားလုပ်သားအချို့နှင့်အတူ ၃၃ လမ်း နောက်ဖေးလမ်းကြား ဝင်ပေါက်မှ သွားကြည့်ခဲ့သည်။ မီးလောင်၍ မီးခိုးထွက်သည့် တိုက်သုံးလွှာပြတင်းပေါက်တွင် အမျိုးသမီးတစ်ဦးကို မြင်တွေ့ရသဖြင့် တိုက်နှစ်တိုက်ကြား ရေဆိုးပိုက်လိုင်းအပေါ်မှ တွယ်တက်သွားခဲ့သည်။

ပြတင်းပေါက်မှ အတွင်းဝင်ကာ အဆိုပါအမျိုးသမီးကို ဘယ်လက်ဖြင့် ပွေ့ချီကာ ပိုက်လုံးတန်းကို ညာလက်ဖြင့် ထိန်းကိုင်ကာ လျှောဆင်းခဲ့ရသည်။

**သူငယ်ချင်းများ၏ အကူအညီ**

မြေပြင်ရောက်ချိန်တွင် မီးလောင်သည့်တိုက်ဘေးမှ ဟိုတယ်၏ သုံးလွှာတွင် တရုတ်လူမျိုး ပြည်ပနိုင်ငံသားဇနီးမောင်နှံနှစ်ဦးနှင့် လေးလွှာတွင် အင်္ဂလိပ်လူမျိုးပြည်ပနိုင်ငံသူတစ်ဦးတို့ အကူအညီတောင်းနေသည်ကို မြင်တွေ့ရ၍ မိမိလုပ်ငန်းခွင်မှ သံငြမ်းများကို လုပ်ငန်းခွင်မှ လုပ်သားအချို့နှင့် သယ်ယူ၍ သံငြမ်းအနိမ့် အမြန်ဆင်ပြီး ပိုက်လိုင်းမှ တစ်ဆင့် ပြန်တက်ကာ ယင်းပုဂ္ဂိုလ်သုံးဦးကို မြေပြင်သို့ချပေးခဲ့ရကြောင်း သိရသည်။ ပထမဦးဆုံး အမျိုးသမီးကို ကယ်ဆယ်ရချိန်မှာ အပင်ပန်းဆုံးဖြစ်ပြီး ကျန်သုံးဦးကို ကယ်ဆယ်ရာတွင် လုပ်ငန်းခွင်မှ သူငယ်ချင်းများ၏ အကူအညီဖြင့် ကယ်ဆယ်နိုင်ခဲ့ခြင်းဖြစ်သည်။

**ကူညီလိုစိတ်**

မိမိအနေဖြင့် အမြင့်တက်လုပ်ငန်းများတွင် လုပ်ကိုင်ခြင်းမရှိခဲ့သော်လည်း မိမိရှေ့ အမြင့်တွင်ဒုက္ခကြုံတွေ့ရသည့် မြင်ကွင်းမြင်တွေ့ရချိန်တွင် ကူညီလိုစိတ်အားသန်သဖြင့် ယခုကဲ့သို့ ကူညီကယ်ဆယ်ခဲ့ရခြင်းဖြစ်ကြောင်း ပြောသည်။

ပြည်ပနိုင်ငံသူ အင်္ဂလိပ်အမျိုးသမီး အနေဖြင့် ကျေးဇူးတင်၍ ယင်းနေ့ နေ့လယ်ပိုင်းတွင် မိမိတို့ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ လုပ်သားများအား ဒံပေါက်ထမင်း ဝယ်ယူကျွေးမွေးကာ ဂုဏ်ပြုခဲ့သည်ဟု လုပ်သားများထံမှ သိရသည်။



ကိုပြည့်ဇာနည်နွေ

ယင်းကဲ့သို့သော ဖြစ်စဉ်အပေါ် မိမိအနေဖြင့် ဂုဏ်ယူပြောဆိုလိုခြင်းမရှိဘဲ သတင်းသမားအချို့ လာရောက်မေးမြန်းခြင်းကို ဖြေကြားခြင်းသာဖြစ်ကြောင်း၊ မိမိအမှတ်မထင်ပြုခဲ့မိသော လုပ်ရပ်အပေါ် ကျေနပ်အားရမိကြောင်း ရင်ထဲကစကားကို ပွင့်လင်းစွာပြောဆိုခဲ့သည်။

**ခင်ဆိုင်**

# ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ထိုင်းနိုင်ငံမှ ပြန်ရောက်လာမည့် မြန်မာနိုင်ငံသားများတည်းခိုနေရာချထားရန် ပြင်ဆင်မှုများအား ကြည့်ရှု

မြဝတီ မေ ၆

**ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းသည် မေ ၆ ရက် မွန်းလွဲ ၁ နာရီက မြန်မာ-ထိုင်းအမှတ်(၁)ချစ်ကြည်ရေးတံတားသို့ လာရောက်ပြီး ထိုင်းနိုင်ငံမှ မိမိသဘောဆန္ဒအလျောက် ပြန်လာမည့် မြန်မာနိုင်ငံသားများအား ကြိုဆိုနေရာချထားမည့် မြဝတီမြို့ ကျောက်လုံးကြီးစခန်းတွင် ကြိုတင်ပြင်ဆင်ထားမှုအခြေအနေများအား လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။**



ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးသည် ပြန်လည်ဝင်ရောက်လာမည့် မြန်မာနိုင်ငံသားများ နေထိုင်ရန် နေရာထိုင်ခင်းပြင်ဆင်ထားမှု အခြေအနေများ၊ ချက်ပြုတ်ကျွေးမွေးရန် ပြင်ဆင်ထားမှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးနိုင်မှု အခြေအနေများနှင့် နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

**သောင်ရင်းမြစ်ရေလမ်းကြောင်း အခြေအနေ**

ထို့နောက် သံအမတ်ကြီးသည် မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတား တည်ဆောက်ရေးလုပ်ငန်းများအား လည်းကောင်း၊ မြဝတီကုန်သွယ်ရေးဇုန်ရှိ လုပ်ငန်းဆောင်ရွက်မှုများအား လည်းကောင်း ကြည့်ရှုလေ့လာပြီး အမှတ်(၁) ချစ်ကြည်ရေးတံတားအောက်ရှိ ရေလယ်ကျွန်းတည်ရှိမှုနှင့် သောင်ရင်းမြစ်ရေလမ်းကြောင်း စီးဆင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**ပြန်လည်လက်ခံ**

ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လာမည့် မြန်မာနိုင်ငံသားများသည် မြဝတီမြို့သို့ မေ ၇ ရက်တွင် ပြန်လည်ဝင်ရောက်လာမည်ဖြစ်ပြီး နှစ်နိုင်ငံတာဝန်ရှိသူများက အခမ်းအနားဖြင့် ကြိုဆိုမည်ဖြစ်သည်။ ယခုကဲ့သို့ ပြန်လည်လက်ခံခြင်းသည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်တွင် အိမ်ထောင်စု ၁၉ စု၊ အမျိုးသား ၃၀၊ အမျိုးသမီး ၃၅ ဦး၊ စုစုပေါင်း ၆၅ ဦးအား ပြန်လည်လက်ခံကြိုဆိုခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မိုင်းဆတ်-တာချီလိတ်ကားလမ်းအား အစိုးရထံပြန်လည်လွှဲပြောင်းပေးအပ်ရန် တွေ့ဆုံညှိနှိုင်းပွဲ မိုင်းဆတ်မြို့၌ ကျင်းပ

**မိုင်းဆတ် မေ ၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်ခရိုင်နှင့်တာချီလိတ်ခရိုင်ကို ဆက်သွယ်ထားရှိသော မိုင်းဆတ်-တာချီလိတ်ကားလမ်းအား “ဝ” အထူးဒေသ(၂)က နိုင်ငံတော်အစိုးရသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရန် နှစ်ဖက်တွေ့ဆုံညှိနှိုင်းပွဲ အခမ်းအနားကို မေ ၆ ရက် နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိရတနာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာကြသည့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင် ဦးဆောင်သော ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများနှင့် “ဝ”အထူးဒေသ(၂) တောင်ပိုင်းစစ်ဒေသမှ ဦးအားဖူ ဦးဆောင်သောအဖွဲ့ဝင်များက အပြန်အလှန်မိတ်ဆက်ကြပြီး မိုင်းဆတ်-တာချီလိတ်ကားလမ်းကို နိုင်ငံတော်အစိုးရထံ ပြန်လည်လွှဲပြောင်းပေးအပ်ရန် နှစ်ဖက်တာဝန်ရှိသူများ အပြန်အလှန် ဆွေးနွေးသည်။

ထို့နောက် “ဝ” အထူးဒေသ(၂) မှ ဦးအားဖူက မိုင်းဆတ်-တာချီလိတ်လမ်းသည် “ဝ” အထူးဒေသ(၂)က ဖောက်လုပ်ထားသောလမ်းဖြစ်ပြီး ယခင်နှစ် မိုးရာသီက လမ်းပျက်စီး၍ ပြည်သူများ သွားလာရေးခက်ခဲမှုများရှိခဲ့သောကြောင့် ရှမ်းပြည်နယ်အစိုးရကလည်း အကြောင်းကြားမှုများ ရှိခဲ့ကြောင်း၊ ပြည်သူအများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရည်ရွယ်၍ နိုင်ငံတော်အစိုးရထံ ပြန်လည်လွှဲပြောင်းပေးအပ်ရန်သဘောတူပါကြောင်း၊ အစိုးရအနေဖြင့် ယခုလမ်းကို အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်ပေးစေလိုကြောင်းနှင့် မိမိတို့ အထူးဒေသ(၂) တပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များ သွားလာရာတွင် လမ်းအသုံးပြုခ ကင်းလွတ်ခွင့်ပြုပါရန်စသည့် အချက်နှစ်ချက်ကို တောင်းဆိုလိုကြောင်း ဆွေးနွေးညှိနှိုင်းသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်က မိုင်းဆတ်-တာချီလိတ်ကားလမ်းအား အစိုးရထံ ပြန်လည်အပ်နှံရန် သဘောတူခြင်းအတွက် ဝမ်းသာကြိုဆိုပါကြောင်း၊ လမ်းလွှဲပြောင်းလက်ခံနိုင်ရေးနှင့် ဆွေးနွေးညှိနှိုင်းချက်များအား ရှမ်းပြည်နယ်အစိုးရထံ အမြန်ဆုံးတင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားပြီး စုပေါင်းအမှတ်တရမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးသည်။



အဆိုပါအခမ်းအနားသို့ “ဝ” အထူးဒေသ(၂)မှ ဦးအားဖူ၊ ဦးအားဖီ၊ ဦးဆမ်ကင်း၊ ဦးအိုင်ရုန်း၊ ဦးစံလော့ဒ်၊ ဦးကျော်လှ၊ ဦးအိုင်စံဘွေ၊ ဦးဟဲလူ၊ ဦးဆိုင်းခွီး၊ ဦးအားရီ၊ ဦးကျကျီး၊ ဦးအိုင်မိန်း၊ ဦးအိုင်နိုးနှင့် ဦးအိုင်သောင်းတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## အင်းမမြို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်နှင့် လျှပ်စစ်မီးတိုင်များ ပြိုလဲပျက်စီး

**အင်းမ မေ ၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် အင်းမမြို့တွင် ယနေ့ညနေ ၅ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် သီရိသုခရပ်ကွက်နှင့် သီရိဝေဖြာရပ်ကွက်တို့တွင် နေအိမ်အလုံး ၂၀ ကျော်နှင့် သိမ်ကျောင်းတစ်ကျောင်းတို့ အမိုးလန်ပျက်စီးပြီး အိမ်နှစ်လုံးနှင့် လျှပ်စစ်မီးတိုင်သုံးတိုင် ပြိုလဲခဲ့ကြောင်း သိရသည်။

**တင်ဝင်းဇော်**

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

# ကန့်ဘလူ၌ လေပြင်းတိုက်၍ နေအိမ်အချို့ပျက်စီး

**ကန့်ဘလူ မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် မေ ၄ ရက်နှင့် ၅ ရက်က မိုးသက်လေပြင်းများတိုက်ခတ်ခဲ့၍ လူနေအိမ်တချို့ အမိုးလန်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မေ ၄ ရက်က မိုးသက်လေပြင်းများ တိုက်ခတ်ခဲ့၍ ကန့်ဘလူမြို့နယ် ချပ်သင်းကျေးရွာတွင် ဦးမျိုးဝင်း၏ နေအိမ်အမိုးသွပ် ၃၅ ချပ်နှင့် သစ်အချောင်း ၂၀၊ ညောင်ကုန်းကျေးရွာ၌ ကျောင်းဆရာမနေအိမ်အမိုးသွပ် ခုနစ်ချပ်၊ ပင့်သာကြီးကျေးရွာအုပ်စု အုတ်ခင်းကျေးရွာတွင် ဦးဆန်းချို၏ နေအိမ်အမိုးသွပ်ငါးချပ်၊ ဦးသန့်ဇင်ဦး၏ နေအိမ်အမိုးသွပ်နှစ်ချပ် စုစုပေါင်း ပျက်စီးဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၃၃၁၄၀၀ ရှိကြောင်းနှင့် မေ ၅ ရက်က မြေထူးကျေးရွာအုပ်စု ဝါးရုံဘုတ်ကျေးရွာတွင် ဦးဖိုးတုတ်၏ နေအိမ်အမိုးသွပ် ၂၂ ချပ်၊ ဦးသိန်းညွှန့်၏ နေအိမ်အမိုးသွပ် ၂၂ ချပ် ပျက်စီးသွားပြီး ဦးတင်မင်း၏ နေအိမ်နှစ်ခန်းပတ်လည် သက်ကယ်မိုးထရံကာ ပျက်စီးသွားခဲ့ပြီး စုစုပေါင်းပျက်စီးဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၄၅၅၆၀၀ ခန့် ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ပျက်စီးသွားသည့်လမ်းအား စုပေါင်းပြုပြင်

**တောင်တွင်းကြီး မေ ၆**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် ဧပြီ ၂၈ ရက် ညပိုင်းက လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် တရုပ်ကောအုပ်စု သဖန်းကုန်းကျေးရွာလမ်းများ ရေစီးနောက် မျောပါပျက်စီးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ပျက်စီးသွားသည့်လမ်းများကို ပြုပြင်ဆောင်ရွက်လျက်ရှိရာ မေ ၆ ရက် နံနက်ပိုင်းက အုပ်စုအုပ်ချုပ်ရေးမှူး ဦးမြင့်ကိုကို၊ လမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းကြည်နှင့် ရွာသူ၊ ရွာသားများက ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ မြေသားတင်ခြင်း၊ သဲဖို့ခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နိုင်ဝင်း(မြို့နယ် ပြန်/ဆက်)**



## ခွေးရူးပြန်ရောဂါ ဂရုပြုကာကွယ်ပါ

ခွေးရူးပြန်ရောဂါဆိုသည်မှာ ခွေးရူးပြန်ရောဂါဖြစ်စေသော ဗိုင်းရပ်စ်ပိုးတစ်မျိုးကြောင့် ဖြစ်ပွားပြီး ရာနှုန်းပြည့် သေဆုံးနိုင်သော ရောဂါဆိုးဖြစ်ပါသည်။

ခွေးကိုက်ခံရပါက ခွေးရူးပြန်ရောဂါမဖြစ်စေရန် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ပါ။

- ဒဏ်ရာကို ဆပ်ပြာ၊ ရေတို့ဖြင့် အနည်းဆုံး (၁၅)မိနစ် ဆေးကြောပါ။
- အနာကို အရက်ပြန် (သို့) ဘီတာဒင်းကဲ့သို့သော ပိုးသန့်စင်ဆေးရည်ထည့်ပါ။
- ဦးခေါင်း၊ လည်ပင်းနှင့် လက်ချောင်းထိပ်တို့တွင် အကိုက်ခံရပါက ရောဂါပျံ့နှံ့မှု ပိုမိုလျင်မြန်နိုင်ပါသဖြင့် အရေးပေါ် ချက်ချင်းကုသမှုခံယူရန် လိုအပ်ပါသည်။
- ခွေးရူးပြန်ရောဂါ မဖြစ်စေရန် တစ်ခုတည်းသော ကာကွယ်ရန်နည်းလမ်းမှာ ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးကို အမြန်ဆုံးနှင့် အကြိမ်ပြည့် ထိုးနှံရန်ဖြစ်ပါသည်။

ကာကွယ်ဆေးကို အချိန်မီထိုးနှံခြင်းဖြင့် ခွေးရူးပြန်ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ပါသဖြင့် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးသွားရောက်ကုသမှုခံယူရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# မရမ်းချောင် စစ်ဆေးရေးအဖွဲ့ ရှောင်တခင်စစ်ဆေးရာ လိုင်စင်မဲ့ယာဉ်တစ်စီးဖမ်းမိ

နေပြည်တော် မေ ၆

**တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး မေ ၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၆၆ စီး ၊ သွင်းကုန် ၉၄၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃ စီး ၊ သွင်းကုန် ၁၅၉ စီး ကုန်စည် များသယ်ယူပို့ဆောင်လျက်ရှိသည်။**

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၅ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၉၁၅ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၉၁၇ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၁မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅ ဒသမ ၈၃၂ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၅ ရက်တွင် မရမ်းချောင် စစ်ဆေးရေးစခန်းပူးပေါင်း စစ်ဆေးရေးအဖွဲ့က သစ်ဆိပ်ပင် ကျေးရွာ ရှောင်ကွင်းလမ်းအတွင်း ရှောင်တခင်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ TOYOTA CROWN MAJESTA မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် လေးသန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**



# မူးယစ်တပ်ဖွဲ့စုများ စစ်ဆေးရှာဖွေမှုဖြင့် ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၆**

မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး (မြောက်ပိုင်း) မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၅ ရက် မွန်းတည့် ၁၂ နာရီက ပုသိမ်ကြီးမြို့ ကုန်းတန်းလေး ရပ်ကွက် စာကြည့်တိုက်လမ်းနှင့် အေးသာယာ လမ်းသွယ်ထောင့်ရှိ သီဟစိုး၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၇၂ ပြားနှင့်အိုက်စ် ၁၈ ဂရမ်၊ အိမ်ရှေ့တွင်ရပ်ထားသည့် GRAND MARK-II မော်တော်ယာဉ်၏ နောက်ဖုံးတူးဘောက်စ်အတွင်းမှ (ဘိန်းဖြူအလေးချိန် ၉၀ ဂရမ်)၊ ဘိန်းဖြူပင်နီဆီလင် ခုနစ်ပုလင်း (ဘိန်းဖြူအလေးချိန် ၂ ဒသမ ၁ ဂရမ်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၆၉ ပြား၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် ၃၆ ဂရမ်၊ အိုက်စ် ၈၄၁ ဂရမ်၊ ဘိန်းစိမ်း ၂၇၆ ဒသမ ၃၃ ဂရမ်နှင့် လက်ကိုင်ဖုန်း တစ်လုံး တို့ကို လည်းကောင်း။

ယင်းနောက် မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က တာချီလိတ်မြို့ မကာဟိုခမ်း ရပ်ကွက် ဂေါက်ကွင်းလမ်း ပြည်သူ့ဆေးရုံကြီးအနီး၌ လီဆီး(ခ)ဂျပု (ခ) အားဂျာ မောင်းနှင်ပြီး ဂျော်နီနှင့် အားဆော်တို့ လိုက်ပါလာသည့် Mark-II မော်တော်ယာဉ်ကို စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၃ နာရီ မိနစ် ၄၀ က မူးယစ်တပ်ဖွဲ့စု (၂၃) တန့်ယန်း မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့အထွက် တန့်ယန်း-လားရှိုးသွားကားလမ်းအနီးတွင် အောင်သိန်းနိုင်(ခ)ဖိုးသား မောင်းနှင်ပြီး စိုင်းဆန်ကျော်(ခ)စိုင်းကျော် လိုက်ပါလာသည့် PAJERO မော်တော်ယာဉ်ကို ရှာဖွေရာ အိုက်စ် တစ်ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း၊ အလားတူ နံနက် ၁၀ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၂၂ မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့နယ်၊ နမ့်ခမ်း-မန့်နောင် ကျေးရွာသွားကားလမ်း၌ ကျောက်ယူးဝင်း မောင်းနှင်ပြီး လင်လုံ(တရုတ်နိုင်ငံသား)နှင့် ခဲ့န်းကျင်းပြော(တရုတ်နိုင်ငံသား)တို့ လိုက်ပါလာသည့် PAJERO မော်တော်ယာဉ်ကို ရှာဖွေရာဘိန်းဖြူဘလောက်တုံး ၁၀ တုံးကိုလည်းကောင်း။

အလားတူ မေ ၆ ရက် နံနက် ၁၀ နာရီက ကွတ်ခိုင်မြို့နယ် ခိုလုံကျေးရွာအနီး ကွတ်ခိုင်-ကောင်းခါးသွားကားလမ်း၌ ကျန်ရင်းဟောင် မောင်းနှင်သည့် LANDCRUISER မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူဘလောက်တုံး ၃၄ တုံး(ဘိန်းဖြူအလေးချိန် ၁၁ ဒသမ ၉ ကီလို) ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

# ကျိုင်းတုံတွင် နေအိမ်တစ်လုံးမီးလောင် အိပ်နေသည့်ကလေးငယ်နှစ်ဦးသေဆုံး

**ကျိုင်းတုံ မေ ၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ အမှတ်(၁)ရပ်ကွက်လုပ်သားရွာတွင် မေ ၆ ရက် ည ၁၁ နာရီခွဲက မီးလောင်မှုကြောင့် ကလေးငယ်နှစ်ဦးသေဆုံးကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရခြင်းမှာ မခင်ထွေးသည် ည ၉ နာရီကျော်က နေအိမ်ဘုရားစင်၌ မီးထွန်းထားပြီး ရွာထဲရှိနာရေးအိမ်သို့ရောက်ရှိနေစဉ်ဘုရားစင်မှ မီးလောင်ခဲ့ကြောင်း၊ အိမ်အတွင်း၌ သားဖြစ်သူမောင်ဉာဏ်လင်းခန့် (၆ နှစ်) နှင့် မောင်အောင်မင်းကျော် ၂ နှစ် ၆လတို့ အိပ်ပျော်နေသဖြင့် မီးလောင်ရာတွင် သေဆုံးသွားကြောင်း၊ မီးအားရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီ မိနစ် ၅၀ တွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ အခင်းဖြစ်ရာသို့ ကျိုင်းတုံမြို့မရဲစခန်းမှူး ဒုတိယရဲမှူးသန်းထွန်းအောင်နှင့် ရပ်ကွက်မှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိစစ်ဆေးပြီး မီးပေါ့ဆမှုကြောင့် မခင်ထွေး (၂၄ နှစ်) အား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မိတ္ထီလာဆေးရုံကြီးမှ ဆရာဝန်၏ကား ခိုးသူကို ဖမ်းမိ

**မိတ္ထီလာ မေ ၆**

မိတ္ထီလာမြို့ ပြည်သူ့ဆေးရုံကြီးတွင် မေ ၃ ရက် ညက တာဝန်ကျသည့် ဒေါက်တာဆုဆုဝေသည် ၎င်းပိုင် MDY-5J/... ဟွန်ဒါဖစ်ကားအား ဆေးရုံရှေ့၌ ရပ်ထားပြီး မေ ၄ ရက် နံနက်တာဝန်ပြီး၍ အိမ်ပြန်ချိန်တွင် ဆေးရုံရှေ့ရပ်ထားသောကားမှာ ပျောက်ဆုံးသွားသဖြင့် မိတ္ထီလာမြို့မရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့သည်။

ကားခိုးသူအား အမြန်ဆုံးဖမ်းဆီးပေါ်ပေါက်စေရန် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး သိန်းကိုကို၏ ညွှန်ကြားချက်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးညွန့်ထွန်း ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များသည် မြို့ဝင် မြို့ထွက်တိုးဂိတ်များတွင်လည်းကောင်း၊ မြို့ပေါ်ရပ်ကွက်အသီးသီးတွင်လည်းကောင်း၊ ပျောက်ဆုံးသွားသောကားအားလိုက်လံစုံစမ်းရာ မိတ္ထီလာ-မန္တလေးကားလမ်း၊ သပြေဝတိုးဂိတ်တွင် ပျောက်ဆုံးသွားသောကားမှာ မေ ၄ ရက်နံနက် ၆ နာရီက မန္တလေးလမ်းဘက်သို့ ထွက်သွားပြီး နံနက် ၈ နာရီတွင် မိတ္ထီလာမြို့တွင်းသို့ ပြန်ဝင်လာကြောင်း CCTV ကင်မရာမှ တွေ့ရှိခဲ့သည်။

ဆက်လက်၍ လိုက်လံရှာဖွေရာ မိတ္ထီလာမြို့ဝန်ဇင်းရပ်ကွက်၊ တဝဂူဘုရားဈေးတန်းအနီး (ပေါင်မုန့်ဆိုင်) ဆိုင်အတွင်းမှ မသင်္ကာသူ ဘချစ်(ခ) မျိုးလွင် (၂၉ နှစ်)အား စစ်ဆေးရာခိုးယူသွားသောကားအား ဝန်ဇင်းရပ်ကွက် ၊ တဝဂူဘုန်းကြီးကျောင်းအတွင်းမှ သိမ်းဆည်းရမိခဲ့သည်။

ကားခိုးသူ ဘချစ် (ခ) မျိုးလွင်၊ (၂၉နှစ်)၊ တလိုင်းရွာ ၊ ကျောက်ပန်းတောင်း မြို့နယ်နေသူအား ခိုးရာပါကား၊ ခိုးရာပါ ဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအားအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# နာရေးအိမ်၌ မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်

**တပ်ကုန်း မေ ၆**

နေပြည်တော် တပ်ကုန်းမြို့နယ် ကြိုးကြာအင်းကျေးရွာအုပ်စု ပိတောက်ကုန်းကျေးရွာ နာရေးအိမ်၌ မေ ၆ ရက် နံနက် ၄ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပိတောက်ကုန်းကျေးရွာ နာရေးအိမ်တွင် နာရေးကိစ္စအတွက် အသုံးပြုထားသော မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် အနီးရှိအိမ်ထရံသို့ မီးကူးစက်လောင်ကျွမ်းနေသဖြင့် ဖုန်းဖြင့်အကြောင်းကြားခဲ့ရာ ညောင်လွန့်ကျေးရွာအုပ်စု၊ ညောင်လွန့်နယ်မြေ၊ မီးသတ်စခန်းတာဝန်ခံ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဝင်းနိုင်ဇော် ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်၊ မီးငြှိမ်းသတ်ယာဉ်တစ်စီး၊ ကျေးရွာ ပြည်သူလူထုနှင့် တာဝန်ရှိသူများ ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ မိနစ် ၄၀ တွင် မီးကိုထိန်းနိုင်ခဲ့၍ ၄နာရီ ၄၅ မိနစ်တွင် မီးလုံးဝငြှိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့၍ လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။ **တင်စိုးလွင်**

# ကျိုင်းတုံမြို့၌ ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ရာ နေအိမ်တစ်လုံးဆုံးရှုံး

**နေပြည်တော် မေ ၆**

ရှမ်းပြည်နယ် ကျိုင်းတုံမြို့ ရပ်ကွက် ၃၊ ဝေါ်ဟေးရွာ၏ မြောက်ဘက် ၁ မိုင် ၄ ဖာလုံ ခန့်အကွာတွင် မေ ၄ ရက် ည ၇ နာရီ မိနစ် ၃၀ ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ကျိုင်းတုံမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ဝိုင်းဝန်း ငြှိမ်းသတ်ခဲ့ရာ ၂၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။

စစ်ဆေးချက်အရ ဒေါ်နန်းကျောက်၏ နေအိမ်တွင်ငှားရမ်းနေထိုင်သူ မထွေးအိဝေ (၂၅ နှစ်) သည် နေအိမ်စားပွဲပေါ်တွင် ဖယောင်းတိုင်မီးထွန်းထားရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကြောင့် နှစ်ထပ်နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် မထွေးအိဝေအား ကျိုင်းတုံမြို့မရဲစခန်းက အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အောင်မြေသာစံမြို့နယ် မဟာဇေယျာဘုံရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

**မန္တလေး မေ ၆**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မဟာဇေယျာဘုံရပ်ကွက် ၂၅×၂၆ လမ်းကြား၊ ၆၂×၆၃ လမ်းကြား မြစန္ဒာလမ်းသွယ်ရှိ ဒေါ်အေးမီပိုင်၏ တစ်ထပ်နံကပ်တိုက်တွင် မေ ၆ ရက် မွန်းတည့် ၁၂ နာရီက လျှပ်စစ်မီးပူအပူလွန်ကဲရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုအား တိုင်းမီးသတ်ဦးစီးမှူး သန်းဇော်ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်အောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်နေပြည်သူများမှ ဝိုင်းဝန်း ငြှိမ်းသတ်ရာ ၁၂ နာရီ ၅ မိနစ်တွင် မီးငြှိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် အိပ်ခန်းအတွင်းရှိ မွေ့ရာ၊ ခြင်ထောင်၊ စောင်နှင့်ပစ္စည်းအနည်းငယ် မီးလောင်ကျွမ်းခဲ့ပြီး အိမ်စောင့်ဖြစ်သူ ဦးစိုးနိုင်အား အမှတ် (၁) နယ်မြေရဲစခန်းက အရေးယူခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မန္တလေး၌ လျှပ်စစ်မီးခုံ ဝိုင်ယာရှော့ခ်ဖြစ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မေ ၆**

မန္တလေးတိုင်းဒေသကြီး သံလျှက်မော်အရှေ့ရပ်ကွက် ၄၁×၄၂ လမ်းကြား၊ ၈၈×၈၉ လမ်းကြားတွင် မေ ၅ ရက် နံနက် ၆ နာရီ ၁၀ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ် ၇ နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုမှာ အဆိုပါလမ်းကြားနေ ဦးဝင်းရွှေ(၅၅)နှစ်၏ သွပ်မိုး၊ ထရံကာနေအိမ် လျှပ်စစ်မီးခုံဝိုင်ယာရှော့ခ်ဖြစ်ရာမှ တစ်ဆင့် နေအိမ်ထရံသို့ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဦးဝင်းရွှေအား အမှတ် ၇ နယ်မြေရဲစခန်း က အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မီးလောင်လျှင်

- ထွက်မပြေးပါနှင့် စိတ်ကိုတည်တည်ငြိမ်ထားပါ။
- ကျိတ်မငြှိမ်းပါနှင့် ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
- နီးစပ်ရာမီးသတ်စခန်းသို့ အမြန်ဆုံး အကြောင်းကြားပါ။
- ဝိုင်းဝန်း၍ ကြိုးစားငြှိမ်းသတ်ပါ။
- မီးသတ်တပ်ဖွဲ့နှင့် ပြည်သူများ အချိန်မီပူးပေါင်းငြှိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

# မြန်မာ့ရုပ်မြင်သံကြား

၇-၅-၂၀၁၈ (တနင်္လာနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - MRTV Travelogue
၈း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန)
၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၃း၁၅ - သုခမရင်ခွင်အငြိမ့်သဘင် **မန္တလေးဦးပေါ်စိန်နှင့် အဖွဲ့ အငြိမ့်** (မင်းသမီး-ဟန်ဝင့်ဝါ၊ လူရွှင်တော်-ပွင့်လင်း၊ ပေါ်စိန်၊ တက်တိုး)
ဒါရိုက်တာ-ဖုန်းမြင့်အောင်

**ညပိုင်း**

၁၇း၀၅ - This Week's special Interest
၁၇း၂၀ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ(၅၀)**
၁၇း၃၅ - Yes or No Talk Show
၁၈း၃၅ - ဥပဒေရေးရာအဖြာဖြာ **အဆိပ်သင့်သောစာ**
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာကာလီ** (အပိုင်း-၅)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - ရုရှားနိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခန်း အစီအစဉ်
- နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင်နှင့်ခေါင်းဘုရင်** မိုးနတ်မင်းရဲ့ဒေါသမာန် (အပိုင်း-၄)
- နိုင်ငံခြားဇာတ်လမ်းတွဲ **မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း** (အပိုင်း-၆)

## ❊ *ကျောဖုံးမှ*

အသင်းအနေဖြင့် ဗီယက်နမ်အသင်းကို ဂိုးပြတ်အနိုင်ရမှသာ မျှော်လင့်ချက်ရှိမည်ဖြစ်သည်။ သို့သော် မြန်မာအသင်းအနေဖြင့် အုပ်စုပထမနေရာအတွက် စင်ကာပူ၊ ဖိလစ်ပိုင်အသင်းတို့နှင့်ပွဲများတွင် အနိုင်ရလဒ်အပြင် ဂိုးပြတ်သွင်းယူနိုင်ရန်ပါ လိုအပ်နေသည်။ မြန်မာအသင်းပါဝင်သည့် အုပ်စု(က)တွင် ဗီယက်နမ်နှင့် မြန်မာအသင်းက နှစ်ပွဲကစား လေးမှတ်စီ၊ မလေးရှားအသင်းက သုံးပွဲကစား လေးမှတ်၊ စင်ကာပူအသင်းက သုံးပွဲကစား နှစ်မှတ်၊ ဖိလစ်ပိုင်အသင်းက နှစ်ပွဲကစား တစ်မှတ်ရထားသည်။ အုပ်စု(ခ) ပွဲစဉ်များမှာ မေ ၆ ရက်က ပြီးဆုံးသွားပြီး အိမ်ရှင်အင်ဒိုနီးရှားအသင်း အုပ်စုအဆင့်မှ ထွက်ခဲ့ရကာ ထိုင်းအသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ လာအိုအသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရကာ ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

**ရဲရင့်ရှိုင်း**

## ❒ *ကျောဖုံးမှ*

မီတာ (၂၀၀) ၁၀ တက်လှော်အမျိုးသားပြိုင်ပွဲ၊ မီတာ (၅၀၀) ၁၀ တက်လှော်အမျိုးသားပြိုင်ပွဲနှင့် မီတာ (၅၀၀) ၁၀ တက်လှော် အမျိုးသမီးပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်သည် ဩဂုတ်လတွင် ယှဉ်ပြိုင်ရမည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် သွားရောက်ယှဉ်ပြိုင် ခြင်းဖြစ်ပြီး ကစားသမား ၂၈ ဦး ပါဝင်သွားသည်။ **သတင်း-ဖိုးသော်ဇင်**

# လိဒ်စ်ယူနိုက်တက်အသင်းခြေစမ်းပွဲအတွက် လက်ရွေးစင်နှင့် MNL All Star အသင်းပြင်ဆင်

ရန်ကုန် မေ ၆

**မေ ၉၊ ၁၁ ရက်တွင် ယှဉ်ပြိုင်ကစားမည့် အင်္ဂလန်လိဂ်ချန်ပီယံရှစ် ကလပ်လိဒ်စ်ယူနိုက်တက်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်အသင်းနှင့် MNL All Star အသင်းသည် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။**



MNL All Star **အသင်းတွင် ပါဝင်လာသည့် သက်နိုင်**

မြန်မာ့လက်ရွေးစင်အသင်းသည် ကစားသမား ၁၉ ဦးဖြင့် လေ့ကျင့်လျက်ရှိပြီး မေ ၆ ရက်နံနက်ပိုင်းတွင် မြန်မာနေရှင်နယ်လိဂ်ကလပ် စစ်ကိုင်းယူနိုက်တက်အသင်း နှင့် ခြေစမ်းပွဲကစားရာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယင်းခြေစမ်းပွဲကို မိနစ် ၃၀ နှစ်ပိုင်းသာ ကစားခြင်းဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်း မန္တလေးမြို့သို့ မသွားရောက်မီယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းတွင် ရွေးချယ်ထားသည့် ကစားသမားများအနက် ဒဏ်ရာအနည်းငယ်ရထားသည့် တောင်ပံကစားသမား နေလင်းထွန်းကို အခြားကစားသမားတစ်ဦးနှင့် အစားထိုးဖွယ်ရှိနေသည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်း၊ လက်ထောက်နည်းပြအဖြစ် ဦးအောင်ကျော်မိုး နှင့် ဦးဇော်လင်းထွန်း၊ ဂိုးနည်းပြအဖြစ် ဦးအောင် ကျော်ကျော်တို့က ကိုင်တွယ်လျက်ရှိသည်။

MNL All Star အသင်းကို ကစားသမား ၂၂ ဦးဖြင့် ဖွဲ့စည်းထားပြီး နောက်ခံလူ ဝင်းမင်းထွဋ်အစား GFA အသင်း၏ နိုင်ဂျီးရီးယားနောက်ခံလူ အီဖာကို အစားထိုးရွေးချယ်ထားသည်။ MNL All Star အသင်းကို နည်းပြချုပ်အဖြစ် ဦးငွေထွန်း က ကိုင်တွယ်နေပြီး စင်ကာပူနိုင်ငံသားနည်းပြ ဆီဗာဂျီက အုပ်ချုပ်သူအဖြစ် ဆောင်ရွက်လျက်ရှိသည်။ ခြေစမ်းပွဲများအဖြစ် မေ ၉ ရက်တွင် သုဝဏ္ဏကွင်း၌ MNL All Star အသင်းနှင့် လိဒ်စ်ယူနိုက်တက်အသင်း၊ မေ ၁၁ ရက်တွင် မန္တလာသီရိကွင်း၌ မြန်မာ့လက်ရွေးစင်အသင်းနှင့် လိဒ်စ်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ကာ ကြိုတင်လက်မှတ်များ ရောင်းချလျက်ရှိသည်။ လိဒ်စ်ယူနိုက်တက်အသင်းသည် ခြေစမ်းပွဲများကစားရန် မေ ၈ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်ပြီး ဒဏ်ရာရကစားသမားများမှလွဲ၍ လူစုံပါဝင်လာမည်ဖြစ်သည်။

MNL All Star အသင်းတွင် **အုပ်ချုပ်သူ** - ဆီဗာဂျီ (ဟံသာဝတီ)၊ **နည်းပြချုပ်** - ဦးငွေထွန်း (ဟံသာဝတီ)၊ **လက်ထောက်နည်းပြ** - ဦးအောင်ဇော်မျိုး (မကွေး)၊ **ဂိုးနည်းပြ** - ဦးအောင်သက် (ရှမ်း)၊ **ဂိုး** - ပြည့်ဖြိုးအောင် (Southern)၊ နိုင်ဇေယျာထွန်း (ဇွဲကပင်)၊ **နောက်တန်း**- နန္ဒကျော်၊ ကျော်ဇင်လွင် (မကွေး)၊ ဒီလျံ(ရှမ်း)၊ နေမျိုးအောင်၊ သက်နိုင် (ရတနာပုံ)၊ သက်လွင်ဦး (ဇွဲ ကပင်)၊ **အလယ်တန်း** - မောင်မောင်ဝင်း၊ ဖြိုးမောင်မောင်ဆွေ၊ ကင်မ်၊ သန်းထက်အောင် (ဇွဲကပင်)၊ ရဲကိုဦး၊ စည်သူအောင် (ရတနာပုံ)၊ အာကာပို၊ လှအေးထွေး (ရခိုင်)၊ လီဟန်ကွတ် (ရှမ်း)၊ **ရှေ့တန်း** - အောင်မြင့်ထွန်း (မကွေး)၊ ခရစ္စတိုဖာ (ရှမ်း)၊ ဂျီးဇက် (ဟံသာဝတီ) တို့ ပါဝင်နေသည်။

မြန်မာ့လက်ရွေးစင်အသင်းတွင်မူ **နည်းပြချုပ်**-ဦးစိုးမြတ်မင်း၊ **လက်ထောက်နည်းပြ**များအဖြစ်-ဦးအောင်ကျော်မိုး (ရတနာပုံ)၊ ဦးဇော်လင်းထွန်း (စစ်ကိုင်း)၊ **ဂိုးနည်းပြ**-ဦးအောင်ကျော်ကျော်၊ **ဂိုးသမား**-ကျော်ဇင်ဖြိုး (မကွေး)၊ ဘုန်းသစ္စာမင်း (ရှမ်း)၊ **နောက်တန်း**-သိန်းသန်းဝင်း၊ မျိုးကိုထွန်း၊ ဇော်ရဲထွန်း၊ ရဲရင့်အောင် (ရတနာပုံ)၊ ဇော်မင်းထွန်း (ရန်ကုန်)၊ ထိုက်ထိုက်အောင် (ရှမ်းယူနိုက်တက်)၊ **အလယ်တန်း**-လှိုင်းဘိုဘို၊ စည်သူအောင် (ရတနာပုံ)၊ တင်ဝင်းအောင်၊ ရန်နိုင်ဦး၊ နေလင်းထွန်း (ရှမ်းယူနိုက်တက်)၊ မောင်မောင်စိုး (မကွေး)၊ ရန်ကျော်ထွေး (ဇွဲကပင်)၊ ဝေယံဦး (မြဝတီ)၊ **ရှေ့တန်း**- ဇင်မင်းထွန်း၊ ဒွေးကိုကိုချစ် (ရှမ်းယူနိုက် တက်)၊ ဝင်းနိုင်စိုး (ရတနာပုံ) တို့ ပါဝင်နေသည်။

**သတင်း-ညီမြတ်သော်တာ၊ဓာတ်ပုံ-စိုးညွန့်**

# မြန်မာ ယူ-၁၉ အသင်းအား ကစားသမား ၃၀ ဖြင့် ဖွဲ့စည်း

**ရန်ကုန် မေ ၆**

မြန်မာ ယူ-၁၉ အသင်းသည် ၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲယှဉ်ပြိုင်ရန် ပဏာမကစားသမား ၃၀ ဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် လူရွေးပွဲအပြီးတွင် ကစားသမားများ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ယခုဖွဲ့စည်းလိုက်သည့် မြန်မာ ယူ-၁၉ အသင်းတွင် ကစားသမားများအဖြစ် **ဂိုး**-ဇင်ညီညီအောင် (အား/ကာသိပ္ပံ)၊ သူရကျော် (ရန်ကုန်)၊ စည်သူအောင်(မကွေး)၊ ပြည့်ဖြိုးအောင် (ဟံသာဝတီ)၊ **နောက်တန်း**- စည်သူမိုးခန့် (ဟံသာဝတီ)၊ ကျော်ဖြိုးဝေ၊ အောင်ဝဏ္ဏစိုး၊ ရဲလင်းထက် (ရတနာပုံ)၊ အောင်ဇေယျာဖြိုး (အား/ကာသိပ္ပံ)၊ ဟိန်းထက်စည်သူ(မကွေး)၊ တေဇော်လင်း၊ ငြိမ်းချမ်းအောင် (ရန်ကုန်)၊ **အလယ်တန်း**- ဝဏ္ဏထွန်း (မကွေး)၊ နန်းထိုက်ဇော်၊ ဇော်မွန်အောင် (အား/ကာသိပ္ပံ)၊ ချမ်းငြိမ်းဇော်၊ ငြိမ်းချမ်းစိုး၊ ဇော်မင်းထွဋ် (ရန်ကုန်)၊ သက်ပိုင်ထူး၊ ပြည့်ဖြိုးဝေ၊ ရှိုင်းထက်အောင် (ရှမ်း)၊ ဝေယံဖြိုး (ဇွဲကပင်)၊ **ရှေ့တန်း**-ခင်ကျော်ဝင်း၊ ထက်အာကာလင်း (အား/ကာသိပ္ပံ)၊ အောင်မြတ်သူ၊ လွှမ်းမိုးဦး၊ ရှိုဗင်တိုင်ဆန် (ရန်ကုန်)၊ ထက်ဖြိုးဝေ (ရှမ်း)၊ ရဲရင့်အောင် (ရတနာပုံ)၊ ရန်ပိုင်လင်းထက်(ဇွဲကပင်) တို့ ပါဝင်ကြသည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းက ကိုင်တွယ်မည်ဖြစ်ပြီး ၎င်းနှင့် ကိုင်တွယ်မည့် နည်းပြအဖွဲ့ဝင်များကို ရက်ပိုင်းအတွင်း ကြေညာမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် မေ ၁၀ ရက် နံနက်ပိုင်းတွင် စခန်းဝင်လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်ပြီး မေလ စတုတ္ထပတ်တွင် ပြည်တွင်းခြေစမ်းပွဲများ စတင်ကစားမည်ဖြစ်သည်။

၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲကို ဇူလိုင် ၂ ရက်မှ ၁၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ လာအို၊ ဖိလစ်ပိုင်၊ အုပ်စု (ခ) တွင် မလေးရှား၊ မြန်မာ၊ တီမော၊ ကမ္ဘောဒီးယား၊ ဘရူနိုင်းအသင်းတို့ ပါဝင်နေသည်။ **ညီမြတ်သော်တာ**


## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ကဝမြို့၊ (၃)ရပ်ကွက်နေ (ဘ) ဦးထွန်းထွန်းဝင်း - ဒေါ်ခင်မျိုးဆက်တို့၏သားကြီး မောင်ကြယ်စင်ထွန်းအား ယနေ့မှစ၍ မောင်ကောင်းသန့်စိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမှန်ပြင်ဆင်ဖတ်ရှုပါရန်

၆-၅-၂၀၁၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၃) အများသိစေရန် ကြေညာခြင်း ကြော်ငြာခေါင်းစဉ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်အစား ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစံဦး ၈/မလန(နိုင်)၁၁၃၄၀၇၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၅၃၁၇၇၄၃

## ပျောက်ဆုံးကြောင်း

ကျွန်မ မယမင်းသူ ၈/တတက(နိုင်)၂၄၅၃၆၃၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၆၃၁၄၂၈၉

## ပျောက်ဆုံးကြောင်း

ကျွန်မ မငယ်ငြိမ်းသူ ၈/မလန(နိုင်)၀၉၈၁၁၀၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၄၃၁၇၂၈၃

## အထူးကျေးဇူးတင်ရှိပါကြောင်း

၅-၅-၂၀၁၈ရက်တွင် နေပြည်တော် Grand ACE Villa ၌ ကျင်းပပြုလုပ်သော ကျွန်တော်၊ ကျွန်မတို့၏စေ့စပ်ကြောင်းလမ်းမင်္ဂလာပွဲတွင် ပဏာမမင်္ဂလာစကား ပြောကြားပြီး စေ့စပ်မင်္ဂလာလက်စွပ် ချီးမြှင့်ပေးပါသော ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးထွန်းကြည်(ငြိမ်း)နှင့်ဇနီး ဒေါ်သန်းသန်းမြတို့အားလည်းကောင်း၊ သတို့သားဘက်မှ စေ့စပ်မင်္ဂလာစကား ကမ်းလှမ်းပြောကြားပေးပါသော ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဇနီးတို့အားလည်းကောင်း၊ သတို့သမီးဘက်မှ စေ့စပ်မင်္ဂလာစကား လက်ခံပြောကြားပေးပါသော နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်နှင့်ဇနီးတို့အားလည်းကောင်း၊ စေ့စပ်မင်္ဂလာပွဲသို့ တက်ရောက်လာကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။
ဗိုလ်ကြီးကျော်ဖြိုးဦး-မနန်းလော်ဝ်ခမ်း

## ကျေးဇူးဆပ်ပါမည်

Laser World Family Gems & Jewellery Co.,Ltd ၏ Re-export သွင်းကုန်လိုင်စင်မူရင်း (W Q IL 3 15-16 (1489)(11-2-2016)နှင့် သက်တမ်းတိုးစာရွက်မူရင်းများ၊ ID မူရင်းများ၊ Re-Export ပို့ကုန် လိုင်စင်မူရင်း၊ (MQEL 6 15-16(0635)(11-2-2016)နှင့် သက်တမ်းတိုး စာရွက်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ဦးအောင်ကြူဟိန်း ဖုန်း-၀၉-၅၅၀၃၃၃၅

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/7172 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၈ယ/၂၂၃၁ Yinxiang-110 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင် ၈/ပဖန(နိုင်)၀၀၀၉၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းရုံး(မကွေး)

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ ထောက်ရှာကျေးရွာနေ ဦးရဲမြင့်-ဒေါ်စန်းစန်းမြင့်တို့၏သား

**ဗိုလ်စိုးပိုင်**

**B.Sc(Nuclear Chemistry)D.S.A**

**နှင့်**

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဒဂုံမြို့နယ်၊(၇၂)ရပ်ကွက်၊ မဏိစည်သူလမ်း၊ အမှတ် (၉၃၀/ခ)နေ ဦးကြည်ဟန်-ဒေါ်သန်းသန်းနွယ်တို့၏သမီး

**မဝင့်ရည်ဖြိုး(ခ)ပပ**

**B.Sc(Hons:)Physics,M.Sc(1st year)**

တို့သည် ၈-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် နှစ်ဖက်သော မိဘများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။ ဗိုလ်စိုးပိုင်-မဝင့်ရည်ဖြိုး

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာမူလတန်းဆင့်သင် ကျောင်းသား/သူများအား ကျောင်းသုံးဗလာစာအုပ်များ အခမဲ့ဖြန့်ဝေနိုင်ရန်အတွက် ကျောင်းသုံးဗလာစာအုပ်ရိုက်နှိပ်ခြင်းလုပ်ငန်းအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်သွင်းရမည့် လေ့ကျင့်ခန်းစာအုပ်အရည်အသွေး

| | | |
|---|---|---|
| (၁) | စာအုပ်အရွယ်အစား | ၆.၂၅×၈.၂၅လက်မ |
| (၂) | လိုင်းအရေအတွက် | ၂၂လိုင်း(အနည်းဆုံး) |
| (၃) | အဖုံးစက္ကူ | 180 gsm Duplex board (color) |
| (၄) | အတွင်းစက္ကူ | 60 gsm indo Woodfree |
| (၅) | စာမျက်နှာ | 80 Pages |

၂။ **ဝယ်ယူမည့်ဒါဇင်အရေအတွက်** - ၂၄၂၈၇၂ ဒါဇင်
**တင်ဒါပုံစံရောင်းချမည့်ရက်** - ၅-၅-၂၀၁၈ရက် နံနက် ၉း၃၀နာရီ
**တင်ဒါပိတ်မည့်ရက်** - ၁၁-၅-၂၀၁၈ရက် ညနေ ၄နာရီ
**တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရမည့်နေရာ** - အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး၊ ရန်ကုန်မြို့

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အခြေခံပညာဦးစီးဌာန၊ ရန်ကုန် တိုင်းဒေသကြီးပညာရေးမှူးရုံး၊ ဘတ်ဂျက်ဌာန၊ ဖုန်း-၀၁-၂၁၀၁၄၇ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြင်ဦးလွင်ခရိုင်၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်းတွင် ခြောက်ခန်းတွဲ လေးထပ် ၄(၁၂၆ပေ × ၃၅ပေ၆လက်မ)+၂×၄(၁၀ပေ × ပေ၂၀) သံကူကွန်ကရစ်တစ်လုံး၊ (Overheat Tank တင်ရန်၊ RC Roof Slab၊ ရေဂါလန်(၃၀၀၀)ဆံ့ Ground Tank ၂လုံး၊ Septic Tank ၃လုံး၊ RC Parapet Walh Cycone Prove Roof Steycture အပါ)ဆောက်လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းနိုင်ငံသား ပုဂ္ဂလိကကုမ္ပဏီ လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါလုပ်ငန်းအတွက် ပြည်တွင်းနိုင်ငံသားကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာ တင်ဒါအဆိုပြုလွှာကို ၃၀-၄-၂၀၁၈ရက် မှစတင်ဝယ်ယူနိုင်ပြီး ၁၅-၅-၂၀၁၈ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း ပေးပို့တင်သွင်းရန် တင်ဒါစည်း ကမ်းချက်များနှင့် အဆိုပြုလွှာတွင် ပါဝင်ရမည့် အချက်အလက်များကို ရဲအရာရှိလေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး)ပြင်ဦးလွင် မြို့နယ်တွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ တင်ဒါအဆိုပြုလွှာ တင်သွင်းရမည်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင် Profile များကိုပါ တင်ပြရမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-
(က)၀၂-၅၀၀၆၁ (ခ)၀၉-၉၇၀၇၉၇၃၇၄ (ဂ) ၀၉-၄၀၃၇၂၂၆၁၁
တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဝါးဘိုး၊ သိုက်ဝါးပျိုးပင်များ(၁)နှစ်သား(ခြံရှင်းအထူးလျှော့ဈေး)
သန်စွမ်းကျန်းမာသော(၁)နှစ်သား၊ဝါးဘိုး၊သိုက်ဝါးပျိုးပင်များ(၂'ကျော်မှ ၆'ကျော်အထိ)အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးနေပါသည်။
ဆင်ခြံကျေးရွာ၊ ကော့မှူးကားလမ်းမပေါ်၊ ဦးကျော်ဆင့်၊ ဒေါ်တင်မြင့်
Ph: 09 782495945,09 450095599

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4G/7948,Toyota Hiace KZH 120, MiniBus(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သီတာ မြင့် ၁၂/ကမတ(နိုင်)၀၁၆၄၃၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့

# သမ္မတပူတင်ကို ဆန္ဒပြသည့် စုဝေးချီတက်မှုအပြီးတွင် ရုရှားဆန္ဒပြခေါင်းဆောင် နာဗယ်လ်နီလွတ်မြောက်




**မော်စကို မေ ၆**

ရုရှားသမ္မတ ဗလာဒီမာပူတင် ကျမ်းသစ္စာကျိန်ဆိုမှုမတိုင်မီ ရုရှားအတိုက်အခံခေါင်းဆောင် အလက်စီ နာဗယ်လ်နီကို ထိန်းသိမ်းခဲ့ပြီးနောက် ၎င်းအား ပြန်လွှတ်ပေးလိုက်ပြီဖြစ်ပြီး လာမည့်ရက်သတ္တပတ်တွင် ရုံးတော်၌ ကြားနာစစ်ဆေးမည်ဟု ၎င်း၏ ရှေ့နေက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ရုရှားအတိုက်အခံခေါင်းဆောင် အလက်စီနာဗယ်လ်နီကို သမ္မတပူတင်၏ လေးကြိမ်မြောက်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားမတိုင်မီ ၎င်းက ရုရှားနိုင်ငံတစ်လွှား၌ ဆန္ဒပြပွဲများပြုလုပ်ကြရန် တိုက်တွန်းခဲ့ပြီးနောက်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်း ဖြစ်သည်။

မတ်လတွင် ကျင်းပသည့် သမ္မတရွေးကောက်ပွဲတွင် သမ္မတပူတင်နှင့်အတူ ယှဉ်ပြိုင်ခြင်းမှ ပိတ်ပင်ခံခဲ့ရသည့် နိုင်ငံရေးသမားဖြစ်သူ နာဗယ်လ်နီသည် ရုရှားနိုင်ငံတစ်လွှားတွင် သမ္မတပူတင်ကို ဆန့်ကျင်သည့် ဆန္ဒပြစုဝေးချီတက်မှုများ ပြုလုပ်ကြရန် ရုရှားနိုင်ငံသားများကို တိုက်တွန်းခဲ့သည်။

ရုရှားနိုင်ငံတစ်ဝန်းတွင် မြို့ကြီး ၂၇ မြို့တို့မှ ဆန္ဒပြသူ ၁၆၀၀ ခန့်တို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သတင်းရယူခဲ့သည့် သတင်းမီဒီယာက ဖော်ပြခဲ့သည်။ မော်စကိုရှိ ပွတ်ရှကင်ရင်ပြင်၌ အတိုက်အခံခေါင်းဆောင် နာဗယ်လ်နီကို ရဲများက ဖမ်းဆီးသွားပြီးနောက် ညသန်းခေါင်အချိန်လောက်တွင် ၎င်းအား ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားမတိုင်မီတွင် ၎င်းအား ဖမ်းဆီးမှုမပြုရန်အမိန့်ကို လက်ခံရရှိခဲ့ဟန်တူကြောင်း နာဗယ်လ်နီက တွစ်တာပေါ်တွင် ရေးသားဖော်ပြခဲ့သည်။ ထို့အပြင် ၎င်းသည် ခွင့်ပြုချက်မရရှိဘဲ လူထုစုဝေးမှုများကို စီစဉ်ခဲ့ပြီး ရဲတပ်ဖွဲ့ကို ခုခံမှုတို့ဖြင့် စွပ်စွဲထားခြင်းကိုလည်း ခံရကြောင်း နာဗယ်လ်နီက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ပါကစ္စတန်အနောက်ပိုင်း၌ ကျောက်မီးသွေးတွင်း နှစ်တွင်းပြိုကျခဲ့ပြီး ၂၃ ဦးသေဆုံး



**ကွက်တာ မေ ၆**

ပါကစ္စတန် အနောက်တောင်ပိုင်း၌ ကျောက်မီးသွေးတွင်းနှစ်တွင်း ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားကာ ပြိုကျခဲ့ရာ ၂၃ ဦး သေဆုံးပြီး ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

စနေနေ့ နေ့လယ်ခင်းမတိုင်မီတွင် အီရန်နှင့် အာဖဂန် နယ်နိမိတ်ချင်းထိစပ်နေသည့် တွင်းထွက်သဘာဝလောင်စာ ကြွယ်ဝသည့် ဘာလိုချီစတန်ပြည်နယ် မြို့တော် ကွက်တာအရှေ့ပိုင်း မာဝါရတ်ရှိ သတ္တုတွင်းတစ်ခု၏ ဥမင်လိုဏ်ခေါင်း အတွင်း၌ မီသိန်းဓာတ်ငွေ့ပေါက်ကွဲပြီး တွင်းပြိုကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကွက်တာရှိ အစိုးရအာဏာပိုင် ဂျာဝစ်ရှာဝါနီက ကျောက်မီးသွေးတွင်းထဲတွင် ရှိနေသည့် လူ ၂၅ ဦးအနက် ၁၆ ဦးမှာ တွင်းပြိုကျချိန်တွင် သေဆုံးသွားခဲ့ပြီး ကျန်ရှိသည့် ကျောက်မီးသွေးတွင်းလုပ်သားများကို ဆေးရုံသို့ ကုသမှုခံယူရန် အလျင်အမြန်ပို့ဆောင်ခဲ့ရကြောင်း ပြောကြားခဲ့သည်။

တွင်းပြိုကျမှုဖြစ်ပွားခဲ့ပြီး သုံးနာရီခန့်အကြာတွင် စပင်ကာရက်ဇ် အနောက်ဘက်မှ ၂၅ ကီလိုမီတာ (၁၆ မိုင်) အကွာရှိ ကျောက်မီးသွေးတွင်းတစ်ခုမှာလည်း အလားတူပင် ပြိုကျမှုဖြစ်ပွားခဲ့ပြီး ကျောက်မီးသွေးတွင်းလုပ်သား ခုနစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

ပြည်နယ်သတ္တုတွင်းဝန်ကြီး ဆာလက် ဘာလော့ချ်က ဖြစ်ရပ်နှစ်ခုလုံးတွင် ကယ်ဆယ်ရှာဖွေရေးဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ပါကစ္စတန်ရှိသတ္တုတွင်းများသည် အသက်အန္တရာယ် လုံခြုံဘေးကင်းမှုအပိုင်းတွင် စိတ်မချရကြောင်း လူသိများလျက်ရှိသည်။

**အေအက်ဖ်ပီ**

# အန်ကာရာ၌ ရုတ်တရက်ရေလွှမ်းမိုးမှုကြောင့် မော်တော်ယာဉ် ၁၆၀ ကျော် မျောပါ

**အန်ကာရာ မေ ၆**

တူရကီနိုင်ငံ မြို့တော်အန်ကာရာ၌ ရုတ်တရက်မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးခဲ့မှုကြောင့် မော်တော်ယာဉ် အစီး ၁၆၀ ကျော် ရေထဲမျောပါသွားခဲ့ကြောင်း သိရသည်။

စနေနေ့ညနေခင်းတွင် ရုတ်တရက်မိုးသည်းထန်စွာရွာချပြီး ရေလွှမ်းမိုးခဲ့မှုကြောင့် လူလေးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကာ လုပ်ငန်းပေါင်း ၂၅ ခုတို့ ထိခိုက်ဆုံးရှုံးမှုများရှိခဲ့ကြောင်း တူရကီသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

မြို့တော်၏ လမ်းများတွင် ရွှံ့နွံများနှင့် ရေများစီးဝင်နေပြီး မော်တော်ယာဉ်များ ရေစီးဖြင့်မျောပါသွားသည့် မြင်ကွင်းကို တွေ့ရှိရသည်။ မော်တော်ယာဉ်တစ်စီး၏ အမိုးပေါ်တွင် ရှိနေသည့် အမျိုးသားတစ်ဦးကို ကယ်ဆယ်ခဲ့ရသည့် မြင်ကွင်းကိုလည်း တွေ့ရသည်။

တူရကီသတင်းအေဂျင်စီက မိုးရွာသွန်းမှုသည် နောက်ထပ်သုံးနာရီ ဆက်လက်ကြာမြင့်မည်ဟု ခန့်မှန်းတွက်ချက်ခဲ့သော်လည်း ကြေညာပြီးသည့်အချိန်မှ ကိုးမိနစ်အကြာတွင် မိုးရွာသွန်းမှု ရပ်စဲသွားသည်။

**အင်န်အိတ်ချ်ကေ**




## မီးတောင်ပေါက်ကွဲမှုကြောင့် ထိခိုက်ပျက်စီးမှုများ ပိုရှိလာနိုင်ကြောင်း ဟာဝိုင်ယီ အာဏာပိုင်များ သတိပေး

**ဟာဝိုင်ယီ မေ ၆**

Kilauea မီးတောင်ပေါက်ကွဲမှုကြောင့် ဖြစ်ပွားသည့် လှုပ်ရှားမှုများ ဆက်လက် ဖြစ်ပွားနိုင်သည့်အတွက် ဟာဝိုင်ယီကျွန်းပေါ်ရှိ အာဏာပိုင်များက ပြည်သူများအား သတိပေးလျက်ရှိကြောင်း သိရသည်။ ကြာသပတေးနေ့က ဖြစ်ပွားခဲ့သည့် မီးတောင်ပေါက်ကွဲမှုမှ အပျက်အစီးများ ပိုမိုဝင်ရောက်လာနိုင်သေးသည့်အတွက် သတိပေးခဲ့ခြင်း ဖြစ်သည်။

အမေရိကန် ဘူမိဗေဒစစ်တမ်းကောက်ယူမှုအဖွဲ့နှင့်အတူ ဆောင်ရွက်နေသည့် အာဏာပိုင်တစ်ဦးက မီးတောင်ပေါက်ကွဲမှု မည်သည့်အချိန်တွင် ပြီးဆုံးမည်ကို ပြောဆိုရန်ခက်ခဲကြောင်း ပြောကြားခဲ့သည်။ အမေရိကန် ဘူမိစစ်တမ်းကောက်ယူမှုအဖွဲ့သည် ဒေသခံ ၁၇၀၀ ခန့်တို့အတွက် ကယ်ဆယ်ရွှေ့ပြောင်းမိန့်တစ်ရပ်ကို စီမံခန့်ခွဲဆောင်ရွက်လျက်ရှိသည်။

ဒေသဆိုင်ရာ အာဏာပိုင်များက ၎င်းတို့သည် အဆောက်အအုံငါးခု မီးလောင်ကျွမ်းခဲ့မှုကို အတည်ပြုထားပြီးဖြစ်ကြောင်းနှင့် လက်ရှိတွင် ချော်ရည်ပူများသည် သစ်တောများနှင့် လူနေရိယာများဆီသို့ ဆက်လက်စီးဆင်းလျက်ရှိရာ အဆိပ်ငွေ့ထုတ်လွှတ်မှုများကို စုံစမ်းစစ်ဆေးနေကြောင်း ပြောကြားခဲ့သည်။

လတ်တလောတွင် ထိခိုက်ဒဏ်ရာရရှိမှု ရှိ၊ မရှိနှင့်ပတ်သက်၍ သတင်းဖော်ပြမှုများ ထွက်ပေါ်မလာသေးပေ။ သို့သော် အက်ကွဲကြောင်းများ ပိုမိုတွေ့ရှိလာပြီး ယင်းအက်ကွဲကြောင်းများက ချော်ရည်ပူများကို လေထုထဲသို့ ရောက်ရှိသွားစေနိုင်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဖိလစ်ပိုင်အရှေ့ဘက် ကမ်းလွန်၌ ငလျင်လှုပ်

မနီလာ မေ ၆

မေ ၅ ရက်က ဖိလစ်ပိုင်အရှေ့ဘက်ကမ်းလွန်ပင်လယ်ပြင်၌ အင်အား ၆ ဒသမ ၁ ရစ်ချ်တာစကေးအဆင့်ရှိ ငလျင်တစ်ခု လှုပ်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ သို့သော်လည်း မည်သည့် သေဆုံး ပျက်စီးသတင်းမျှ ရုတ်တရက်ဖော်ပြခြင်း မရှိသေးကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောခဲ့သည်။

ဒေသစံတော်ချိန် ၂ နာရီ ၁၉ မိနစ်က မြို့တော်မနီလာအရှေ့ဘက် မိုင် ၁၉၀ အကွာ ဖိလစ်ပိုင်ပင်လယ်ပြင်ကို ဗဟိုပြု၍ လှုပ်ခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် မြေငလျင် လေ့လာရေးအင်စတီကျုက ပြောခဲ့သည်။

အမေရိကန် ဘူမိဗေဒဆန်းစစ်လေ့လာရေးက ယခုလှုပ်ခဲ့သော ငလျင်မှာ ပြင်းအား ၆ ဒသမ ၁ ရှိကြောင်း ဖော်ပြခဲ့သော်လည်း ဖိလစ်ပိုင်အာဏာပိုင်များက ၅ ဒသမ ၉ အဆင့်သာရှိကြောင်း ပြောခဲ့သည်။

ငလျင်လှုပ်ခတ်ရာ နေရာအနီးနေထိုင်ကြသော ဒေသခံများက ငလျင်လှုပ်ခတ်မှုမှာ ဆိုးရွားသည့် ပျက်စီးမှုများ ဖြစ်စေသည်အထိ မပြင်းကြောင်း ပြောခဲ့သည်။

**အေအက်ဖ်ပီ**

### စစ်ဆင်ရေးအတွင်း အကြမ်းဖက်သမားများကို သုတ်သင်နိုင်ခဲ့ကြောင်း ရုရှားဆို

မော်စကို မေ ၆

ရုရှားနိုင်ငံ ပြည်ထောင်စုလုံခြုံရေးတပ်ဖွဲ့သည် မြောက်ကော့ကေးဆပ်စ်ဒေသ မြို့တော် နီရင်နိမက်မြို့ စစ်ဆင်ရေးအတွင်း အကြမ်းဖက်သမားအဖြစ် သံသယရှိသူ နှစ်ဦးကို သုတ်သင်ခဲ့ကြောင်း ရုရှားလုံခြုံရေးအေဂျင်စီက ပြောခဲ့သည်။

အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ရန် စီစဉ်နေသော အစွန်းရောက်ဘာသာရေးခေါင်းဆောင်နှစ်ဦးကို သုတ်သင်ခဲ့ကြောင်း ရုရှားနိုင်ငံ ပြည်ထောင်စုလုံခြုံရေးတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ထို့အတူ မော်စကိုအရှေ့မြောက်ဘက် ၂၅၀ ကီလိုမီတာအကွာရှိ ရာရိုဆလပ်ဗ်မြို့စစ်ဆင်ရေးတစ်ခုအတွင်း ဖောက်ခွဲရေးပစ္စည်းများ၊ ဗုံးများ၊ လက်နက်များနှင့် ကျည်ဆန်များကို သိမ်းဆည်းရမိခဲ့ကြောင်း ရုရှားနိုင်ငံ ပြည်ထောင်စုလုံခြုံရေးတပ်ဖွဲ့က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံ ပြည်ထောင်စုလုံခြုံရေးတပ်ဖွဲ့၏ သီးခြားထုတ်ပြန်ချက်တစ်စောင်တွင် အိုင်အက်စ်အကြမ်းဖက်သမား ငါးဦးကိုလည်း ဖမ်းဆီးရမိခဲ့ကြောင်း ထပ်မံဖော်ပြထားသည်။

**ဆင်ဟွာ**

# ကိုယ်ပိုင်စံနှုန်းတွေနဲ့ ရပ်တည်နေသော်လည်း တည်ငြိမ်မှုနဲ့ အလှမ်းဝေးနေသေးတဲ့ အီတလီနိုင်ငံရေး

**ကလျာမိုးမြင့်**



သမိုင်းတွေဟာ နိုင်ငံရေးဆိုင်ရာ အကြောင်းအရာတွေကို ရည်ညွှန်းနေတယ်ဆိုရင် အီတလီနိုင်ငံဟာ နိုင်ငံရေးမှာ တော်တော်လေးကို သိသိသာသာ မတည်မငြိမ်ဖြစ်နေတဲ့ အချိန်ကာလတစ်ခုကို ဦးဆောင်နေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ကိုယ်ပိုင်စံနှုန်းတွေနဲ့ ရပ်တည်နေတာတောင်မှ အီတလီရဲ့ လတ်တလောရင်ဆိုင်ကြုံတွေ့နေရတဲ့ မတိုးသာ မဆုတ်သာ အခြေအနေတွေဟာ နိုင်ငံကို ယာယီအခွင့်အာဏာရှိတဲ့ အစိုးရတစ်ရပ်နဲ့သာ ကျန်ရှိနေစေခဲ့ပါတယ်။ ဒီလိုရှိနေခဲ့တဲ့ အခြေအနေဟာ နှစ်လတာအချိန်ကာလကို ချင်းနင်းရောက်ရှိလာပြီဖြစ်ပြီး အဆုံးသတ်ခြင်း မရှိသေးပါဘူး။

**အီတလီရွေးကောက်ပွဲ မတင်မကျ အနေအထားနဲ့ အဆုံးသတ်ခဲ့**

မတ် ၄ ရက်မှာ ကျင်းပခဲ့တဲ့ အီတလီနိုင်ငံရဲ့ အထွေထွေရွေးကောက်ပွဲဟာ အမှန်တကယ် အဆုံးအဖြတ်မပေးနိုင်တဲ့ မတင်မကျအနေအထားမျိုးနဲ့ ပြီးဆုံးခဲ့ပြီး ပါတီလေးခုတို့ဟာ မဲရလဒ်တွေရဲ့ ၁၄ ရာခိုင်နှုန်းထက်မနည်းကို ရရှိခဲ့ကြသော်လည်း အစိုးရတစ်ရပ်ဖွဲ့စည်းဖို့ လိုအပ်တဲ့ အနိမ့်ဆုံး မဲအရေအတွက် ကန့်သတ်ချက်ဖြစ်တဲ့ ၅၀ ရာခိုင်နှုန်းကို ဘယ်အဖွဲ့ကမှ ရရှိအောင် မလုပ်နိုင်ခဲ့ပါဘူး။ မဲပေးတဲ့အချိန်ကစပြီး အစိုးရအဖွဲ့အစည်းအမျိုးမျိုးကြားမှာ မဟာမိတ်အဖွဲ့တွေကို ညှိနှိုင်းဆွေးနွေးဖို့ အဆိုပြုကမ်းလှမ်းမှုတွေ လုပ်ဆောင်ခဲ့ပေမယ့် ဘာတစ်ခုမှ အောင်မြင်မှု မရရှိခဲ့ပါဘူး။

**ချွတ်ယွင်းချက်၊ အားနည်းချက်တွေနဲ့ အဆုံးသတ်ခဲ့**

အီတလီဟာ နိုင်ငံရေးဆိုင်ရာ မတည်ငြိမ်တဲ့နိုင်ငံအဖြစ်နဲ့ ထင်ရှားတဲ့ နိုင်ငံဖြစ်ပါတယ်။ အီတလီရဲ့လက်ရှိကျင့်သုံးနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ စတင်သက်ရောက်ခဲ့တဲ့ ၁၉၄၆ ခုနှစ်ကစပြီး နိုင်ငံဟာ ယခုလို အချိန်ကာလကြာမြင့်နေပြီဖြစ်တဲ့ ပဋိပက္ခအလယ်မှာ ကျရောက်နေခဲ့တာ လေးကြိမ်မြောက်ရှိခဲ့ပြီ ဖြစ်တယ်လို့ အီနော်ဒီ စီးပွားရေးနဲ့ ဘဏ္ဍာရေးဆိုင်ရာ အကြံပေးပါရဂူအဖွဲ့သားတစ်ဦးဖြစ်တဲ့ လိုရန်ဇို ကက်စတီလာနီက ပြောပြခဲ့ပါတယ်။

၁၉၇၉ ခုနှစ်၊ ၁၉၉၂ ခုနှစ်နဲ့ ၂၀၁၃ ခုနှစ်တွေမှာဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေမှာ သုံးကြိမ်လုံးလုံး အားနည်းချက်၊ ချွတ်ယွင်းချက်ရှိတဲ့ အစိုးရအဖွဲ့တွေနဲ့သာ နိုင်ငံရေးဟာ အဆုံးသတ်ခဲ့ရပါတယ်။

၁၉၇၉ ခုနှစ်မှာ ရွေးကောက်ပွဲတွေ ကျင်းပခဲ့ပြီး အီတလီဝန်ကြီးချုပ်ဟောင်း အယ်လ်ဒိုမော်ရို ပြန်ပေးဆွဲခံမှုနဲ့ လျှို့ဝှက်တွေ့ဆုံမှု ပေါ်ပေါက်ခဲ့ကာ ပါတီအဖွဲ့အစည်းတွေရဲ့ အောက်ခြေပိုင်းတွေကို ဒေါသထွက်စေခဲ့ပြီး Francesco Cossiga လက်ထက်မှာ အထိနာခဲ့တဲ့ အစိုးရဟာ ပြည်တွင်းမှာ အကြမ်းဖက်မှုတွေ ခြိမ်းခြောက်လာတဲ့ အန္တရာယ်တွေကို ရင်ဆိုင်ဖြေရှင်းခြင်းငှာ မစွမ်းနိုင်ခဲ့ပါဘူး။

၁၉၉၂ ခုနှစ်မှာ ကျင်းပခဲ့တဲ့ရွေးကောက်ပွဲကိုတော့ manu pulite (သန့်ရှင်းသောလက်) လို့ အမည်ပေးခဲ့တဲ့ အစိုးရအဖွဲ့ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးစီမံချက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့တဲ့ အရိပ်အောက်မှာ ကျင်းပခဲ့တာဖြစ်ပြီး ဒီစီမံချက်ဟာ တည်ထောင်ထားတဲ့ နိုင်ငံရေးပါတီတွေကို ဖျက်သိမ်းဖယ်ရှားပစ်လိုက်၍ အစိုးရအဖွဲ့ လေးဆက်အထိ ကျန်ရှိစေခဲ့ပြီး ၁၅ လလောက် ကြာမြင့်စေခဲ့ပါတယ်။

**မဲရလဒ်တွေက ဘယ်ပါတီအဖွဲ့အစည်းမှ အနိုင်မရရှိအောင် တားဆီးထား**

လွန်ခဲ့တဲ့ ငါးနှစ်အကြာက ကြုံတွေ့ခဲ့ရတဲ့အခြေအနေတွေဟာဆိုရင် လက်ရှိဖြစ်ပွားနေတဲ့ အခြေအနေနဲ့ ဆင်တူယိုးမှား ဖြစ်နေပါတယ်။ အဓိကနိုင်ငံရေးမဟာမိတ်ညွန့်ပေါင်းအဖွဲ့ သုံးဖွဲ့အတွင်းမှာ မဲပေးမှုတွေ ကွဲထွက်နေပြီး ဒီလိုကွဲပြားနေမှုက ဘယ်ဂိုဏ်းအုပ်စုကမှ အာဏာမရရှိအောင် တားဆီးထားရာ ရောက်နေပါတယ်။ အဲဒီနောက်မှာတော့ အီတလီဟာ ရွေးကောက်တင်မြှောက်ထားခြင်းမဟုတ်တဲ့ ဝန်ကြီးချုပ်လေးဆက်အထိရှိခဲ့တာ ယနေ့ထက်တိုင်ပါပဲ။ ယခင်ဖြစ်ပွားခဲ့တဲ့ နိုင်ငံရေးအကျပ်အတည်း သုံးခုလုံးဟာ ရက်ပေါင်း ၅၀ ထက်မနည်း ကြာမြင့်ခဲ့ပြီး လတ်တလောဖြစ်နေတဲ့ နိုင်ငံရေးအကျပ်အတည်းနဲ့ အလားတူပါပဲ။

ပါလီမန်လွှတ်တော်အတွက် ရာထူးနေရာတွေ ချီးမြှင့်ပေးတဲ့ပုံစံနဲ့ ပါတီတွေ အမြောက်အမြားရှိနေတယ်ဆိုတဲ့ အချက်ကြောင့် အီတလီရဲ့ နိုင်ငံရေးစနစ်ဟာ အစဉ်အဆက် မတည်မငြိမ်ဖြစ်ခဲ့ရတယ်လို့ ပီရူဂီယာတက္ကသိုလ်မှ နိုင်ငံရေးတွေးခေါ်မှုဆိုင်ရာ ပါမောက္ခ အလက်ဆန်ဒရိုကမ်ပီကင်းရဲ့ သုံးသပ်ချက်ကို ဆင်ဟွာသို့ ပြောပြခဲ့ပါတယ်။

> “ပါလီမန်လွှတ်တော်အတွက် ရာထူးနေရာတွေ ချီးမြှင့်ပေးတဲ့ပုံစံနဲ့ ပါတီတွေ အမြောက်အမြားရှိနေတယ်ဆိုတဲ့ အချက်ကြောင့် အီတလီရဲ့ နိုင်ငံရေးစနစ်ဟာ အစဉ်အဆက် မတည်မငြိမ်ဖြစ်ခဲ့ရ”

**အခြေအနေတွေ ပိုဆိုးလာ**

အခုချိန်မှာ အီတလီနိုင်ငံအပါအဝင် နိုင်ငံအများအပြားမှာ လက်ဝဲနိုင်ငံရေး၊ လက်ယာနိုင်ငံရေးနဲ့ လူထုကြိုက်အဖွဲ့အစည်းဆိုပြီး မဏ္ဍိုင်သုံးခုဆီကို ဦးတည်နေတာတွေကြောင့် အခြေအနေတွေ ပိုဆိုးလာနေပြီး ၂၀၁၃ ခုနှစ် မဲပေးချိန်ကတည်းက အီတလီမှာ ဒီကိစ္စက ပြဿနာတစ်ခု ဖြစ်နေခဲ့ပါတယ်။ ခွဲထွက်ရေး Northern League အဖွဲ့နဲ့ Forza Italia အဖွဲ့ကြားမှာ ဗဟိုလက်ဝဲယိမ်း



အီတလီသမ္မတ ဆာဂျီယို မတ်တာရီလာ

ဒီမိုကရက်တစ်ပါတီနဲ့ ဗဟိုလက်ယာယိမ်း မဟာမိတ်တို့ ရှိခဲ့ပါတယ်။ Forza Italia ပါတီကို ဘီလီယံနာ သူဌေးကြီး စီလီဗီရို ဘာလူစ်ကိုနီက ၁၉၉၂ ခုနှစ် ရွေးကောက်ပွဲ အကျပ်အတည်းကာလအတွင်းမှာ တည်ထောင်ခဲ့ပြီး ၂၀၀၉ ခုနှစ်မှာတော့ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ဘက်ပီဂရီလိုက ဖိုက်စတားလှုပ်ရှားမှုအဖွဲ့ကို အသစ်တည်ထောင်ခဲ့ပါတယ်။

**နိုင်ငံရေးအကျပ်အတည်းတွေ ပိုမိုခက်ခဲလာ**

ဒီလို နိုင်ငံရေးဆိုင်ရာ အကျပ်အတည်းတွေ၊ ဖြစ်ပွားမှုအခြေအနေတွေဟာ ပိုပြီးအကြိမ်ရေများလာသလို ပိုပြီးတော့လည်း ခက်ခဲလာတယ်လို့ ကက်စတယ်လာနီက အင်တာဗျူးအမေးအဖြေကဏ္ဍမှာ ဖြေကြားခဲ့ပါတယ်။ လတ်တလောအခြေအနေတွေကနေ ပေါက်ဖွားထွက်ပေါ်လာတဲ့ အစိုးရဟာ တည်ငြိမ်ပြီး ထိရောက်မှုရှိမလားဆိုတာကို စိတ်ကူးယဉ်မှန်းဆကြည့်ဖို့ကတော့ ခက်ခဲပါတယ်။

လက်ရှိဖြစ်ပွားနေတဲ့ အကျပ်အတည်းမှာ နောက်ဆုံးရရှိလိုက်တဲ့ တိုးတက်မှုအခြေအနေကတော့ မတ် ၄ ရက် မဲပေးမှုမှာ မဲဆန္ဒရှင် သုံးပုံတစ်ပုံလောက်နီးပါးရဲ့ ထောက်ခံမှုနဲ့ ပထမဦးစွာ အဆုံးသတ်သွားခဲ့တဲ့ ဖိုက်စတားလှုပ်ရှားမှုအဖွဲ့ရဲ့ ခေါင်းဆောင် Luigi Di Maio က ဒီနှစ်နွေရာသီရဲ့စောနိုင်သမျှ အစောဆုံးအချိန်မှာ နောက်တစ်ကြိမ် မဲပေးမှုအသစ် ထပ်မံပြုလုပ်ဖို့ တောင်းဆိုထားပါတယ်။

**ယခုနှစ်မှာလည်း ရွေးကောက်ပွဲ အလားအလာ မကောင်းနိုင်**

သို့သော်လည်း ကက်စတယ်လာနီ၊ ကမ်ပီနဲ့ တခြားသူတွေရဲ့ ပြောပုံအရဆိုရင် ယခုနှစ်အတွက် ရွေးကောက်ပွဲအသစ်တွေ ကျင်းပဖို့ အလားအလာ မရှိတဲ့အပြင် အကယ်၍ ရွေးကောက်ပွဲတွေ ကျင်းပခဲ့ဦးမယ်ဆိုရင်တောင်မှ လွှတ်တော်ရဲ့ နေရာအများစုကို အားကောင်းတဲ့ပါတီတွေက လွယ်လွယ်ကူကူ အနိုင်ရရှိအောင် လုပ်ပေးနေတဲ့ ပါလီမန်လွှတ်တော်အတွင်း ရာထူးနေရာ ရွေးချယ်ပေးအပ်တဲ့ပုံစံကို ပြောင်းလဲဖို့ ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းတွေကို ပြင်ဆင်ဖွဲ့စည်းမှု မလုပ်သေးသရွေ့ကတော့ ဘယ်တော့မှ ရှင်းလင်းပြတ်သားတဲ့ ရလဒ်ကို ရနိုင်မှာ မဟုတ်ဘူးလို့ ဆိုရမှာ ဖြစ်ပါတယ်။

နိုင်ငံရေးစနစ်ကို ပြင်ဆင်ပြောင်းလဲဖွဲ့စည်းမှု မပြုလုပ်သရွေ့ ဒီအခြေအနေတွေဟာ ထပ်ကာတလဲလဲ ဖြစ်ပျက်နေဦးမှာပဲလို့ ရောမမြို့ La Sapienza တက္ကသိုလ်မှ နိုင်ငံရေးကျွမ်းကျင်ပညာရှင် ပိုလိုဆိုင်မွန်ဆီလီက ဝေဖန်သုံးသပ်ခဲ့ပါတယ်။ ပြဿနာကတော့ ဒီလိုပြုပြင်ပြောင်းလဲမှုတစ်ရပ်ကို အောင်မြင်စွာ ကျော်ဖြတ်သွားနိုင်ဖို့ သင်ဟာ ခိုင်မာတဲ့ အစိုးရတစ်ရပ်ကို မဖြစ်မနေ လိုအပ်တယ်ဆိုတာပါပဲ။ ။

**ကိုးကား- ဆင်ဟွာ**

# တို့ဆေးကင်းစေ စိန်တလုံးတို့မြေ

**မကြည်ပြာ(သချ်ာ)**

**မြန်မာနိုင်ငံမှ စိန်တလုံးသရက်ဆိုပါက နိုင်ငံအများစုက သိကြ၊ နှစ်သက်ကြသည်။ မြန်မာနိုင်ငံရှိ သရက်မျိုးပေါင်းများစွာထဲမှ စိန်တလုံးသရက်သည် အဖိုးတန်သရက်မျိုးအဖြစ် တန်ဖိုးထား စားသုံးခြင်း၊ လက်ဆောင်ပေးခြင်းများ ပြုကြသည်။ မြန်မာ့စိန်တလုံးသည် ပြည်တွင်းရှိ အခြားသရက်မျိုးများထက် ပို၍ချိုခြင်း၊ အနံ့ကောင်းခြင်း၊ အမျှင်ဓာတ်ပို၍ နည်းပါးခြင်းနှင့် သာမန်အခန်း အပူချိန်တွင် ကြာမြင့်စွာအထားခံခြင်းတို့ကြောင့် အများကြိုက်နှစ်သက်ကြခြင်း ဖြစ်သည်။**



လက်ရှိအခြေအနေတွင် စိန်တလုံးသရက်မျိုးပွားရာ၌ ကိုင်းကူးပွားခြင်းဖြင့်သာ အပင်ပွားယူကြပြီး ထိုအပင်များသည် အပင်နိမ့်များဖြစ်သည့်အတွက် တောင်သူများအတွက် အဆင်ပြေသည်။ စိန်တလုံးသရက်မျိုးသည် မြန်မာနိုင်ငံတွင် မျိုးကွဲ ငါးမျိုးခန့်ရှိပြီး ၁၉၈၃ ခုနှစ်မတိုင်မီအထိ အထက်မြန်မာနိုင်ငံတစ်ဝိုက်တွင်သာ မထင်မရှားစိုက်ပျိုးစားသုံးနေခဲ့ရာမှ နောက်ပိုင်းတွင် နိုင်ငံခြားသို့တင်ပို့ရောင်းချနိုင်သည့် စံမီသရက်အဖြစ် စာရင်းဝင်ခဲ့သည်။ သရက်သီးအလုံးလိုက်နှင့် သရက်သီးအနှစ်ထုတ်ပြီးသားများကို တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများသို့ တင်ပို့ရောင်းချနေပြီဖြစ်သည်။ စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၇ ခုနှစ်စာရင်းများအရ မြန်မာနိုင်ငံတွင် သရက်စိုက် ဧက ၂၅၀၀၀၀ ခန့်ရှိပြီး မန္တလေးတိုင်းဒေသကြီးတွင် ဧက ၃၅၀၀၀ ခန့်နှင့် စိန်တလုံးသရက် ဧက ၁၇၀၀၀ ရှိကြောင်း သိရသည်။

**အောင်မြင်စွာစိုက်ပျိုးနိုင်**

မြန်မာ့သရက်ကို ဦးစားပေးဝယ်ယူသည့် တရုတ်နိုင်ငံသည် ရှေ့ဆုံးမှဖြစ်သည်ဟု ဆိုနိုင်သည်။ တရုတ်နိုင်ငံတွင် ၁၉၉၀-၁၉၉၁ ခုနှစ်ဝန်းကျင်အထိ သရက်မျိုးကောင်းဟူ၍ မရှိသေးပါ။ သို့သော် "ပညာရှိကိုအရှည်တွဲလို" ဟူသည့် ဆိုရိုးကိုလိုက်နာ၍ အမေရိကန်မှ ပညာရှင်များကိုခေါ်ယူပြီး သရက်စိုက်ပျိုးရန်ကြိုးစားခဲ့ရာ အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့သည်။ တရုတ်ပြည် ဟိုင်နန်ကျွန်းတွင် သရက်ပင်များစွာ စိုက်ပျိုးထားပြီး စိုက်ပျိုးရေးသင်တန်းကျောင်း ထားရှိသည့်အတွက် သရက်သီးသာမက ပန်းသီး၊ သစ်တော်သီး၊ ပန်းသစ်တော်သီး၊ စပျစ်(အစေ့မဲ့) တို့ကို နည်းပညာဖြင့် စိုက်ကြသည်။ အေးလွန်းသည့် ရာသီဥတုဖြစ်၍ ရာသီဥတုနှင့် လိုက်မည့် အမျိုးအစားကို ရွေးစိုက်ကြသည်။ ဥပမာ-ချိုချွမ်ဒေသတွင် အပူချိန် ၁၄ ဒီဂရီအောက်ဖြစ်သောကြောင့် စိုက်ပျိုး၍မရပါ။ အချို့နေရာများတွင် အေးလွန်းသော်လည်း ပလတ်စတစ်များ အုပ်မိုးပြီး စိုက်ကြပါသည်။

တရုတ်နိုင်ငံသည် ရာသီဥတုအရ သစ်သီး၊ ပန်းမန် ရွေးစိုက်ရသော်လည်း ထူးဆန်းသည်ဟုဆိုရမည့် အစေ့မပါသောအသီး၊ အနံ့စူးသည့်ပန်းများကို တီထွင်စိုက်ပျိုးခြင်းတို့ကြောင့် ယင်းနိုင်ငံမှထွက်သော သစ်သီးမျိုးများနှင့် ပန်းများကို မြန်မာနိုင်ငံမှ ဝယ်ယူသုံးစွဲနေကြရသည်။ တရုတ်နိုင်ငံသို့ ဝင်သော သရက်သီးများတွင် ယိုးဒယား၊ ဗီယက်နမ်၊ လာအို၊ ဟိုင်နန်ကျွန်းနှင့် မြန်မာနိုင်ငံမှဝင်ကြသော်လည်း မြန်မာနိုင်ငံမှ စိန်တလုံးသရက်သည် အမျိုးအစားအကောင်းဆုံးနှင့် ထုပ်ပိုးမှုအညံ့ဆုံးအဖြစ် ကြားသိရပါသည်။

**ပညာပေးရပါမည်**

ထုပ်ပိုးမှုနှင့်ပတ်သက်၍ ရောင်းချရာတွင် အရေးပါလှကြောင်းကို ပညာပေးသူနည်းသောကြောင့် သိသူနည်းပါးလှသည်။ စနစ်တကျထုပ်ပိုးခြင်းသည် အသီးအနာအဆာ နည်းပါးပြီး ဈေးကွက်တွင်မျက်နှာပန်းလှသည်ကို သိသင့်ပါသည်။ သစ်သီးများခူးပြီး ရောင်းရန်ပြင်သည့်အခါ စက္ကူဂျပ်ဖာပုံးများထဲသို့ အစီအစဉ်တကျ ထည့်ခြင်းဖြင့် အနာနည်းပါးပြီး အလုံးပုံမပျက်လှပစေကြောင်း ပညာပေးရပါမည်။ ထိုအဆင့်သည် ခူးပြီးအဆင့်တွင် ပြုလုပ်ရမည်ဖြစ်ပြီး သစ်သီးခူးရာတွင်လည်း အရေးတယူပြုရမည့်အချက်များ ရှိနေပါသေးသည်။

သရက်သီး သီးပြီး သီးကင်းလွန်၍ လက်တစ်ဆုပ်စာခန့် အရွယ်တွင် သရက်သီး ပိုးမထိုးစေရန်နှင့် အခြားသော အန္တရာယ်များမှ ကာကွယ်နိုင်ရန် စက္ကူအိတ်ဖြင့် စွပ်ပေးရသည်။ အချို့တောင်သူများသည် စက္ကူအိတ်သီးသန့်မဝယ်ဘဲ သတင်းစာစက္ကူများဖြင့် အသီးကိုထုပ်သော်လည်း တောင်သူအများစုသည် စက်ရိုက်စက္ကူအိတ်များကို သုံးကြသည်။

**သတိပြုရှောင်ရှားရ**

အချိန်မတိုင်မီ ခူးဆွတ်ခြင်းကြောင့် ဈေးကွက်တွင် နာမည်ပျက်ကာ ရောင်းကွက်ပယ်ခံရခြင်းမျိုးကို သတိပြုရှောင်ရှားရမည် ဖြစ်သည်။ ပျမ်းမျှအားဖြင့် အသီးအနံ့အားလုံးသည် ခူးချိန်မတိုင်မီခူးသည့်အခါ သဘာဝအတိုင်း လှပချိုမြခြင်းကင်းပြီး ဈေးကွက်ပျက်သည်အထိ ဖြစ်နိုင်သည်။ သင်္ကြန်မတိုင်မီ တန်ခူးနှင့်ကဆုန်လကြားကာလ၌ မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ဒေသများသည် နှစ်စဉ်လေပြင်းတိုက်လေ့ရှိသည်။ အသီးများ စုံချိန်တွင် ထိုသို့ဖြစ်ပါက သရက်ပင်များသည် အကိုင်းများကျိုးခြင်း၊ အသီးကြွေခြင်း၊ အသီးများ ပွန်းပဲ့အနာတရဖြစ်ခြင်းတို့ကြောင့် တောင်သူများ နစ်နာကြရသည်။ နှစ်စဉ်ကဲ့သို့ တိုက်ခတ်သည့် လေပြင်းကြောင့် အသီးများ အလဟဿမဖြစ်မီ ခူးဆွတ်ရောင်းချကြသည့်အခါ အချိန်မတိုင်မီခူးသော သစ်သီးတို့၏ထုံးစံအတိုင်း နွမ်းမှည့်နှင့် နိဂုံးချုပ်ရပါတော့သည်။

ပေါ်ဦးပေါ်ဖျားဟူတိုင်း ကောင်းသည်ဟု မဆိုသာကြောင်းကို နာမည်ကြီးစိန်တလုံးသရက်နှင့်ပတ်သက်ပြီး ကိုယ်တွေ့ကြုံသူတစ်ဦး၏ ရင်ဖွင့်ချက်ကို သိစေလိုပါသည်။ ပေါ်ဦးပေါ်ဖျား စိန်တလုံးသရက်သီးများကို ဝယ်ယူ၍ လူကြီးသူမများကို လက်ဆောင်ပေးသည့်အခါ လက်ဆောင်ရသူက အမြတ်တနိုးဖြင့် မှည့်ချိန်ရောက်မှ စားလေသော် စိန်တလုံးဟူသည့် ဂုဏ်ပုဒ်နှင့်ဆန့်ကျင်လျက် အချိုမပါဘဲ အချဉ်သက်သက်အရသာကို စားမိသည့်အတွက် မျက်နှာမရဘဲ စိတ်ဆိုးခံရသည်သာ အဖတ်တင်ခဲ့ကြောင်း ပြောပါသည်။

မှည့်ရန်အကြောင်းမရှိသည့်သစ်သီးသည် အဘယ်ကြောင့်မှည့်ရောင်ပြရပါသနည်း။ ရှင်းပါသည်။ သစ်သီးဝလံနှင့် တွဲ၍ မြန်မာပြည်သူများသိကြသည့် "တို့ဆေး"ကြောင့်ဖြစ်သည်။ တို့ဆေးသည် အလွန်ဝယ်ရလွယ်ကူသည်။ ဓာတုပစ္စည်းဆိုင်များသာမက အချို့သောသီးနှံဆိုင်များတွင် ငါးရာကျပ်ဖိုးဝယ်ရုံဖြင့် သစ်သီးများစွာသုံးနိုင်သော ဆေးရည်ဖြစ်သည်။ ထိုအရည်ကို နားကျပ်သည့်ဂွမ်းတံငယ်ဖြင့် တစ်တို့မျှတို့ကာ ခူးထားသော သရက်သီးအညှာထိပ်တွင် တို့ရုံမျှဖြင့် မကြာသောရက်ပိုင်းအတွင်း မှည့်ရောင်ပြကာ စားရန်သင့်ပြီဖြစ်ကြောင်း ကူလီကူမာညာဏ်သုံးလျက် ပလီပြခြင်းပင်ဖြစ်သည်။

**ဆေးတစ်စက်မျှတို့ရုံဖြင့် ပြောင်းလဲသွားရ**

ထိုဆေးသည် မြန်မာနိုင်ငံမှ တီထွင်ထုတ်လုပ်သော ဆေးမဟုတ်သော်လည်း မြန်မာနိုင်ငံအနှံ့အပြား၌ သာမက နိုင်ငံရပ်ခြားတိုင်းပြည်များသို့ တင်ပို့ရောင်းချသည့်သီးနှံများကိုပါ အသုံးပြုနေခြင်းက မိမိတို့၏ ဈေးကွက်ကို မိမိတို့ဘာသာ ဖျက်ဆီး သကဲ့သို့ဖြစ်နေသည်။ ဆေးတစ်စက်မျှတို့ရုံဖြင့် ပြောင်းလဲသွားရသည် ဆိုသည့်အခါ ထိုဆေး တို့ထားသော အသီးကို စားသုံးသူများသည်လည်း လူ၏ ခန္ဓာကိုယ်တွင်း၌ တစ်နည်းတစ်ဖုံ ထိခိုက်မည်သာဖြစ်သည်။ သရက်သီးသာမက အခြားသော သစ်သီးများသည်လည်း လောဘသားကောင်များကြောင့် သဘာဝကို လွန်ဆန်၍ ဝင်းမှည့်ရသည့်အခါ မြန်မာပြည်သားတို့သည် အသီးစား၍ ကျန်းမာရေးကို အထောက်အကူဖြစ်သည်ထက် အသီးစားသည့်အတွက် နောက်ဆက်တွဲ ရောဂါများဖြစ်ပွားရာတွင် ကင်ဆာဟူသည့် ရောဂါဆိုးကြီး မခံစားရစေရန်သာ ဆုတောင်းရပါတော့သည်။

သစ်သီးရောင်းဝယ်သူအများစုသည် ဆေးတို့ထားသော သစ်သီးနှင့် သဘာဝသစ်သီးကို ကောင်းစွာခွဲခြားတတ်ကြသည်။ ထိုအသီးမျိုးကို နိုင်ငံခြားတိုင်းပြည်များအထိ ရောင်းချမိရာဝယ် ယုံကြည်မှုပျက်ပြား၍ သစ်သီးသွားရောင်းလေတိုင်း ဝယ်သူတို့က ဈေးနှိမ်ခြင်း၊ ဝယ်ရန်ငြင်းဆိုခြင်းကို ခံရမည်သာဖြစ်ပြီး ထိုပြဿနာများ၏ အဓိကဇာစ်မြစ်သည် ခူးချိန်မတန်ဘဲ ခူးခြင်းကြောင့်ဖြစ်သည်။ သဘာဝဘေးဖြစ်သည့် လေနှင့်မိုးကိုလန့်၍ ကြိုတင်ခူးသူများအပြင် လောဘစိတ်သက်သက်ဖြင့် ကြိုတင်ခူးကြသူတို့ရှိကြလေရာ "တို့ဆေး" လောကဝယ် သံသရာလည်နေပေတော့မည်။

**အသိပေးနှိုးဆော်**

ဆေးတို့သစ်သီးသည် အရောင်မှည့်ဝင်းလာရန်သာ စွမ်းဆောင်နိုင်ပြီး အရသာနှင့်အာဟာရကို ဖျက်ဆီးကြောင်း လုပ်ကြံသူတို့မသိဘူးလောဟု မေးပါက သိပါသည်ဟုသာ ဖြေရမည်ဖြစ်ပြီး သိလျက်နှင့် မိုက်တွင်းနက်လေသော လောဘသားတို့ကို အရေးယူနိုင်ခြင်းမရှိသည်က ထိုသူတို့အား ရဲတင်းစွာဆက်လက်လုပ်ကိုင်စေ သကဲ့သို့ပင်။ ထိုဆေးတို့ သစ်သီးများကို အမှန်တကယ်ဝယ်လက်များ ဝယ်ယူမိပါက ဈေးကွက်ပျက်မည့်အရေးကို စိုးရိမ်သဖြင့် ၁၀၅ မိုင်ရှိ သစ်သီးဝလံ ကုန်စည်ဒိုင်မှ ကြေညာချက်တစ်ခုကို ထုတ်ပြန်ခဲ့သည်။

ထိုကြေညာချက်တွင် "သရက်သီးများကို မရင့်မှည့်မီ ခူးဆွတ်ရောင်းချပါက ရေရှည်တွင် မြန်မာ့သရက်ပုံရိပ်ကို ဆိုးရွားစွာထိခိုက်နိုင်ခြင်း၊ လတ်တလောဈေးကွက် ပျက်နိုင်ခြေရှိခြင်းတို့ကြောင့် မတ်လ ၂၂ ရက်နေ့က မူဆယ် ၁၀၅ မိုင်ရှိ သစ်သီးကုန်စည်ဒိုင်၌ ကျင်းပသောအစည်းအဝေးမှ ပွဲရုံများ၏ သဘောတူညီချက်များအရ သရက်သီးတင်ပို့သည့် ခြံရှင်များအားလုံး ဧပြီလ ၁၅ ရက်နေ့ထက်စောပြီး သရက်သီးများကို ခူးဆွတ်တင်ပို့ခြင်း မပြုကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်" ဟုပါရှိသည်။ ပုံမှန်ဆိုပါက ဧပြီလကျော်၍မေလရောက်မှသာ စိန်တလုံးသရက်သီးတို့၏ ထုံးစံမှာ အကြောပြတ်၍သဘာဝရင့်ပြီဖြစ်သောကြောင့် ထိုအချိန်မှသာ ခူးသင့်သည်။

လက်ရှိအခြေအနေတွင် မြန်မာ့သရက်သီးတို့၏ ဝယ်လက်မှာ တရုတ်နိုင်ငံဖြစ်သည်။ မြန်မာ၊ ယိုးဒယား၊ ဗီယက်နမ်၊ လာအိုစသည့် နိုင်ငံများမှထွက်သော သရက်မျိုးများတွင် မြန်မာ့စိန်တလုံးသည် ယူနန်ပြည်နယ်တွင် အလွန်မျက်နှာပန်းလှ၍ နာမည်ရသောသရက်မျိုးဖြစ်သည်။ သို့သော် တို့ဆေးမိလာသော ပေါ်ဦးပေါ်ဖျားစိန်တလုံးကြောင့် ဝယ်သူတို့ ငြိုငြင်ခံရခြင်းမဖြစ်ရလေအောင် မှန်ကန်သောခူးဆွတ်မှုဖြင့် တင်ပို့ရောင်းချကြပါက တောင်သူများ ဈေးကွက်ငြိမ်ပြီး စီးပွားအထွက်တိုးမည်ဖြစ်ပါကြောင်း စေတနာဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

**"တို့ဆေးမိလာသော ပေါ်ဦးပေါ်ဖျားစိန်တလုံးကြောင့် ဝယ်သူတို့ ငြိုငြင်ခံရခြင်းမဖြစ်ရလေအောင် မှန်ကန်သောခူးဆွတ်မှုဖြင့် တင်ပို့ ရောင်းချကြပါက တောင်သူများ ဈေးကွက်ငြိမ်ပြီး စီးပွားအထွက်တိုးမည်ဖြစ်"**

# ရပ်စောက်မြို့နယ်၌ သရက်တစ်ကေလျှင် ခုနစ်တန်ခန့် ထွက်ရှိ

ရှမ်းပြည်နယ် တောင်ပိုင်း ရပ်စောက်မြို့၌ သရက်တစ်ကေလျှင် ခုနစ်တန်ခန့် ထွက်ရှိနေခြင်းကြောင့် ယခင်နှစ်များထက်အထွက်နှုန်းပိုလာကြောင်း သရက်စိုက်တောင်သူများထံမှ သိရသည်။

"အရင်နှစ်က တစ်ဧက ငါးတန်ကျော်လောက်ထွက်တာ၊ အသီးကလည်း သေးတယ်၊ ဒီနှစ်တော့ ခုနစ်တန်နှုန်းလောက်ထွက်လာသလို သရက်အရည်အသွေးစံနှုန်းလည်းမီလာတယ်၊ မူဆယ် တရုတ်ဘက်လည်း ပို့လာနိုင်တယ်၊ ကျန်တဲ့ သေးငယ်တဲ့၊ အနာပါတဲ့ အလုံးတွေကိုတော့ ပွဲစားတွေကနေတစ်ဆင့် ပြည်တွင်းဈေးကွက်ဘက်ကိုပို့တယ်" ဟု ရပ်စောက်ရှိ သရက်စိုက်တောင်သူ ဦးဘိုလင်းက ပြောသည်။

လက်ရှိ တရုတ်နိုင်ငံသို့ တင်ပို့နေသည့် သရက်အရွယ်အစားအလိုက် ဈေးနှုန်းကွာခြားမှုရှိနေပြီး အရည်အသွေးကောင်းမွန်ရန်အတွက် သရက် အိတ်စွပ်နိုင်ရန် တစ်ကေလျှင် ငွေကျပ် ၃၀၀၀၀၀ ကျော် ကုန်ကျနေပြီး လက်ရှိအချိန်သည် ခူးဆွတ်နိုင်ရန်လုပ်သားစရိတ်အနေဖြင့် တစ်ကေလျှင် ငွေကျပ်သိန်း ၂၀၀၀၀၀ ကျော် ကုန်ကျနေကြောင်း သိရသည်။

သယ်ယူပို့ဆောင်ခမှာ ရပ်စောက်မှ ပို့ပါက သရက်သီးတစ်ခြင်းလျှင် ငွေကျပ် ၁၃၀၀မှ ၁၄၀၀၊ ရွှေဘိုမှ ပို့ပါက တစ်ခြင်းလျှင် ငွေကျပ် ၁၇၀၀ မှ ၁၈၀၀ အထိ၊ တောင်ကြီးမှ ပို့ပါက သရက်သီးတစ်ခြင်းလျှင်ငွေကျပ် ၂၀၀၀ ပေးရပြီး လက်ရှိ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် သစ်သီးပွဲရုံ ၂၁ ရုံခန့်ရှိကြောင်း သိရသည်။

သစ်သီးပွဲရုံသို့ ရောက်ရှိလာသော သရက်သီးကားများကို အလုပ်သမားခအဖြစ် ဒိုင်နာကားတစ်စီးပေါ်မှ ပွဲရုံသို့ အတင်အချပြုလုပ်ပါက အလုပ်သမားခ ငွေကျပ် ၃၅၀၀၊ ခြောက်ဘီးကားတစ်စီးလျှင် ငွေကျပ် ၆၀၀၀၊ ၁၂ ဘီးကားတစ်စီးလျှင် ငွေကျပ် ၁၁၀၀၀နှုန်းဖြင့် အလုပ်သမားခ (အချ)ကို ကားများက ပေးရပြီး ကားပေါ်ပြန်တင်လျှင် အလုပ်သမားခ (အတင်) ကို ပွဲရုံမှတစ်ခြင်း ၁၅ ရာခိုင်နှုန်းဖြင့် ပေးချေရကြောင်း သစ်သီးပွဲရုံများမှ ဝန်ဆောင်ခ ၅ ရာခိုင်နှုန်းယူကြောင်း သိရသည်။

"စိန်တလုံးသရက်ကို တောင်ကြီး၊ ရပ်စောက်ဘက်ကနေ မေလနဲ့ ဇွန်လလောက်မှာ အပို့များတယ်၊ ဒီအချိန်ဆို အထွက်နှုန်းလည်း များတယ်၊ ဝယ်လိုအားအရခူးဆွတ်ချိန်မှန်ဖို့နဲ့ သရက်ပိုး မကျအောင် လုပ်နေရတယ်"ဟု ရပ်စောက်ရှိ သရက်စိုက်တောင်သူ ကိုခွန်စစ်လင်းက ပြောသည်။

မြန်မာ့သရက်သီးများသည် တစ်ဖက်နိုင်ငံမှ ဝယ်လိုအားရှိသော သစ်သီးဝလံတစ်မျိုးဖြစ်ပြီး မြန်မာနိုင်ငံဒေသ အတော်များများတွင် စိုက်ပျိုးဖြစ်ထွန်းသော အပင်လည်းဖြစ်သဖြင့် သရက်သီးမျိုးကောင်း မျိုးသန့်များ (ဈေးကွက်ဝင်ဈေးကောင်းရမျိုးများကို) ခေတ်မီနည်းစနစ်များဖြင့်စနစ်တကျ ဈေးကွက်ဝင် စိုက်ပျိုးထုတ်လုပ်တင်ပို့ခြင်းအားဖြင့် နိုင်ငံခြားဝင်ငွေတိုးတက်လာစေရုံမက ပြည်ပပို့ကုန် တိုးမြှင့်ရေးအတွက်လည်း အထောက်အကူဖြစ်နိုင်ကြောင်း ကုန်သည်များက ပြောသည်။



**ဇာလင်းသူ**(AMIA)၊
**ဓာတ်ပုံ- ကေဇူး**(AMIA)

# မျိုးစေ့များကို တောင်သူများ ကြိုတင်မှာယူမှု များပြားနေခြင်းကြောင့် ဈေးနှုန်းမြင့်တက်လာ

**မန္တလေး မေ ၆**

လက်ရှိ သီးနှံမျိုးစေ့ဈေးကွက်အတွင်း တောင်သူများကိုယ်တိုင် မျိုးစေ့များကို ကြိုတင်မှာယူမှု များပြားနေခြင်းကြောင့် မျိုးစေ့ဈေးနှုန်းများ မြင့်တက်လာကြောင်း စိုက်ပျိုးရေး ဆေးနှင့် မျိုးစေ့လုပ်ငန်းစုများမှ သိရသည်။

"ဖရဲမျိုးစေ့နဲ့ သခွားမျိုးစေ့တွေ အရင်လကထက် နှစ်ဆ ရောင်းအားပိုလာနေတယ်၊ ဈေးတက်တယ်ဆိုတာလည်း အခု သီးနှံစိုက်ချိန်ဖြစ်တဲ့ နှမ်းနဲ့ အစေ့ထုတ်ပြောင်းတွေ ပိုတက်တယ်၊ မိုးနှမ်းဆိုရင် သိပ်မကြာခင် စိုက်တော့မှာဖြစ်သလို အစေ့ထုတ်ပြောင်းကတော့ ဒေသတချို့မှာ စိုက်နေကြပြီ"ဟု မန္တလေးမြို့ရှိ အောင်ရတနာ မျိုးစေ့နှင့် ဆေးဆိုင်ပိုင်ရှင် ဒေါက်တာနေအောင်က ပြောသည်။

နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ တောင်သူ ဦးလွင်ဦးက "မိုးနှမ်းစိုက်ဖို့ ထွန်ယက်ပြင်ဆင်နေပါတယ်၊ နှမ်းမျိုး တစ်ပြည်ကို အရင်က ကျပ် ၂၀၀၀၀ ကျော်ပဲရှိတာ၊ အခု ကျပ် ၃၀၀၀၀ ဝန်းကျင် ဈေးရှိတယ်၊ စိုက်ပျိုးရေးကဏ္ဍအတွက် မျိုးစေ့က အရေးကြီးတာဆိုတော့ မဝယ်မဖြစ် ဝယ်ရတာပေါ့၊ ဒါပေမယ့် ပိုက်ဆံကုန်တာထက် အရည်အသွေးပြည့်တဲ့ မျိုးစေ့တွေ လိုအပ်တာပါ၊ ဖရဲ၊ သခွား ဆိုရင်လည်း မျိုးစေ့က အတုလား အစစ်လား ခွဲခြားရခက်လာတယ်၊ ဒါကြောင့်လည်း တောင်သူတွေအနေနဲ့ ကိုယ်အမြဲဝယ်နေတဲ့ ဆိုင်တွေမှာပဲ ယုံယုံကြည်ကြည် ဝယ်ရတာဆိုတော့ အဲဒီဆိုင်က ဈေးကြီးနေရင်လည်း ဝယ်ရတာပဲ"ဟု ပြောသည်။

မျိုးစေ့ဈေးကွက်အတွင်း အစေ့ထုတ်ပြောင်း၊ ဖရဲ၊ မိုးကြက်သွန်၊ နှမ်းမျိုးစေ့တို့ကို သီးနှံအမျိုးအစားအပေါ် မူတည်၍ မစိုက်မီ တစ်လ(သို့မဟုတ်) နှစ်လနီးပါးခန့်အတွင်း ကြိုတင်ဝယ်ယူ စုဆောင်းနေမှုကြောင့် ကြက်သွန်မျိုးစေ့ တစ်ပြည်လျှင် ကျပ် ၅၀၀၀ ရှိရာမှ ယခုအခါကျပ် ၁၀၀၀၀ သို့လည်းကောင်း၊ အစေ့ထုတ်ပြောင်း တစ်ကီလို တစ်ထုပ်လျှင် ကျပ် ၉၀၀၀ မှကျပ် ၂၅၀၀၀ သို့လည်းကောင်း၊ ဖရဲမျိုးစေ့ တစ်ကီလိုလျှင် ကျပ် ၂၀၀၀၀ မှ ကျပ် ၂၈၀၀၀ သို့လည်းကောင်း၊ နှမ်းမျိုးစေ့ တစ်ပြည်လျှင် ကျပ် ၁၅၀၀၀ ရှိရာမှ ကျပ် ၂၅၀၀၀ သို့ လည်းကောင်း အသီးသီး ဈေးနှုန်းများမြင့်တက်နေကြောင်း သိရသည်။

လက်ရှိ ပြည်တွင်းရှိ မျိုးစေ့ဈေးကွက်အတွင်း တောင်သူများအရည်အသွေးမြင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရန် နိုင်ငံခြားကုမ္ပဏီများအား မျိုးစေ့နှင့် ဓာတ်မြေဩဇာ ကုန်သွယ်ခွင့်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ခွင့်ပြုထားသည်။

မျိုးစေ့ထုတ်တောင်သူများထံမှ မျိုးစေ့နမူနာများရယူပြီး အရည်အသွေး စံချိန်စံညွှန်းကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်း( အစိုဓာတ်တိုင်းတာခြင်း၊ မျိုးစေ့သန့်စင်မှု စစ်ဆေးခြင်း၊ အပင်ပေါက် စမ်းသပ်ခြင်း၊ ပေါင်းစေ့ပါဝင်မှု အရေအတွက် စစ်ဆေးခြင်း၊ ဆန်နီစေ့ပါဝင်မှု အရေအတွက် စစ်ဆေးခြင်း)များကို စိုက်ပျိုးရေးဦးစီးဌာန၏ စိုက်ပျိုးရေးဆိုင်ရာ ဓာတ်ခွဲခန်းများတွင်လည်း လာရောက်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**မြတ်သူ(AMIA)၊ ဓာတ်ပုံ- ဖြိုးလွင်အောင်(AMIA)**




# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ သစ်သီးဝလံ ၁၀ တန်ကျော် တင်ပို့နိုင်ရန် မျှော်မှန်းထား

**မူဆယ် မေ ၆**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ သစ်သီးဝလံ ၁၀ တန်ကျော် တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း မန္တလေး-မူဆယ်ရှိ သစ်သီးကုန်သည်များထံမှ သိရသည်။




လက်ရှိတွင် မြန်မာ့သစ်သီးဝလံများကို မူဆယ်မှ တရုတ်နိုင်ငံသို့လည်းကောင်း၊ ပင်လယ်ရေကြောင်းနှင့် လေကြောင်းတို့မှ မလေးရှား၊ စင်ကာပူ၊ ဂျပန်၊ တောင်ကိုရီးယား၊ အင်္ဂလန်နှင့် ဆော်ဒီအာရေဗျ နိုင်ငံများသို့လည်းကောင်း တင်ပို့လျက်ရှိပြီး နှစ်စဉ်တင်ပို့မှုက တိုးတက်လာလျက်ရှိသည်။

"မြန်မာ့သစ်သီးဝလံ အများစုကို တရုတ်ကိုပို့တာ ဖြစ်တယ်၊ ဖရဲ၊ သခွားနဲ့ သရက်ကို ပိုတင်ပို့တယ်၊ အရည်အသွေးမီတဲ့ ဓာတုဓာတ်ကြွင်းနည်းတဲ့ သစ်သီးတွေဆို ပိုကြိုက်တယ်"ဟု မန္တလေး-မူဆယ်ရှိ သစ်သီးဝလံကုန်သည်တစ်ဦးဖြစ်သူ ကိုမြတ်ထွန်းမော်က ပြောသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၅၆၀၀၀၀ ကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၆၀ ကျော်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၆၀၀၀၀၀ ကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၁ သန်းကျော်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၆၈၀၀၀၀ ကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၆ သန်းကျော် ရရှိခဲ့ကြောင်း သိရသည်။

သစ်သီးဝလံကဏ္ဍကို အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ကဏ္ဍ ငါးခုထဲတွင် ပါဝင်ထည့်သွင်းထားပြီး သစ်သီးဝလံကဏ္ဍအတွက် အစိုးရချင်းချိတ်ဆက်ဆောင်ရွက်ရန် G to G ကိစ္စရပ်များ၊ ဈေးကွက်သတင်း အချက်အလက်များရရှိရန် လိုအပ်နေမှုများ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံကဏ္ဍကို NES Sector တွင် ထည့်သွင်းထားကာ လိုအပ်သည့် အချက်များ၊ သစ်သီးဝလံနှင့် ပတ်သက်သည့် စက်မှုဇုန်များ ပြုလုပ်ရန် အချက်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းရပ်များကို ဆောင်ရွက်နေကြောင်း သိရသည်။

သစ်သီးများ တင်ပို့ရောင်းချရာတွင် ဈေးကောင်းရစေရန်အတွက် ဓာတုအကြွင်းအကျန်များ မရှိစေရန် လိုအပ်ရာ စိုက်ပျိုးရေးသုံး သွင်းအားစုများကို နည်းစနစ်တကျ သုံးစွဲရန် အထူးလိုအပ်နေပြီး သစ်သီးစိုက်ပျိုးကြသည့် တောင်သူအချင်းချင်း နည်းစနစ်ဖြန့်ဝေမှုများလည်း လိုအပ်သည်ဟု သိရသည်။ ထို့အပြင် ကုန်သည်အချို့ ပြုလုပ်နေကြသော သရက်သီးများကို တို့ဆေးဖြင့်တို့၍ မှည့်အောင်ပြုလုပ်ပြီး ရောင်းချခြင်းသည် ဈေးကွက်တစ်ခုလုံးကို ထိခိုက်နိုင်၍ ရှောင်ကြဉ်ရန်လိုအပ်ကြောင်း ကျွမ်းကျင်သူများက အကြံပြုထားသည်။

**မြတ်သူ(AMIA)၊**
**ဓာတ်ပုံ- ကေဇူး(AMIA)**

# ပဲပုပ်ဈေးကွက် မြှင့်တင်နိုင်ရေး တောင်သူများနှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်မည်

**တောင်ကြီး မေ ၆**

မြန်မာနိုင်ငံတွင် စားသုံးမှုများသော ပဲပုပ်ကို တောင်ကြီးခရိုင်ရှိ တောင်သူများအနေဖြင့် တိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပူးပေါင်းကာ ပြည်တွင်း၊ ပြည်ပ ဈေးကွက်ရရှိရေးကိုလည်း ကြိုးပမ်းသွားမည်ဖြစ်ကြောင်း တောင်သူများထံမှ သိရသည်။

"မျိုးလိုအပ်ချက်ကတော့ တစ်ဧကကို မျိုးစေ့ ၁၂ ပြည်မှ ၁၆ ပြည်အထိ အသုံးပြုပါတယ်၊ တန်ဖိုးမြှင့်ထုတ်ကုန်နဲ့ဈေးကွက်အလားအလာကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနတွေ လယ်ယာသုံးစက်တွေဖြန့်တဲ့ ကုမ္ပဏီတွေက လာရောက်ပြီးတော့ ဟောပြောတာတွေ လုပ်ပေးနေသလို ကျွန်တော်တို့ဘက်ကလည်း လိုအပ်တဲ့ သတင်းအချက်အလက်တွေ ပေးသလို လိုအပ်ရင်လည်း အကူအညီတောင်းပါတယ်၊ တစ်ဧက ကုန်ကျစရိတ်အနေနဲ့ကတော့ ကျပ် ၁၁၅၀၀၀ ခန့် ကုန်ကျပါတယ်၊ ဒီလို အာဟာရဓာတ်တွေနဲ့ ပြည့်စုံပြီး ပြည်တွင်းဈေးကွက်လည်း ရှိပြီးဖြစ်တယ်"ဟု တောင်ကြီးမြို့ရှိ ပဲပုပ်စိုက်တောင်သူ ဦးစိုင်းအောင်မြတ်တိုးက ပြောသည်။

ပဲပုပ်ကို စားသုံးဆီ(Vegetable Oil)အဖြစ်သာမက လူသုံးကုန်ပစ္စည်းများဖြစ်သည့် ပိုးသတ်ဆေး၊ ဆပ်ပြာ၊ အိမ်သုတ်ဆေး၊ ပုံနှိပ်မင်၊ ဆေးဝါး ထုတ်လုပ်မှုလုပ်ငန်းများမှာလည်း အသုံးပြုကြပြီး စားသောက်ကုန်များဖြစ်သည့် အသားတု၊ ပဲပင်ပေါက်၊ ပဲငံပြာရည်၊ ပဲပုပ်စေ့ကျော်၊ ပဲပုပ်ခြောက်ပြား၊ ပဲငါးပိတို့ဟူးတို့အပြင် ဆီထုတ်ပြီးသည့် ပဲပုပ်ကိုလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုကြကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ ပဲပုပ်စိုက်နှုန်း နည်းနေသေးတယ်၊ အသုံးပြုမှုကတော့ များတယ်၊ တစ်နှစ်လိုအပ်ချက် တန်ချိန် လေးသောင်းဝန်းကျင်လောက် ရှိတယ်၊ တောင်ကြီးနဲ့ အခု ဟဲဟိုးဘက်မှာ ပဲပုပ်စိုက်တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ မျိုးစေ့စံစိုက်ကွက်နဲ့ လိုအပ်တဲ့ အရင်းအနှီးတွေပေးဖို့ ဆောင်ရွက်နေတယ်၊ ထွက်ရှိလာတဲ့ပဲပုပ်ကို ပြန်လည် ဝယ်ယူပြီးတော့ မျိုးစေ့ဖြန့်ဖို့လည်း ပါပါတယ်"ဟု တောင်ကြီး-မူဆယ်ရှိ ကုန်သည် ဦးဟန်မင်းဦးက ပြောသည်။

ပဲပုပ်ကို သက်တမ်းအလိုက် သက်လျင်မျိုး ၇၅ ရက်မှ ၈၄ ရက်၊ သက်လတ်မျိုး ၈၅ ရက်မှ ၉၄ ရက်၊ သက်ကြီးမျိုး ၉၅ ရက်အထက်ဟု သတ်မှတ်ထားပြီး ပဲပုပ်ကို ကုန်းမြင့်ပိုင်း တောင်ပေါ်ဒေသများ၌ မေလနှင့် ဇွန်လများတွင်လည်းကောင်း၊ မြေပြန့်၌ ဩဂုတ်လနှင့် စက်တင်ဘာလများတွင်လည်းကောင်း၊ မြေနုကျွန်းများ၌ စက်တင်ဘာလနှင့် အောက်တိုဘာတွင်လည်းကောင်း စိုက်ပျိုးကြကြောင်း သိရသည်။

ပဲပုပ်ကို ရပ်စောက်၊ ဟိုပုံး၊ နမ့်စန်၊ မိုင်းပွန်၊ တောင်ကြီး၊ လဲချား၊ ကျောက်တစ်လုံး၊ မိုးနဲ၊ ဆီဆိုင်၊ ကျောက်မဲ၊ လားရှိုး၊ ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းဘက်တွင် စိုက်ပျိုးမှုများပြီး ရှမ်းပြည်နယ် တောင်ပိုင်းတစ်နေရာတည်းမှ တစ်နှစ်လျှင် တန်ချိန် သုံးသောင်းခွဲမှ လေးသောင်းနီးပါးထိ ထွက်ရှိကြောင်း သိရသည်။

**မြတ်သူ(AMIA)**

# ပဲအကျ နှမ်းအတက်နှင့် စိုက်ပျိုးထုတ်ကုန်ဈေးကွက်

**(ဧပြီ ၃၀ ရက်မှ မေ ၄ ရက်အထိ)**

**မတ်ပဲတစ်တန် လေးသိန်းအောက်ကျဆင်း**

မတ်ပဲက ဒီတစ်ပတ်မှာ တစ်တန်ကို လေးသိန်းအောက်အထိ ဈေးကျဆင်းသွားခဲ့ပါတယ်။ ပြည်ပဝယ်လက် နည်းသွားသလို ပြည်တွင်းဝယ်ယူမှုလည်း နည်းသွားတဲ့အတွက် ဈေးက မထင်မှတ်လောက်အောင်ကို ကျဆင်းသွားခဲ့ပါတယ်။ နေ့စဉ် ပြည်ပကို ကွန်တိန်နာ အလုံး ၃၀ ကနေ ၅၀ ကြားသာ တင်ပို့နေရပါတယ်။

မတ် ၃၀ ရက်က အိန္ဒိယနိုင်ငံက ပဲမျိုးစုံတင်ပို့မှုနဲ့ ပတ်သက်ပြီး ကန့်သတ် ကုန်စည်အဖြစ် သတ်မှတ်ခဲ့တာ သက်တမ်းနောက်ဆုံးရက်လည်း ဖြစ်ပါတယ်။ သက်တမ်းကုန်ဆုံးရက်ဖြစ်ပေမယ့် အိန္ဒိယအစိုးရက ကြေညာချက်တစ်စုံတစ်ရာ မထွက်သေးတဲ့အပြင် တစ်စုံတစ်ရာအကြောင်းပြန်မှုလည်း မရှိခဲ့တာကို တွေ့ရပါတယ်။ ပဲကုန်သည်တွေကတော့ အထက်ပါဖြစ်စဉ်နဲ့ပတ်သက်လို့ စိုးရိမ်နေကြပြီး အစားထိုးသီးနှံ စိုက်ပျိုးဖို့အတွက် တွန်းအားပေးမှုတွေ ရှိနေပါတယ်။

ရန်ကုန်ကုန်စည်ဒိုင်မှာ မတ်ပဲက တစ်တန်ကို ၃၈၀၀၀၀ ကျော်နဲ့တစ်ပတ်အတွင်း တစ်တန်မှာ ကျပ် ၃၀၀၀၀ ကျော်လောက် ဈေးကျဆင်းသွားခဲ့ပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၃၂၀၀၊ နေပြည်တော်ကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၁၃၀၀၀ ခန့်၊ မန္တလေးကုန်စည်ဒိုင်မှာ တစ်တင်းကို ၁၀၀၀၀ ကနေ ၁၃၀၀၀ ကြား၊ မုံရွာကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၂၅၀၀ ခန့်ရှိနေပြီး တစ်တင်းမှာ အနည်းဆုံး ကျပ် ၃၀၀ ခန့်မှ ၂၅၀၀ ခန့်အထိ ဈေးကျဆင်းခဲ့ပါတယ်။

**ပဲစင်းငုံနီ စီးပွားဖြစ်စိုက်ရန်မသင့်**

ပဲစင်းငုံနီက မတ်ပဲနဲ့ နှိုင်းယှဉ်လိုက်ရင် ဈေးအများကြီးကျဆင်းသွားခဲ့တာမဟုတ်သလို ပြည်ပဝယ်ယူမှုကလည်း ပုံမှန်ရှိနေပေမယ့် ဒီတစ်ပတ်မှာတော့ ပဲနှမ်းအသင်းက ပဲစင်းငုံနီကို စီးပွားဖြစ်စိုက်ပျိုးဖို့ လုံးဝမသင့်တော်တဲ့အကြောင်း ထုတ်ပြန်ခဲ့ပါတယ်။

ပဲစင်းငုံနီနေရာမှာ တခြားကိုက်ညီမယ့် စီးပွားဖြစ် ဆီထွက်သီးနှံတွေ၊ အခြားပဲ အမျိုးအစားတွေကိုသာ စိုက်ပျိုးဖို့လည်း တိုက်တွန်းမှုလုပ်ထားပါတယ်။ ပြီးခဲ့သော မတ်လ ၃၀ ရက်က အိန္ဒိယနိုင်ငံကို ပဲတင်ပို့မှုက သတ်မှတ်ရက်နောက်ဆုံးဖြစ်ခဲ့ပြီး ပဲစင်းငုံနီတင်ပို့မှုကို တစ်နှစ်သက်တမ်းတိုးပေးဖို့ မြန်မာအစိုးရက တောင်းဆိုပေမယ့် လက်ရှိအချိန်အထိ အိန္ဒိယအစိုးရက အကြောင်းမပြန်သေးတာကို တွေ့ရပါတယ်။

အိန္ဒိယနိုင်ငံမှာ ပြည်တွင်းပဲစားသုံးမှုက လုံလောက်တဲ့အပြင် ပြည်ပတင်သွင်းမှုကိုပါ ပြုလုပ်လာတဲ့အတွက် ပဲစင်းငုံနီစိုက်တဲ့ တောင်သူတွေအပြင် ကုန်သည်တွေပါ အရှုံးပေါ်နေတဲ့အနေအထားတစ်ခုကိုလည်း ရောက်ရှိနေပါတယ်။

လက်ရှိ ပြည်တွင်းဈေးကွက်မှာ ပဲစင်းငုံနီက ဈေးအနည်းငယ်ရနေသော်လည်း နောက်ထွက်သီးနှံတွေက အရည်အသွေးညံ့တဲ့အတွက် လက်ကျန်ပဲတွေသာ ဈေးကောင်းရနေတာကိုလည်း တွေ့ရပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ ပဲစင်းငုံနီအသစ် တစ်အိတ်ကို ကျပ် ၈၅၀၀ ကနေ ၉၀၀၀ ကြားသာ ဈေးရရှိပြီး တစ်တင်းမှာ ကျပ် ၂၀၀၀ နီးပါး ဈေးကျဆင်းသွားပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ၁၀၀၀၀ နဲ့ ဈေးငြိမ်နေပြီး ပခုက္ကူကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ၈၅၀၀ ကနေ ၉၀၀၀ ကြား ပေါက်ဈေးရှိနေပါတယ်။ မန္တလေးကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ၁၀၀၀၀ နီးပါးသာ ဈေးရရှိနေပါတယ်။

**ကုလားပဲ ပြည်တွင်းပြည်ပအဝယ်မရှိ**

ကုလားပဲကတော့ ဒီတစ်ပတ်မှာ ဈေးဆက်ကျဆင်းနေပြီး သုံးပတ်ဆက်တိုက် ဈေးကျဆင်းနေတာဖြစ်ပါတယ်။ ပြည်ပဝယ်ယူမှုလည်း မရှိတဲ့အပြင် ပြည်တွင်းပဲစက်တွေကလည်း အဝယ်မရှိတဲ့အတွက် ဈေးက ဆက်တိုက်ကျဆင်းနေခဲ့ပါတယ်။

မုံရွာကုန်စည်ဒိုင်မှာ ကုလားပဲလုံးဝါအကြီးက တစ်တင်းကို ကျပ် ၁၇၀၀၀ ရှိပြီး အသေးက ၁၈၇၀၀ ပေါက်ဈေးရှိကာ တစ်တင်းမှာ ကျပ် ၃၀၀၀ ကျော် ဈေး ကျဆင်းသွားပါတယ်။ ကုလားပဲလုံးဖြူက အကြီးတစ်တင်း ကျပ် ၁၉၀၀၀၊ အသေး ကျပ် ၁၇၅၀၀ ပေါက်ဈေးရှိပြီး မထင်မှတ်လောက်အောင် ကျဆင်းသွားခဲ့ပါတယ်။ ပြည်ကုန်စည်ဒိုင်၊ ပခုက္ကူကုန်စည်ဒိုင်တို့မှာလည်း ကုလားပဲလုံးဝါရော၊ ပဲလုံးဖြူပါ ဈေးကျဆင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ် ၂၀၁၇ ကာလတူအခြေအနေက ဈေးနဲ့ယှဉ်ရင် လက်ရှိ ကုလားပဲဈေးတွေက ထက်ဝက်မက ဈေးကျဆင်းလျက်ရှိပါတယ်။

**နှမ်းရောင်စုံ ဈေးအတက်ချည်းသာ**

နှမ်းနက်ကတော့ လက်ရှိမှာ တရုတ်နိုင်ငံက အဝယ်လိုက်နေတဲ့အတွက်ကြောင့် ဈေးတက်နေပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၃၇၀၀၀ ရှိပြီး တစ်တင်းမှာ ၁၅၀၀ ကျပ်လောက် ဈေးတက်လာပါတယ်။ နေပြည်တော်ကုန်စည်ဒိုင်မှာ လည်း တစ်တင်းမှာ ၂၀၀၀ နီးပါးဈေးတက်လာပြီး တစ်တင်းကို ကျပ် ၃၈၀၀၀ ပေါက်ဈေးရှိနေပါတယ်။

နှမ်းဖြူကတော့ နှမ်းနက်နဲ့ယှဉ်ရင် ဈေးပိုရနေပါတယ်။ ပြည်တွင်းစားသုံးမှု များပြားတဲ့အပြင် ပြည်ပတင်ပို့မှုလည်း ရှိတဲ့အတွက်ကြောင့် ဈေးက အတက်ဈေးနဲ့ပဲ ရှိနေပါတယ်။ ဒီတစ်ပတ်မှာလည်း နှမ်းဖြူက ဈေးတက်လာပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၄၅၀၀၀ ရှိပြီး ၁၅၀၀ ကျပ်လောက် တက်လာသလို မန္တလေးကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၄၂၀၀၀ ကနေ ၄၅၀၀၀ အထိ ပေါက်ဈေးရှိပြီး တစ်တင်းမှာ ၂၀၀၀ လောက် ဈေးတက်လာပါတယ်။

နှမ်းနီကိုတော့ ဈေးအတက်အကျသိပ်မရှိဘဲ မုံရွာကုန်စည်ဒိုင်နဲ့ ပြည်ကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၃၆၀၀၀ နဲ့ ဈေးငြိမ်နေပြီးတော့ နေပြည်တော်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၂၆၀၀၀ နဲ့ တစ်တင်းမှာ ကျပ် ၃၀၀ ကျော် ဈေးတက်ခဲ့ပါတယ်။

နှမ်းညိုကလည်း ပြီးခဲ့တဲ့အပတ်က ဈေးငြိမ်နေပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးတက်လာပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၃၅၀၀၀ ရှိပြီး တစ်တင်းမှာ ကျပ် ၁၀၀၀ ခန့်၊ မန္တလေးကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၃၆၀၀၀ ကနေ ၃၇၀၀၀ ရှိပြီး တစ်တင်းမှာ ကျပ် ၂၀၀၀ ခန့် ဈေးတက်လာပါတယ်။

မြန်မာနိုင်ငံရဲ့နှမ်းရောင်စုံရဲ့ ၇၀ ရာခိုင်နှုန်းကို အဓိက တရုတ်နိုင်ငံကို တင်ပို့နေပြီး လက်ရှိမှာ စင်ကာပူ၊ ထိုင်းနဲ့ ဂျပန်နိုင်ငံတို့ကိုလည်း တင်ပို့နေတယ်လို့သိရပါတယ်။ လက်ရှိမှာ မိုးနှမ်းကို စိုက်ပျိုးတော့မှာဖြစ်ပြီး လက်ကျန် နှမ်းတွေလည်း နည်းလာတဲ့အတွက် အချို့နှမ်းတွေ ဈေးကွက်အတွင်းမှာ ဈေးတက်လာပြီး တချို့နှမ်းတွေကတော့ လက်ကျန်မရှိတော့တာကိုတွေ့ရပါတယ်။

**ကြက်သွန်ဖြူ ဈေးကျနေ**

ကြက်သွန်ဖြူ(ကြူကုတ်)ကတော့ လက်ရှိမှာ ဈေးဆက်ပြီး ကျဆင်းနေခဲ့သလို တောင်ကြီး ကြက်သွန်တွေက အဝင်မရှိသလောက်ဖြစ်နေပြီ။ အောင်ပန်းကြက်သွန်တွေက အကျဈေးနဲ့ ဈေးကွက်ထဲကို ဝင်လာနေပါတယ်။ အချိန်အခါမဟုတ် မိုးရွာတဲ့အတွက် ကြက်သွန်တွေ စိုစွတ်ပြီး အပျက်အစီးများတဲ့အတွက် ဈေးကလည်း ကျဆင်းသွားခဲ့ပါတယ်။

ရန်ကုန်ကုန်စည်ဒိုင်မှာ ကြက်သွန်ဖြူ(ကြူကုတ်)က တစ်ပိဿာကို ၁၀၂၅ ကျပ်ကနေ ၁၀၅၀ အထိရှိပြီး ၅၀ ကျပ်ခန့် ဈေးကျဆင်းသွားပါတယ်။ အောင်ပန်းကတော့ တစ်ပိဿာကို ကျပ် ၈၀၀ ကနေ ၁၁၀၀ ဖြစ်ပြီး တစ်ပိဿာမှာ ၁၀၀ ကျပ်လောက် ဈေး ကျဆင်းသွားပါတယ်။

**ဝတ်ရည်မွန်(AMIA)**

# ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ပုဂ္ဂလိကအစီအစဉ်ဖြင့် မျိုးစေ့စက်ရုံ ဖော်ဆောင်သွားမည်

**ရန်ကုန် မေ ၆**

ယခုဘဏ္ဍာနှစ်မှ စတင်ကာ ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်တွင် ပုဂ္ဂလိကအစီအစဉ်ဖြင့် မျိုးစေ့စက်ရုံ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းမူကြမ်းအရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းမူကြမ်းအရ အဆိုပါ စက်ရုံများကို ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း ဖော်ဆောင်သွားမည်ဖြစ်ပြီး တွံတေး၊ ကော့မှူး၊ သုံးခွ စသည့်မြို့နယ်များတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းတွင် မျိုးစေ့စက်ရုံအတွက် မြေဧကပေါင်း ၁၀၀ ကျော်နှင့် စက်ရုံတည်ဆောက်ရန် ဧကပေါင်း ၂၀ ကျော် စုစုပေါင်း မြေဧကပေါင်း ၁၂၀ ကျော်ကို အသုံးပြုရန်လျာထားပြီး ကျပ် ၂ ဒသမ ၉ ဘီလီယံနီးပါးအထိ ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်ထားကြောင်း သိရသည်။




"နိုင်ငံအတွက် အလိုအပ်ဆုံးက အရည်အသွေးမီ မျိုးစေ့ကဏ္ဍဖြစ်လို့ ဒီကဏ္ဍအတွက် တော်တော်ကို လုပ်ယူရဦးမယ်၊ အခု တောင်သူတွေကြားမှာ မျိုးစေ့ရယ်လို့ သတ်သတ်မှတ်မှတ် မရှိတော့ဘဲ ကိုယ့်လယ်ကရတဲ့ စပါးတွေ၊ ပဲတွေကိုပဲ သန့်စင်ပြီး မျိုးအဖြစ်ထားနေတာတွေ များလာတယ်၊ ဒီအနေအထားက ကြာလာရင် ဘယ်လိုမှ မကောင်းနိုင်တော့ဘူး၊ အခုတောင် မျိုးရောတာတွေ ဖြစ်လာနေပြီ"ဟု ရန်ကုန်တိုင်းဒေသကြီး ကော့မှူးရှိ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးရေးကုန်သည် ဦးအုန်းသန်းက ပြောသည်။

မျိုးစေ့ကဏ္ဍအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပြီး မျိုးစေ့မူဝါဒများ၊ စိုက်ပျိုးရေး အစီအစဉ်များ ချမှတ်နိုင်ရန်အတွက် စမ်းသပ်အစီအစဉ်များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရက ဦးဆောင်၍ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ပြည်တွင်းပြည်ပ မျိုးစေ့ကုမ္ပဏီများကို ကြပ်မတ်ခြင်း၊ ပံ့ပိုးခြင်းများကို ဆောင်ရွက်ရန် အဆိုပါမူကြမ်းတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းတွင် ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ပြုပြင်ရန်လိုအပ်နေသည့် နေရာများစွာရှိသည့်အနက် မျိုးကောင်းမျိုးသန့်ကဏ္ဍမှာလည်း တစ်ခုအပါအဝင်ဖြစ်ပြီး မျိုးကောင်းမျိုးသန့်များ မသုံးစွဲနိုင်ခြင်းနှင့် ရေမြေ ဒေသရာသီဥတုနှင့် ကိုက်ညီမှုမရှိခြင်းကြောင့် စပါးအထွက်နှုန်းကျခြင်း၊ အရည်အသွေး ကောင်းမွန်မှု မရှိခြင်း စသည့်အခက်အခဲများ ကြုံတွေ့နေရပြီး စိုက်ပျိုးသည့် တောင်သူမှစ၍ ပြည်ပသို့ တင်ပို့ရောင်းချသည်အထိ အခက်အခဲများဖြစ်ပေါ်နေကြောင်း စိုက်ပျိုးရေးပညာရှင်များက ထောက်ပြထားသည်။

လက်ရှိအစိုးရလက်ထက်တွင် မျိုးစေ့ကဏ္ဍအတွက် ဆောင်ရွက်မှုတစ်ရပ်အဖြစ် မျိုးကောင်းမျိုးသန့်များ ပြန့်ပွားလာစေရန် မျိုးစေ့ပူးပေါင်းထုတ်လုပ်ခြင်းတွင် တောင်သူများ၊ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များကို လက်တွဲလုပ်ကိုင်ရန် ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိသည်။ လက်ရှိ စိုက်ပျိုးနေသည့် မျိုးကောင်းမျိုးသန့်များမှာ စိုက်ပျိုးရေးဦးစီးဌာနမှ ထုတ်ပြန်သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ဓာတ်ခွဲခန်း၏ စစ်ဆေးချက်တွင် ၉၅ ရာခိုင်နှုန်းကို ပြည့်မီစွာထုတ်နိုင်သည့် အခြေအနေတွင် ရှိနေကြောင်း သိရသည်။

**ဇာလင်းသူ**(AMIA)
**ဓာတ်ပုံ- ထက်အောင်**(AMIA)

# ကျုံပျော်တွင် မြေဆီလွှာအာဟာရ ဓာတ်ခွဲစမ်းသပ်ခြင်း သရုပ်ပြ

**ကျုံပျော် မေ ၆**

ပုသိမ်ခရိုင် ကျုံပျော်မြို့နယ်အတွင်းမှ တောင်သူများ၏ လယ်ယာမြေအတွင်းရှိ မြေဆီလွှာတွင် မြေချဉ်၊ မြေငန်၊ ယူရီးယား၊ တီဆူပါ ပါဝင်မှုအခြေအနေများကို မှန်မှန်ကန်ကန် သိရှိစေရန်ရည်ရွယ်၍ မြေဆီလွှာအာဟာရ ဓာတ်ခွဲစမ်းသပ်ခြင်း သရုပ်ပြပွဲကို ကျုံပျော်မြို့ရှိ ရောမင်းခန်းမ၌ ဧပြီလကုန်ပိုင်းက ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် မန်းဂျော်နီနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးတို့က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှမျိုးနွယ်က ကျုံပျော်တွင် မြေဆီလွှာစမ်းသပ်ခြင်းကို ပထမဦးစားပေး၊ ဒုတိယဦးစားပေးနှင့် တတိယဦးစားပေးဟူ၍ လုပ်ငန်းသတ်မှတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပထမဦးစားပေးအဖြစ် ကျေးရွာအုပ်စု ၂၈ အုပ်စုတွင် မြေဧက ၅၀ လျှင် တစ်ကွက်နှုန်း သတ်မှတ်၍ ဧက သုံးသောင်းကျော်အတွက် အကွက်ပေါင်း ၆၂၀ သတ်မှတ်ပြီး မေလကုန်တွင် အပြီး စမ်းသပ်ပေးသွားမည်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ရလဒ်အပေါ် မူတည်၍ ဓာတ်မြေသြဇာကို စနစ်တကျ သုံးစွဲသွားခြင်းဖြင့် အထွက်နှုန်းတိုးခြင်း၊ မြေဆီလွှာပျက်စီးမှု သက်သာခြင်းနှင့် ကုန်ကျစရိတ်သက်သာခြင်း အကျိုးများကို ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မြေဆီလွှာ ဓာတ်ခွဲစမ်းသပ်မှုကို သရုပ်ပြခဲ့ပြီး သရုပ်ပြပွဲသို့ ကျေးရွာအုပ်စု ၂၈ ခုမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ၊ တောင်သူများ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်တောင်ပိုင်းထွက် ချင်းများကို ပိုမိုဝယ်ယူရန် ပြည်ပနိုင်ငံများမှ ကမ်းလှမ်းလာ

**အောင်ပန်း မေ ၆**

ချင်း(ဂျင်း)စိုက်ပျိုးမှုများသော ရှမ်းပြည်နယ်တောင်ပိုင်းမှထွက်သည့် ချင်းများမှာ အနံ့ ပိုပြင်းပြီး အရည်အသွေး ကောင်းမွန်ခြင်းကြောင့် ပြည်ပနိုင်ငံများမှ ယင်းဒေသထွက် ချင်းများကို ပိုမိုဝယ်ယူရန် ကမ်းလှမ်းလာကြောင်း အောင်ပန်းရှိ ချင်းကုန်သည်များအဖွဲ့မှ သိရသည်။

မြေပြန့်ဒေသထွက် ချင်းများမှာ ကြီးမား၍ အသားပွသော်လည်း အနံ့မပြင်းကြောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းမှ ထွက်ရှိသည့် ချင်းများမှာမူ ကျစ်၍အသားမာပြီး အနံ့ပိုပြင်းခြင်းကြောင့် ပြည်ပနိုင်ငံများက အကြိုက်တွေ့ကြကာ ဝယ်ယူမှုမြင့်တက်လာခြင်းဖြစ်ကြောင်း ယင်းအဖွဲ့ဝင် ချင်း၊ နနွင်း ပို့ကုန်လုပ်ငန်းရှင် ဦးစိုင်းကျော်လင်းက ပြောသည်။

"နှစ်စဉ် ချင်းတင်ပို့မှုကနေ အမေရိကန်ဒေါ်လာ သုံးသန်းကျော်အထိ ရရှိနေတယ်၊ ချင်းတင်သွင်းမှုအများဆုံးဖြစ်တဲ့ ၁၀ နိုင်ငံဟာလည်း ခနပြည့်စုံတဲ့နိုင်ငံတွေဖြစ်လို့ ဈေးလည်းရပါတယ်၊ ဒါပေမယ့် အနံ့ပိုကောင်းတဲ့ ရှမ်းထွက်ချင်းကို ပိုကြိုက်ကြတယ်၊ ဂျပန်၊ ကနေဒါတို့ဆိုရင် မြန်မာ့ချင်းကို ပိုကြိုက်တယ်၊ ဒီဒေသကထွက်တဲ့ချင်းကို တင်ပို့ပေးဖို့ ကမ်းလှမ်းကြတယ်"ဟု ၎င်းက ပြောသည်။

မြန်မာ့ချင်းကို အများဆုံးတင်သွင်းနေသည့် ၁၀ နိုင်ငံမှာ ပါကစ္စတန်၊ ဂျပန်၊ အမေရိကန်၊ မလေးရှား၊ နယ်သာလန်၊ အိန္ဒိယ၊ ယူနိုက်တက်ကင်းဒမ်း၊ ဂျာမနီ၊ ကနေဒါ၊ စင်ကာပူနိုင်ငံတို့ဖြစ်ပြီး ကမ္ဘာ့ ချင်းတင်သွင်းသည့် နိုင်ငံများအနက် ပါကစ္စတန်နိုင်ငံသည် အများဆုံး တင်သွင်းသည့် နိုင်ငံဖြစ်ကာ ၁၆ ဒသမ ၀၇ ရာခိုင်နှုန်းခန့်၊ ဒုတိယအများဆုံးတင်သွင်းသည့် နိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်ပြီး ၁၃ ဒသမ ၆၇ ရာခိုင်နှုန်းခန့်၊ တတိယတင်သွင်းသည့်နိုင်ငံမှာ အမေရိကန်နိုင်ငံ ဖြစ်ပြီး ၁၃ ဒသမ ၅၉ ရာခိုင်နှုန်းခန့် ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် ချင်းကို နေရာအနှံ့အပြား စိုက်ပျိုးနိုင်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် အောင်ပန်း၊ ပင်လောင်းနှင့် ကလောမြို့နယ်များတွင် စိုက်ပျိုးမှုများကာ ကလောနှင့် ပင်လောင်းဒေသမှ ထွက်ရှိသော ချင်းများကို အောင်ပန်း၊ ရန်ကုန်၊ စစ်တွေ၊ မန္တလေးနှင့် အခြားမြို့ဈေးကွက်များသို့ တင်ပို့ကြောင်း သိရသည်။

"ကျောက်ဆည်မှာလည်း ချင်းနဲ့ နနွင်း အစိုက်များတယ်၊ ကျောက်ဆည်ဆိုရင် နနွင်းရဲ့ အရည်အသွေးက တခြား ဘယ်ဒေသနဲ့မှမတူဘဲ အရည်အသွေး ပိုရှိတယ်၊ ဒေသတစ်ခုနဲ့တစ်ခု အားသာချက်မတူလို့ ဒါကို အသုံးချပြီးတော့ တစ်မြို့ တစ်ရွာ ထုတ်ကုန်တစ်မျိုးဖြစ်အောင် ဆောင်ရွက်မယ်ဆိုရင် ပို့ကုန်အတွက်လည်း အများကြီး အထောက်အကူပြုနိုင်တယ်"ဟု အောင်ပန်းရှိ ချင်း၊ နနွင်းကုန်သည် ဦးစိုင်းခင်မောင်က ပြောသည်။

မြန်မာနိုင်ငံ၏ ချင်းစိုက်ပျိုးမှုတွင် မတ်လနှင့် ဧပြီလအတွင်း မြေပြုပြင်ခြင်းများ ပြုလုပ်၍ မေလနှင့် ဇွန်လတို့တွင် စိုက်ပျိုးသည်။ ဇူလိုင်လနှင့် နိုဝင်ဘာလတွင် အပင်ပြုစုစောင့်ရှောက်ပြီး ဒီဇင်ဘာလနှင့် မတ်လတွင် တူးဖော်ကြသည်။ မြန်မာနိုင်ငံ၏ ချင်းစိုက်ပျိုးမှု ဧကအနေဖြင့် နှစ်စဉ် စိုက်ဧက ၁၇၈၀၀ ခန့်ရှိပြီး အထွက်နှုန်းမှာ ပိဿာချိန်ပေါင်း ၄၃၅ သိန်းခန့်၊ တန်ချိန်အားဖြင့် ၇၁၁၀၀ ခန့် ထွက်ရှိကာ ပြည်တွင်းစားသုံးမှုမှာ တန်ချိန် ၅၁၃၅၀ ခန့်သာရှိသည့်အတွက် ပြည်ပသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်မည့် အလားအလာကောင်းများလည်း ရှိနေကြောင်း သိရသည်။

**ဇာလင်းသူ**(AMIA)၊ **ဓာတ်ပုံ- ကေဇူး**(AMIA)



# ပွင့်ဖြူမြို့နယ်အတွင်းရှိ စပါးခင်းများတွင် ရွှေခရုများကျ၍ စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ပေးနေ

**ပွင့်ဖြူ မေ ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကုန်းဇောင်းအုပ်စုအတွင်းရှိ စပါးခင်းများတွင် ရွှေခရုများ ကျရောက်နေ၍ တောင်သူများအနေဖြင့် စပါးအထွက်နှုန်း ထိခိုက်မည်ကို စိုးရိမ်လျက်ရှိကြပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးဌာနတို့ ပူးပေါင်း၍ ရွှေခရုကျရောက်သော ကျေးရွာများသို့ သွားရောက်ကာ ကူညီဖြေရှင်း ဆောင်ရွက်ပေးလျက် ရှိကြောင်းလည်း သိရသည်။




"မနှစ်ကတော့ ကုန်းဇောင်းအုပ်စု သံကိုင်းကျေးရွာနဲ့ ပေတောကျေးရွာတွေဘက်မှာ ကျရောက်ခဲ့လို့ ဌာနကပဲ သွားရောက်ဖြေရှင်းပေးခဲ့ဖူးပါတယ်၊ အဲတုန်းက ဥတွေလောက်ပဲတွေ့တာ၊ အကောင်က နည်းနည်းပဲတွေ့ခဲ့တယ်၊ ဒီနှစ်မှာတော့ ရွှေခရုကျတဲ့ ကျေးရွာက ပိုများလာတယ်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနနဲ့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းပြီးတော့ ရွှေခရုကျရောက်တဲ့ စိုက်ခင်းတွေထဲကို သွားရောက်ပြီး ရွှေခရုကာကွယ်နှိမ်နင်းနည်းတွေကို လက်တွေ့သရုပ်ပြပြီး ဆွေးနွေးပွဲတွေ လုပ်ပေးခဲ့ပါတယ်။ ကာကွယ်နှိမ်နင်းတဲ့နေရာမှာ ရွှေခရုတွေကို လက်နဲ့ကောက်တာက ဆေးသုံးတာထက် ပိုထိရောက်တယ်ဆိုတာတွေပါ သိအောင်ပြောတယ်၊ လက်တွေ့လည်း လုပ်ပြတယ်၊ လက်နဲ့ ဖြေရှင်းနည်းက ဘက်စုံပိုးမွှား ရောဂါကာကွယ်နှိမ်နင်းနည်းထဲက တစ်နည်းလည်းဖြစ်တယ်၊ လက်နဲ့လိုက်ကောက်တာက ၈၀ ရာခိုင်နှုန်း ထိရောက်ပြီး ဆေးနဲ့နှိမ်နင်းတာက ၂၀ ရာခိုင်နှုန်းလောက်ပဲ ထိရောက်ပါတယ်၊ ကုန်းဇောင်းအုပ်စု ကူကြီးကျေးရွာ၊ ပေတော၊ သံကိုင်းစတဲ့ကျေးရွာတွေမှာ ရွှေခရုကျတာများလို့ သွားရောက်ပြီး ရွှေခရုကောက်ပွဲတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်၊ အဲဒီမှာ ရွှေခရုတွေကို လက်နဲ့ကောက်ဖို့ လူငှားခကို ဌာနကပဲ ကုန်ကျငွေကိုစိုက်ထုတ်ပေးပြီး ဆောင်ရွက်ပေးခဲ့ပါတယ်၊ နောက်ထပ် ကုန်းဇောင်းမှာလည်း ရွှေခရုကောက်ပွဲ လုပ်ပေးခဲ့ပါတယ်၊ ခုဆိုရင် တော်တော်နှိမ်နင်းနိုင်နေပါပြီ၊ နေ့ခင်းမှာ ကျေးရွာကတောင်သူတွေကို တောင်သူပညာပေးဆွေးနွေးပွဲ လုပ်ခဲ့ပါတယ်၊ အဲဒီမှာလည်း ရွှေခရုကာကွယ်နှိမ်နင်းနည်းနဲ့ ပတ်သက်တာတွေပါ ထည့်သွင်းဟောပြောခဲ့ပါတယ်၊ ဆွေးနွေးပွဲတွေလုပ်ရတဲ့ အဓိက အကြောင်းရင်းကတော့ ရွှေခရုတွေကိုလက်နဲ့ ကောက်တာ ပိုအောင်မြင်တယ်ဆိုတာ သိဖို့ပဲဖြစ်ပါတယ်"ဟု မင်းဘူးခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံ ဦးသိန်းဝင်းက ပြောသည်။

ရွှေခရုများမှာ စပါးပင်ကို အပင်ငယ်ချိန်တွင် ဖျက်ဆီးတတ်ပြီး ရွှေခရုသည် တစ်မြုံတွင် ဥပေါင်း ၉၀ မှ ၆၀၀ ခန့်အထိ ဥနိုင်ကြောင်း၊ တစ်လတွင် ဥပေါင်း ၁၀၀၀ မှ ၁၂၀၀ အထိဥနိုင်ကြောင်း၊ ရွှေခရုများသည် မြေကြီးထဲတွင် နှစ်ပေါင်းရှည်ကြာစွာနေထိုင်ပြီး တောင်သူများ၏ စပါးခင်းများကို ဖျက်ဆီးသည့်အတွက် သီးနှံအထွက်နှုန်း ထိခိုက်နိုင်ကြောင်း၊ ရွှေခရုများကျရောက်ပါက ဥအဆင့်မှာပင် အပြတ်နှိမ်နင်းသင့်ကြောင်း သိရသည်။



ပွင့်ဖြူမြို့နယ်အတွင်း ရွှေခရုကျနေသော ကျေးရွာများမှာ ကုန်းဇောင်းအုပ်စုမှ ကုန်းဇောင်း၊ သံကိုင်း၊ ကူကြီး၊ ပေတော၊ ပင်းတုန်းလေး၊ ပင်းတုန်းကြီး စသည့် ကျေးရွာများတွင် အများဆုံးဖြစ်ပြီး ရွှေခရုများမှာ မြစ်ရေဝင်ရောက်သည့် ကျေးရွာများရှိ မြေနိမ့်ပိုင်းစပါးစိုက်ခင်းများတွင် ကျရောက်လျက်ရှိကြောင်း၊ အဆိုပါ စိုက်ခင်းများသို့လည်း မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံကာကွယ်ရေးတာဝန်ခံ ဦးသိန်းဝင်း ဦးစီးသောအဖွဲ့နှင့် ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများပူးပေါင်း၍ ရွှေခရုကောက်ပွဲများ၊ ရွှေခရု ကာကွယ်နှိမ်နင်းနည်းများနှင့် တောင်သူဆွေးနွေးပွဲများကို ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ **ဇူလိုင်မိုး(မြန်မာ့အလင်း)**

# ကျွန်တော်နဲ့ ညှိနှိုင်းဆောင်ရွက်မှု



## ပါမောက္ခ၊ ဒေါက်တာ အောင်ထွန်းသက်

စီမံခန့်ခွဲမှုပညာအရ ထိရောက်အောင်မြင်တဲ့အဖွဲ့အစည်း တစ်ခုဖြစ်ဖို့ စီသုံးလုံးလိုတယ်လို့ သတ်မှတ်လေ့ရှိပါတယ်။ ပထမစီက (Cooperation) ကူညီပံ့ပိုးမှုဖြစ်ပြီး ဒုတိယစီက (Collaboration) ပူးပေါင်းပတ်သက်မှုဖြစ်ပါတယ်။ တတိယစီကတော့ (Coordination) ညှိနှိုင်းဆောင်ရွက်မှု ဖြစ်တယ်။ ကျွန်တော့်အနေနဲ့ ညှိနှိုင်းဆောင်ရွက်မှုကို အဓိက ထားပြီး ဆွေးနွေးတင်ပြချင်ပါတယ်။ ဒီအကြောင်းကို စဉ်းစားမိတာက တစ်နေ့က ဂျာနယ်တစ်စောင်မှာ တွေ့လိုက်ရတဲ့ သတင်းတစ်ပုဒ်ကြောင့် ဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေး အတွက် အားကိုးအားထားရမယ့် ကဏ္ဍတစ်ခုကတော့ ကမ္ဘာလှည့်ခရီးသည်နဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေဖြစ်တယ်။ မြန်မာနိုင်ငံဟာ နိုင်ငံခြားဧည့်သည်တွေ မျက်စိကျမယ့် နေရာဒေသတွေ အများကြီးရှိပါတယ်။

### တိုင်းပြည်စီးပွားရေးကိုအထောက်အကူပြု

ယဉ်ကျေးမှုအမွေအနှစ်နဲ့ ပတ်သက်ရင် ပုဂံ၊ မြောက်ဦး ကအစ ပြသစရာတွေ၊ သွားစရာနေရာတွေ အများကြီးရှိပါတယ်။ အပန်းဖြေဖို့အတွက် ငပလီ၊ မောင်းမကန်၊ ချောင်းသာ၊ ငွေဆောင်အပြင် နေရာအနှံ့အပြား ရှိနေတာလည်းဖြစ်တယ်။ ဆယ့်နှစ်လရာသီ ဆီးနှင်းတွေနဲ့ ဖုံးနေတဲ့တောင်တွေဟာ ကျန်တဲ့ အရှေ့တောင်အာရှနိုင်ငံတွေမှာ မရှိဘူး။ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းကို မီးခိုးမထွက်တဲ့ စက်ရုံများလို့ တင်စားနေကြရတဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်း ပေါများပြီး တိုင်းပြည်ရဲ့စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူ ဖြစ်နိုင်တယ်။ ဒါပေမယ့် ဒီအလုပ်တွေ အောင်မြင်အောင် လုပ်ဆောင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာန တစ်ခုတည်း လုပ်လို့ မဖြစ်ပါဘူး။ ကျန်တဲ့ဝန်ကြီးဌာနတွေရဲ့ ကူညီပံ့ပိုးမှု လိုအပ်တယ်။ အထူးသဖြင့် ညှိနှိုင်းဆောင်ရွက်နိုင်ဖို့ လိုအပ်တယ်။

### ညှိနှိုင်းမှုသည် အလွန်အရေးပါ

ဒီနေရာမှာ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနရဲ့ညှိနှိုင်းမှုဟာ အလွန်အရေးပါတယ်။ ညှိနှိုင်းမှုလို့ပြောရင် အပေးအယူ အလျှော့အတင်းလိုအပ်တယ်။ ကိုယ်လိုချင်တာ ကိုယ်ဖြစ်ချင်တာကိုပဲ စဉ်းစားလို့ မဖြစ်ဘူး။ ညှိညှိနှိုင်းနှိုင်း တစ်ယောက်ရဲ့အခက်အခဲ၊ တစ်ယောက်ရဲ့လိုအပ်ချက်တွေကို သိရမယ်။ အဓိကအခြေခံကတော့ သတင်းအချက်အလက်တွေကို ပွင့်ပွင့်လင်းလင်း မျှဝေနိုင်ဖို့ အရေးကြီးတယ်။ ညှိနှိုင်းမှုရဲ့ အခြေခံကတော့ ယုံကြည်မှုပဲ၊ ယုံကြည်မှုမြင့်မားရင် လုပ်ရတာ လွယ်တယ်။ သံသယတွေရှိနေရင် အခက်အခဲရှိတယ်။ အမှန်တော့ ညှိနှိုင်းဆောင်ရွက်မှုဟာ အားကစားနဲ့ပတ်သက်ပြီး ပြောလေ့ရှိတဲ့ Teamwork ရဲ့ အခြေခံဖြစ်တယ်။ Team ဆိုတဲ့ စကားလုံးက အတူတကွ (together)၊ အားလုံး (everyone)၊ အောင်မြင်မှု (achieve) ပိုရနိုင်တယ် more ဖြစ်တယ်။ ဘောလုံးအသင်းမှာ ညှိနှိုင်းမှုဟာ အခြေခံဖြစ်တယ်။ ရှေ့တန်း၊ နောက်တန်း၊ အလယ်တန်း၊ ဂိုးသမား အားလုံးညှိနှိုင်းဖို့ လိုအပ်တယ်။ တစ်ကိုယ်တော် အတွေး မရှိသင့်ဘူး။ ကိုယ်တစ်ဦးတည်း တော်နေရုံနဲ့ မဖြစ်တာကို လက်ခံရမယ်။

### ဘာကြောင့် ညှိနှိုင်းမှုလိုသလဲ

အဖွဲ့အစည်းတွေမှာ ဘာကြောင့် ညှိနှိုင်းမှုလိုအပ်သလဲ၊ ဖွဲ့စည်းထားပုံရဲ့အခြေခံကြောင့်ဖြစ်တယ်။ လုပ်ငန်းအဖွဲ့အစည်း တစ်ခုမှာ ဌာနတွေ ခွဲခြားထားတယ်။ အုပ်ချုပ်ရေးဌာန၊ ငွေစာရင်းဌာန၊ ဝန်ထမ်းရေးရာဌာန၊ အရောင်းဌာန အစရှိတဲ့ လုပ်ငန်းသဘာဝအပေါ် အခြေခံပြီး စုစည်းဖွဲ့စည်းကြတယ်။ တစ်နည်းအားဖြင့် ဌာနတွေကို ဒေါင်လိုက်၊ ကျွမ်းကျင်လိမ္မာမှုအပေါ် အခြေခံပြီး ဖွဲ့စည်းထားတာ။ ဒါကြောင့် ကိုယ့်ဌာနရဲ့ အလုပ်ကို ထိရောက်အောင်မြင်အောင် ကြိုးစားအားထုတ်ကြတယ်။ သတ်မှတ်တဲ့ ရည်ရွယ်ချက်တွေကို အောင်မြင်အောင် လုပ်ကြရတယ်။

> “ညှိနှိုင်းမှုရဲ့အခြေခံက ယုံကြည်မှုရှိဖို့လည်း အရေးကြီးတယ်၊ မိမိကိုယ်ကိုယ် ယုံကြည်မှုရှိရင် ညှိနှိုင်းဆောင်ရွက်ဖို့ဝန်လေးမှာ မဟုတ်ပါဘူး၊ အခုတော့ သူများနဲ့ ညှိနှိုင်းရင် မိမိရဲ့ အခြေအနေ နစ်နာမှာစိုးရိမ်နေကြတယ်၊ ဒါကြောင့်လည်း ကာကွယ်လိုကြတယ်၊ ငါ့ကိစ္စမှာ မင်းဝင်မပါနဲ့” ဆိုတဲ့ အမြင်ကစွဲနေတယ်။ တစ်ကိုယ်တော်စိတ်တွေ ဖျောက်ဖို့ လိုအပ်”

ဝန်ကြီးဌာနတွေကိုလည်း အခုလိုပဲ ဖွဲ့စည်းတည်ထောင်ထားတယ်။ ကာကွယ်ရေးဌာန၊ ပြည်ထဲရေးဌာန၊ ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ ယဉ်ကျေးမှုဌာနဆိုပြီး မိမိရဲ့ပတ်သက်တဲ့ ဘာသာရပ်အကြောင်းအရာကို အခြေခံပြီး ဖွဲ့စည်းကြတယ်။ ဝန်ကြီးဌာနတွေအနေနဲ့လည်း မိမိရဲ့ တာဝန်တွေကို ကျေပွန်အောင် ကြိုးစားအားထုတ်ကြတယ်။ အခုလို လုပ်ငန်းအဖွဲ့အစည်းမှာလည်းကောင်း၊ ဝန်ကြီးဌာနတွေမှာ လည်းကောင်း ကိုယ်နဲ့ဆိုင်တာတွေကို တာဝန်ယူကြရင်း silo ဆိုတဲ့ စပါးကျီ စိတ်တွေပေါက်ဖွားလာတယ်။ စပါးကျီတွေဟာ တစ်ခုနဲ့ တစ်ခု လုံးဝမပတ်သက်ဘဲ သီးခြားရပ်တည်မှုရှိတဲ့အရာတွေ ဖြစ်တယ်။ လုပ်ငန်းအဖွဲ့အစည်းတွေမှာလည်း အခုလို ဘယ်သူနဲ့မှ မပတ်သက်ဘူး။ ကိုယ့်အလုပ်ကို တာဝန်ကျေရင် ပြီးရောဆိုတဲ့ အတွေးတွေပေါ်လာကြတယ်။ ဒေါင်လိုက်အမြင်တွေ ကြီးစိုးလာခဲ့ကြတယ်။ သီးခြားရပ်တည်လိုတဲ့ စိတ်တွေထားကြတယ်။ ဒီလိုဆောင်ရွက်ခြင်းဟာ တစ်ဖက်က မှန်သလိုလိုရှိပေမယ့် အမှန်တော့လုပ်ငန်းအဖွဲ့အစည်းတွေမှာ ကြုံနေရတဲ့ ပြဿနာတွေရဲ့ ဇာစ်မြစ်ဖြစ်တယ်။ ပူးပေါင်းဆောင်ရွက်မှ အောင်မြင်မယ်ဆိုတဲ့ အမြင်ရှိဖို့၊ ညှိနှိုင်းဆောင်ရွက်ဖို့ လိုအပ်ကြောင်း သတိပြုရမှာဖြစ်တယ်။

အဖွဲ့အစည်းတိုင်းမှာ ကြုံရတဲ့ပြဿနာက အယူအဆ အမှားတွေဖြစ်တယ်။ ငယ်ငယ်တုန်းက ကျွန်တော်တို့ကိုသင်ခဲ့တဲ့ ဆင်ကြီးတစ်ကောင်နဲ့ မျက်ကန်းခြောက်ဦးနဲ့ တူနေတယ်။ မျက်စိမမြင်တာမို့ ဆင်ကြီးတစ်ကောင်လုံးကို မမြင်နိုင်ဘူး။ ကိုယ်စမ်းသပ်တဲ့နေရာကို ဆင်ဖြစ်တယ်လို့ ယူဆတဲ့အတွက် ဆင်ဟာလှံဖြစ်တယ်၊ နံရံကြီးဖြစ်တယ် အစရှိတဲ့ လွဲမှားတဲ့ အယူအဆတွေကို လက်ခံကြတယ်။ တစ်ကောင်လုံးကို မမြင်နိုင်တဲ့ဒုက္ခ၊ အမှန်တော့ ခြောက်ဦးစလုံး တစ်ဦးနဲ့တစ်ဦးညှိနှိုင်းရင် ဆင်တစ်ကောင်လုံးကိုသိမြင်နိုင်မှာ ဖြစ်ပါတယ်။ ညှိနှိုင်းမှုရဲ့ အခြေခံက ယုံကြည်မှုရှိဖို့လည်း အရေးကြီးတယ်။ မိမိကိုယ်ကိုယ် ယုံကြည်မှုရှိရင် ညှိနှိုင်းဆောင်ရွက်ဖို့ဝန်လေးမှာ မဟုတ်ပါဘူး။ အခုတော့သူများနဲ့ ညှိနှိုင်းရင်မိမိရဲ့ အခြေအနေ နစ်နာမှာ စိုးရိမ်နေကြတယ်။ ဒါကြောင့်လည်း ကာကွယ်လိုကြတယ် “ငါ့ ကိစ္စမှာ မင်းဝင်မပါနဲ့”ဆိုတဲ့ အမြင်ကစွဲနေတယ်။ တစ်ကိုယ်တော်စိတ်တွေဖျောက်ဖို့ လိုအပ်တယ်။

တစ်ဦးချင်းတစ်ယောက်ချင်းရဲ့ စိတ်ထားတွေပြင်ဖို့ လိုအပ်သလို တစ်ဖက်ကလည်းညှိနှိုင်းမှုကိုမဖြစ်မနေလုပ်စေဖို့ လိုအပ်မယ့် အဖွဲ့အစည်းတွေ ဖော်ထုတ်နိုင်တယ်။ ကျွန်တော် ကျန်းမာရေးဝန်ကြီးဌာနမှာ တာဝန်ယူစဉ် အဖွဲ့အစည်းတစ်ရပ် တည်ထောင်ဖို့ အကြံပြုခဲ့တယ်။ အကြံပြုတဲ့အတိုင်း တာဝန်ရှိတဲ့သူတွေက လက်ခံခဲ့တယ်။ ဒါကတော့ အမျိုးသားကျန်းမာရေးကော်မတီဖြစ်တယ်။ ဒီကော်မတီမှာ လယ်ယာစိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကုန်သွယ်ရေး၊ စက်မှုလက်မှုအစရှိတဲ့ ဝန်ကြီးဌာနတွေစုစည်းထားတဲ့ ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့တယ်။ ဒါကြောင့် ဝန်ကြီးဌာနတွေညှိနှိုင်းပြီး ကျန်းမာရေး ပြဿနာတွေကို အဖြေရှာနိုင်ခဲ့တယ်။ ကျန်းမာရေးပြဿနာကို ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်းကို တာဝန်ပေးလို့ မဖြစ်ဘူး။ ကျန်တဲ့ဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းနိုင်ဖို့ လိုအပ်တယ်။ ကျန်းမာရေး ကိစ္စတွေဖြေရှင်းရာမှာ ပညာရေးဟာ အခြေခံတစ်ခုဖြစ်တယ်။ ဒီကော်မတီကိုနောက်ပိုင်းမှာ ဖျက်လိုက်တယ်။ အခြေခံ ကတော့ ညှိနှိုင်းလိုတဲ့ စိတ်မရှိလို့ထင်ပါရဲ့။

ကုမ္ပဏီတွေမှာလည်း အခုလို ညှိနှိုင်းမှုပြဿနာတွေ ကြုံရတယ်။ တစ်ဌာနလုပ်တာကို ကျန်တဲ့ဌာနတွေ မသိဘဲ သီးခြားရပ်တည်နေလိုကြတယ်။ ကျန်တဲ့ဌာနတွေနဲ့ မပတ်သက်လိုကြဘူး။ ညှိနှိုင်းမှုနဲ့ပတ်သက်ပြီး စုပေါင်းအင်အား (synergy) ကိုလက်ခံရမယ်။ ပူးပေါင်းညှိနှိုင်းမှုရဲ့အင်အား တစ်ဖက်က (synthesis) စုစည်းပူးပေါင်းမှုဖြစ်ပြီး တစ်ဖက်က (energy) အင်အားဖြစ်တယ်။

### လူပြဿနာမဟုတ် မူပြဿနာ

တချို့က ညှိနှိုင်းနေရရင် အချိန်ကြန့်ကြာတယ်လို့ထင်တယ်။ အလုပ်ရှုပ်တယ်လို့မြင်တယ်။ ဒီအယူအဆက မှားယွင်းတဲ့ကိစ္စဖြစ်တယ်။ မညှိနှိုင်းရင်အလုပ်တွေ ပိုကြန့်ကြာမယ်၊ ပိုပြီးခက်ခဲမယ်၊ နှောင့်နှေးမယ်ဆိုတာ သဘောပေါက်ရမယ်။ ညှိနှိုင်းမှုပြဿနာကို ပုဂ္ဂိုလ်ရေးရာပြဿနာတစ်ရပ်အနေနဲ့ သတ်မှတ်လို့မရဘူး။ အမှန်တော့ “လူ” ပြဿနာမဟုတ်ဘဲ “မူ” ပြဿနာဖြစ်တယ်။ ဒါကြောင့် မူကိုမြင်ရမယ်။ မူလို့ ပြောတဲ့နေရာမှာ အဖွဲ့အစည်းအတွင်း ညှိနှိုင်းဆောင်ရွက်မှုကို မဖြစ်မနေလုပ်နိုင်ဖို့ လုပ်ထုံးလုပ်နည်းတွေဖော်ထုတ်ရမယ်။ မူလို့ပြောရင် အဖွဲ့အစည်းအတွင်း လိုအပ်တဲ့အစီအစဉ်တွေချမှတ်ရမှာဖြစ်တယ်။ ညှိနှိုင်းမှုကော်မတီတွေ လိုအပ်တယ်။ ဌာနအကြီးအကဲတွေပါဝင်တဲ့ ကော်မတီတွေဖွဲ့ထားရင် မညှိနှိုင်းလို့ မဖြစ်တော့ဘူး။ စီမံကိန်း၊ စီမံချက်တွေလုပ်ရင် ညှိနှိုင်းဆောင်ရွက်မှုကို အရေးပါတဲ့ကိစ္စရပ်တစ်ခုအနေနဲ့ မြင်ဖို့ လိုအပ်ပါတယ်။ လူတွေရဲ့အတွေးအမြင်တွေ ပြင်ဆင်ဖို့က မလွယ်ကူလှဘူး။ ပုံစံကျတဲ့ ပုံစံခွက်ထဲကအတွေးတွေက ခွဲနေတာမို့ ပြင်ဖို့ခက်တယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ “ဆုပေး၊ ဒဏ်ပေး”စနစ်ကိုသုံးစေချင်တယ်။ ညှိနှိုင်းဆောင်ရွက်မှုတွေကို ဆုပေးပြီး ညှိနှိုင်းဆောင်ရွက်မှုမလုပ်ရင် ဒဏ်ပေးရမယ်။ လူတွေကိုလုံလောက်တဲ့ မက်လုံးတွေပေးရမယ်။ မက်လုံးလို့ပြောတဲ့နေရာမှာ ထိရောက်ရမှာဖြစ်တယ်။ မက်လုံးတွေထိရောက်ရင် အတွေးအမြင်တွေသာမက အပြုအမူတွေလည်း ပြောင်းမှာဖြစ်ပါတယ်။

### မူပြောင်းပေမယ့် လူမပြောင်းနိုင်ခဲ့

လွန်ခဲ့တဲ့အစိုးရလက်ထက်မှာ သမ္မတရုံးဝန်ကြီးတွေကို ညှိနှိုင်းဆောင်ရွက်တဲ့ တာဝန်တွေပေးခဲ့တယ်။ နယ်ပယ်အသီးသီးအတွက် ညှိနှိုင်းပေးတဲ့ဝန်ကြီးတွေ ခန့်ထားခဲ့တယ်။ ဒီအစီအစဉ်ဟာ အတိုင်းအတာတစ်ခုအထိ အောင်မြင်တာတွေ့မြင်ရတယ်။ ဒါပေမယ့် တစ်ဖက်ကမမျှော်မှန်းတဲ့ ပြဿနာတွေ၊ အခက်အခဲတွေပေါ်လာတယ်။ ညှိနှိုင်းပေးတဲ့သူတွေနဲ့ အညှိနှိုင်းခံရတဲ့ သူတွေကြား နားလည်မှုတွေလွဲမှားလာခဲ့တယ်။ ရာထူးအဆင့်တူတူချင်းအမြင်တွေ စောင်းလာကြတယ်။ မခံချင်စိတ်တွေ အားမလိုအားမရဖြစ်တဲ့ စိတ်တွေ တိုးပွားလာခဲ့တယ်။ “မူ”ပြောင်းပေမယ့်“လူ”ကိုမပြောင်းနိုင်ခဲ့ဘူး။ ကျွန်တော်ကတော့ ညှိနှိုင်းဆောင်ရွက်မှုကို ပညာပေး ပြဿနာတစ်ခုလို မြင်တယ်။ ညှိနှိုင်းမှုရဲ့အကျိုးကျေးဇူး မညှိနှိုင်းတဲ့နစ်နာမှုတွေကိုသိအောင် ပညာပေးရမှာဖြစ်တယ်။ အထက်ကအောက်အထိညှိနှိုင်းမှုကို အားပေးရမယ်။ မိမိအတွက်မဟုတ်ဘဲ အဖွဲ့အစည်းအတွက်၊ နိုင်ငံ့အတွက်သာ အာရုံပြုရင် ညှိနှိုင်းဆောင်ရွက်မှုကို လုပ်ရမှာသာဖြစ်တယ်။ ။

## မုန်တိုင်းသဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်ခြင်းများ ပြုလုပ်၍ သဘာဝဘေးလျော့ပါးရေး ကြိုတင်ပြင်ဆင်

**ဖျာပုံ မေ ၆**

မိုးကြိုကာလတွင် ဖြစ်တတ်သည့် မုန်တိုင်းအန္တရာယ် ကျရောက်လာပါက ပြည်သူများကိုယ်တိုင် ရင်ဆိုင်တုံ့ပြန်နိုင်စေရေးအတွက် မုန်တိုင်းသဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်ခြင်းကို မေ ၄ ရက် က ဖျာပုံမြို့နယ် မော်ဘီကျေးရွာ School Cum Shelter ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

“နာဂစ်တုန်းက အလူးအလဲခံခဲ့ကြရတယ်၊ ပြေးရမှာလား၊ ခိုနားနေရမှာလား မသိခဲ့ကြတဲ့အတွက် အခြေအနေ ပိုဆိုးရွားခဲ့တယ်၊ အခုလို မုန်တိုင်းနဲ့ ပတ်သက်တဲ့ အသိပညာတွေ သိခွင့်ရတယ်၊ လက်တွေ့ ကျင့်ထားတော့ မုန်တိုင်းအရောင်အလိုက် ဘာတွေလုပ်သင့်တယ်ဆိုတာ သေချာသိထားတဲ့အတွက် မုန်တိုင်းဝင်ခဲ့ရင်ဆုံးရှုံးမှု လျော့ပါးလိမ့်မယ်လို့ မျှော်လင့်ပါတယ်” ဟု ဒေသခံ ဦးထွေးမောင်က ပြောသည်။



မုန်တိုင်းသဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်ရာတွင် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နေကြောင်း သတင်းရရှိချိန်မှစ၍ ယင်းဌာနမှထုတ်ပြန်ပြောကြားသည့် မုန်တိုင်းသတိပေးချက်အဆင့်အလိုက် မုန်တိုင်းအန္တရာယ်နှင့် ပတ်သက်ပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက အရေးပေါ် တုံ့ပြန်ရင်ဆိုင်နိုင်ရန် အကြောင်းကြားလာသည့်အတွက် စုပေါင်း လေ့ကျင့်ခဲ့ကြသည်။

အဆိုပါ မုန်တိုင်းသဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်ရာသို့ ခရိုင်နှင့် မြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ကျေးရွာဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့နှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်း၍ အရေးပေါ် ရွှေ့ပြောင်းရေးနှင့် သယ်ယူပို့ဆောင်ခြင်း၊ လေဘေးရှောင်ပြည်သူများအား စနစ်တကျ နေရာချထားခြင်း၊ စားနပ်ရိက္ခာများနေရာချထားခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခြင်း စသည့် သရုပ်ပြလေ့ကျင့်မှုကို ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**ရှမ်းရွာသစ် မေ ၆**

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့ ပိုးပလေကျေးရွာ ဒေသခံတိုင်းရင်းသားများအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် NRCတို့ ပူးပေါင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေးပြီး ပေးအပ်ပွဲအခမ်းအနားကို မေ ၃ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်က အမှာစကားပြောကြားပြီး ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနဦးစီးမှူး ဦးယဉ်ထွေးက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းပြုလုပ်ပေးမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြုလုပ်ပြီးစီးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၀၀ ကို ကျေးရွာတိုင်းရင်းသားပြည်သူများလက်ဝယ်သို့ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို၊ ပြည်နယ်ရဲမှူးကြီး ကြည်လင်းနှင့် ပြည်နယ်ဦးစီးမှူး ဦးယဉ်ထွေးတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**သစ်ပင်စိုက်မှ အရိပ်ရ၏**
**ရိပ်ခိုနားနေ အပန်းဖြေ၏**

# စစ်ကိုင်းမြို့ သစ်ဆိပ်ကွင်းတွင် ဆိပ်ကမ်းနှင့် ပြတိုက်တစ်ခု တည်ဆောက်ရန် စီစဉ်နေ

**စစ်ကိုင်း မေ ၆**

စစ်ကိုင်းမြို့ ရွှေတောင်ဦးမော်ဘုရားနှင့် ရတနာပုံတံတားကြားရှိ သစ်ဆိပ်ကွင်းတွင် ပြည်တွင်းပြည်ပသဘော်များ ဆိုက်ကပ်နိုင်သော ဆိပ်ကမ်းတစ်ခုနှင့် ဒုတိယကမ္ဘာစစ်အထိမ်းအမှတ် ပြတိုက်နှင့် Information Center တို့ကို တည် ဆောက်သွားရန် စီစဉ်ဆောင်ရွက်နေကြောင်း စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာအောင် စစ်ကိုင်းမြို့သစ်ဆိပ်ကွင်းတွင် ဆိပ်ကမ်း၊ ဒုတိယကမ္ဘာစစ်အထိမ်းအမှတ် ပြတိုက်နှင့် Information center တို့ တည်ဆောက်သွားရန် တိုင်းဒေသကြီးအစိုးရ၏ စီစဉ်ဆောင်ရွက်ချက်အရ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရတို့ ပူးပေါင်း၍ စီစဉ်နေခြင်းဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က ပြောသည်။

"စစ်ကိုင်းမြို့ရဲ့ ဆိပ်ကမ်း၊ information center နဲ့ ဒုတိယကမ္ဘာစစ် အထိမ်းအမှတ်ပြတိုက် အဲဒါတွေ ဆောင်ရွက်သွားဖို့ မူအားဖြင့် သစ်ဆိပ်ကွင်းနေရာ ရွှေတောင်ဦးမော်ဆိပ်ကမ်း ခေါ်တာပေါ့၊ အဲဒီနေရာကို စဉ်းစားနေတာ၊ အဲဒီနေရာက သစ်ကွင်းကိုတော့ အခြားနေရာရွှေ့မှာပေါ့၊ နေရာက လက်ရှိလည်း ရတနာပုံတံတားနဲ့ ကပ်လျက်ဆိုတော့ ရှုခင်းရှုကွက်အရရော၊ တစ်ဖက်ကလည်း ရွှေကြက်ယက်ဆိပ်ကမ်းနဲ့ ဆိုတော့ လှတာပေါ့၊ နောက်တစ်ခုက ကနောင်မင်းသားကြီး သံချက်ဖိုနဲ့လည်း တွဲလျက်ဖြစ်နေတော့ အဲဒါကို ရှေးဟောင်းယဉ်ကျေးမှုထိန်းသိမ်းတဲ့သဘောလည်း ပါတာပေါ့၊ ဆိပ်ကမ်းမှာ သဘော်ဆိုက်မယ်၊ သဘော်ဆိုက်ပြီးတာနဲ့ နိုင်ငံခြားသား ခရီးသွားတွေက ကနောင်မင်းသားကြီး သံချက်ဖိုနဲ့ အစေခံ ခံတပ်တို့ကို သွားမယ်၊ အဲဒီကနေ တောက်လျှောက်ခရီးစဉ်ကို ဆွဲမှာပေါ့၊ စစ်ကိုင်းတိုင်းဝန်ကြီးချုပ်နဲ့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တို့ အစီအစဉ်ပါ၊ ကျွန်တော်တို့ စစ်ကိုင်းက တိုင်းရဲ့ဝင်ပေါက်ထွက်ပေါက်ဆိုတော့ ခရီးသွား မြှင့်တင်ရေး အကောင်အထည်ဖော်တာပေါ့၊ အဲဒါကို တိုင်းအစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်နေပါတယ်၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနကို တင်ပြထားတုန်း ရှိပါသေးတယ်"ဟု ၎င်းက ရှင်းပြသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် အစိုးရအဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် ခရီးစဉ်ဒေသများကို ကြည့်ရှုလေ့လာရန်အတွက် ယခုနှစ် မတ်လဆန်းပိုင်းက စစ်ကိုင်းမြို့သို့ လာရောက်ပြီး ကနောင်မင်းသားကြီး၏ သံရည်ကျိုစက်ရုံ(သံချက်ဖို)များနှင့် အစေခံ ခံတပ်တို့ကို ကြည့်ရှုကာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စစ်ကိုင်းမြို့ရှိ ရှေးဟောင်း အဆောက်အအုံများဖြစ်သည့် သံရည်ကျိုစက်ရုံ(သံချက်ဖို)များနှင့် အစေခံ ခံတပ်တို့ကို ရှေးမူမပျက် ပြုပြင်ခြင်းကိုလည်း တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**



(၇၂) ကြိမ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မကွေးတိုင်းဒေသကြီး စလင်းမြို့ စလင်းမီးသတ်ရုံးအဆောက်အအုံရှေ့၌ မေ ၅ ရက်က ကျင်းပခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များက အရေးပေါ်မီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြသစဉ်။
စစ်ကြည်(စလင်း)

# (၇၂)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကျင်းပ

**နတ်တလင်း မေ ၆**

(၇၂)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်ဖွဲ့နေ့ကို မေ ၅ ရက် နံနက် ၇ နာရီတွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် မီးသတ်စခန်း၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်အေး၊ တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေဝဏ္ဏလှိုင်၊ မြို့နယ်မီးသတ် ဦးစီးမှူး ဦးသက်ချိုဦးနှင့် သန္ဓေအရန်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

မြို့ပေါ်ရပ်ကွက်များသို့ မီးသတ်ယာဉ် ကိုးစီးဖြင့် လှည့်လည်ခြင်း၊ စစ်ရေးပြသခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **တင်မြင့် (နတ်တလင်း)**

# အိန္ဒိယမှ အဝယ်မရှိသေး၍ ယခုနှစ် ပဲစင်းငုံစိုက်ပျိုးမှုမပြုရန် ပဲအသင်းက အကြံပြုချက်ထုတ်ပြန်

**ရန်ကုန် မေ ၆**

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံမှ ပဲစင်းငုံတန်ချိန် နှစ်သိန်း တင်သွင်းခွင့်ပေးရန် အိန္ဒိယအစိုးရထံသို့ မြန်မာနိုင်ငံမှ တာဝန်ရှိသူများက တောင်းဆိုခဲ့သော်လည်း အကြောင်းပြန်ခြင်းမရှိသည့်အတွက် ပြည်တွင်း၌ ပဲစင်းငုံကို ထပ်မံစိုက်ပျိုးထုတ်လုပ်ရန် မသင့်လျော်တော့ကြောင်း ရန်ကုန်မြို့ရှိ ပဲမျိုးစုံနှင့်နှမ်း NGO အဖွဲ့က အကြံပြုချက် ထုတ်ပြန်လိုက်သည်။

ပြီး ၂၈ ရက်က ပြုလုပ်ခဲ့သည့် ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အထူးလုပ်ငန်းအဖွဲ့ အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ပဲစင်းငုံစိုက်တောင်သူများသို့ အကြံပြုကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပဲစင်းငုံနီ(RC)ဈေးနှုန်းသည် ရန်ကုန်ပဲဈေးကွက်တွင် မေ ၂ ရက်က တစ်တန်လျှင် ကျပ် ၃၅၀၀၀၀ ရှိသော်လည်း မေ ၃ ရက်တွင် ၃၄၆၀၀၀၊ မေ ၄ ရက်တွင် ကျပ် ၃၄၀၀၀၀ ကျပ်အထိ ကျဆင်းခဲ့ကာ မေ ၂ ရက်က ကုန်သေတ္တာ ၂၅ လုံး၊ မေ ၃ ရက်တွင် ၁၀ လုံး၊ မေ ၄ ရက်တွင် ငါးလုံးသာ အရောင်းအဝယ် ဖြစ်ခဲ့ကြောင်းလည်း ကုန်စည်ဒိုင်ထုတ်ပြန်ချက်အရ သိရသည်။

ပဲစင်းငုံသည် စိုက်ပျိုးရန်လွယ်ကူခြင်း၊ ရာသီဥတုဒဏ် ခံနိုင်ရည်ရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ အများအပြားတွင် စိုက်ပျိုးကြကာ မကြာမီအချိန်ကာလတွင် ပဲစင်းငုံ စတင်စိုက်ပျိုးရန်အချိန် ရောက်ရှိလာတော့မည်ပြီဖြစ်ရာ ယခုနှစ်တွင် ပဲစင်းငုံများကို စီးပွားဖြစ် မစိုက်ပျိုးသင့်ဘဲ မိမိတို့၏ စိုက်ပျိုးမြေနှင့် ဆီလျော်ကိုက်ညီမည့် ဆီထွက်သီးနှံများနှင့် အခြားပဲအမျိုးအစားများကို ပြောင်းလဲစိုက်ပျိုးသင့်သည်ဟု ပဲ၊ နှမ်း NGO အဖွဲ့က အကြံပြုခြင်းဖြစ်သည်။

ပဲစင်းငုံသည် ပြည်တွင်းတွင် စားသုံးမှုနည်းပြီး အိန္ဒိယပြည်တွင်းမှု အဓိကစားသုံးသည့်ပဲ ဖြစ်နေ၍ အိန္ဒိယ၏ ဝယ်လိုအားအပေါ် အဓိကထား၍ ရောင်းဝယ်နေရသော သီးနှံဖြစ်သည်။ အိန္ဒိယအစိုးရအနေဖြင့် ၎င်းတို့နိုင်ငံတွင် ပြည်တွင်းပဲမျိုးစုံ အထွက်တိုးရန် စိုက်ပျိုးရေးကို အလေးပေးဆောင်ရွက်ခဲ့ရာ ပြည်တွင်းပဲစိုက်ပျိုးထွက်ရှိမှုပိုများလာ၍ ၂၀၁၇ ခုနှစ် ဩဂုတ်လမှ စတင်ကာ ပြည်ပမှ မတ်ပဲနှင့် ပဲစင်းငုံတင်သွင်းခြင်းအပေါ် တန်ချိန်ကန့်သတ်ခြင်းကို ထုတ်ပြန်အသိပေးခဲ့ပြီး ကန့်သတ်ချက်မှာ ၂၀၁၈ မတ်လကုန်အထိ သက်တမ်းရှိခဲ့သည်။ ယခုအချိန်တွင် ကန့်သတ်ထားသည့်အချိန် မတ်လကို ကျော်လွန်လာသော်လည်း ပဲတင်သွင်းခြင်းအပေါ် အိန္ဒိယအစိုးရဘက်က အကြောင်းပြန်အသိပေးခြင်းမရှိသေးကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း စိုက်ပျိုးထုတ်လုပ်ပြီး ၂၀၁၈ ခုနှစ်အတွင်း အသစ်ထွက်ပေါ်ခဲ့သော ပဲစင်းငုံများသည် ပဲသိုလှောင်ရုံများတွင် အပြည့်အလျှံရှိနေရာ တောင်သူများအနေဖြင့် ပဲစင်းငုံကိုသာ ထပ်မံစိုက်ပျိုး၍ ထွက်ရှိလာပါက ပြည်ပမှအဝယ်မရှိသေးလျှင် ထားသိုရန်နေရာအခက်အခဲ အပါအဝင် ပြဿနာများကို ဖြေရှင်းရန်ပိုမိုခက်လာမည်ဖြစ်၍ မကြာမီစိုက်ပျိုးချိန်တွင် တောင်သူများအနေဖြင့် ပဲစင်းငုံအစား အခြားသီးနှံများကိုသာ ပြောင်းလဲစိုက်ပျိုးကြရန် အကြံပြုကြေညာချက်တွင် ဖော်ပြထားသည်။

**ခင်ဆိုင်**

# တာချီလိတ်၌ လူငယ်နှင့် အနာဂတ် ခေါင်းစဉ်ဖြင့် ပထမအကြိမ် ပြည်သူ့စကားဝိုင်း ကျင်းပ

**တာချီလိတ် မေ ၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စီစဉ်ကျင်းပသည့် လူငယ်နှင့် အနာဂတ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မေ ၄ ရက်က မကာဟိုခမ်းရပ်ကွက်ရှိ အောင်မြတ်ခန်းမ၌ ကျင်းပခဲ့ပြီး အဆိုပါ ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို တာချီလိတ်မြို့၌ ပထမအကြိမ် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက ယခုလို ဒီမိုကရေစီ ခေတ်တွင် အစိုးရနှင့်ပြည်သူများအကြား ဆွေးနွေးတိုင်ပင်နိုင်ရန်၊ ပြည်သူတို့၏ ဘဝဖြတ်သန်းမှုအကြောင်းကို ဆွေးနွေးပြောကြားနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်၊ လူထု၏ စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရန်နှင့် အစုအဖွဲ့အတွင်း ပါဝင်ဆွေးနွေးတတ်သော အလေ့အထကောင်းများရလာအောင် လေ့ကျင့်ပေးရန် စသည့် ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲများကို ကျင်းပခြင်းဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးထိန်မင်းက ဦးဆောင်ဆွေးနွေးကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းက လူငယ်များ၏အနာဂတ်ကောင်းမွန်ရေး ထားရှိသင့်သည့် စိတ်နေသဘောထားများ၊ လူငယ်များအတွက် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်များကိုလည်းကောင်း၊ ခရိုင်ဥပဒေအရာရှိ ဦးသိန်းထွန်းက မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒပါ အကြောင်းအရာများနှင့် ဥပဒေအကြောင်းအရာ သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်စာရေးဆရာအသင်း နာယက ဒေါက်တာမြင့်အောင်က ကောင်းမွန်သောအုပ်ချုပ်မှုစနစ်အကြောင်းကိုလည်းကောင်း၊ ဟောင်လိတ်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းအေးက ကျောင်းသားကျောင်းသူ လူငယ်များ စွမ်းရည်မြင့်မားရေးနှင့် ပညာသင်ယူနိုင်မှု အခွင့်အလမ်းများကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းသို့ တက်ရောက်လာသည့် လူငယ်လူရွယ်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပြည်သူများက သိရှိလိုသည်များ တင်ပြဆွေးနွေးကြကာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**ဝေယံလင်း(ပြန်/ဆက်)**



# သုဝဏ္ဏဝတီမြို့၌ ယခုနှစ် ဒူးရင်းသီး အထွက်နည်းသော်လည်း ဈေးကောင်းရ

**သုဝဏ္ဏဝတီ မေ ၆**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး ပတ်ဝန်းကျင်ကျေးရွာများမှ ထွက်ရှိသော နာမည်ကျော်ကြားသည့် ရာသီပေါ် သီးနှံတစ်မျိုးဖြစ်သည့် (ကျိုက္ကော်/သိမ်ဆိပ်) ဒူးရင်းသီးသည် ယခုနှစ်တွင် အထွက်နည်းသော်လည်း ဈေးကောင်းရရှိနေကြောင်း သိရသည်။



"ဒီနှစ် ဒီဒေသမှာ ဒူးရင်းသီးပေါ်တာ နောက်ကျတယ် အရင်က သင်္ကြန်မကျခင်ကတည်းက အသီးကြွေတာ၊ အခုက ကြွေတာလည်း နောက်ကျ၊ ဒူးရင်းခြံတွေလည်း ရှားလာတဲ့အပြင် အသီးကလည်း နည်း၊ အပင်ကလည်းနည်းနည်းပဲ ရှိတော့တယ်၊ အရင်ကလောက်လဲ မသီးတော့ဘူး၊ အရင်က ဒူးရင်းခြံ(သီးစား)လာဝယ်တဲ့သူတွေရှိပြီး အခုနည်းသွား ပြီ၊ ကိုယ့်ဘာသာကိုယ် ခြံစောင့်ပြီး ကြွေတဲ့အသီးကိုအိမ်မှာပဲ ဝယ်ရောင်းတွေပေးတဲ့ ဈေးနဲ့ရောင်းပါတယ်"ဟု ဝင်းပကျေးရွာမှ ဒူးရင်းခြံရှင်တစ်ဦးက ပြောသည်။

"ဒူးရင်းသီး ခြင်းဝင်(ပုံမှန်)တစ်လုံးကို ၂၅၀၀ ကျပ်ကနေ ၂၇၀၀ ကျပ်၊ ဂုတ်သီး ၃၅၀၀ ကျပ် ၊ ခေါင်သီး ၄၀၀၀ ကျပ်ပေးဝယ်ပြီး လမ်းဘေးမှာပဲ ဆိုင်ဆောက်ပြီး ကြည့်ရောင်းပါတယ်၊ တစ်နေ့ကို အလုံးရေ ၅၀ လောက် ဝယ်လို့ရပါတယ်၊ လက်ဆောင်ပေးလိုတဲ့သူတွေက ဒီမှာလာဝယ်ကြလို့ ရောင်းရပါတယ်"ဟု ဝင်းပကျေးရွာအတွင်းမှာပင် ဒူးရင်းသီးဝယ်ရောင်းလုပ်နေသူ မစန်းအေးက ပြောသည်။

ဒူးရင်းခြံသီးစား ဝယ်ယူသူ ဒညင်းကုန်းကျေးရွာသားတစ်ဦးက "ဒူးရင်းခြံတွေက အရင်ကလို မရှိတော့ဘူး၊ မပေါတော့ဘူး၊ ဒီဒေသမှာ ဟိုနား နည်းနည်း ဒီနား နည်းနည်းပဲ ဒူးရင်းပင်တွေ ရှိတော့ သီးစားဝယ်စောင့်ရတာလဲ ခက်တယ်၊ အရင်ကထက် ဈေးကြီးတယ်၊ အသီးလည်း နည်းတယ် ၊ လက်ဦးသီး မရှိတဲ့အတွက် ဒီနှစ်ကတော့ သီးစားဝယ်စောင့်တဲ့သူတွေ အဆင်မပြေနိုင်ဘူး ထင်တယ်"ဟု ပြောသည်။

သုဝဏ္ဏဝတီမြို့၏ ရာသီပေါ်သီးနှံဖြစ်သော ဒူးရင်းသီးသည် ယခင်က နာမည်ကျော်၍ ဒူးရင်းပင်များ ပေါများစွာရှိခဲ့သော်လည်း ယခုအခါ ဒူးရင်းပင်များ လျော့နည်းလာခြင်း၊ ရာသီဥတု အခြေအနေကြောင့် အသီးထွက်ချိန် နောက်ကျခြင်း၊ အသီး အထွက်နည်းခြင်း၊ အသီးအရည်အသွေးနှင့် ကြီးထွားမှု ယခင်ကထက် လျော့ကျလာခြင်းများ ရှိသော်လည်း ရှားပါးမှုကြောင့် ဈေးကောင်းရနေဆဲဖြစ်ကြောင်း သိရသည်။ ဒေသအတွင်း ဒူးရင်းပင်များ ရှားပါးလာသည့်အတွက် ဒေသခံ ဒူးရင်းပင်စိုက်သူများအနေဖြင့် မျိုးကောင်းမျိုးသန့် ဒူးရင်းပင်များကို ပြန်လည်စိုက်ပျိုးရန် လိုအပ်လျက်ရှိကြောင်းလည်း သိရသည်။

**ခွန်(ဝင်းပ)**

## ပေါင်းတည်မြို့မှ လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့

**ပေါင်းတည် မေ ၆**

ပေါင်းတည်မြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ထောက်ပံ့ပစ္စည်း Family Kit များ ပေးအပ်ပွဲကို မေ ၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပခဲ့သည်။

ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲတွင် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က အားပေးစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းနိုင်က မြို့နယ်အတွင်း လေဘေးအန္တရာယ်ကျရောက်ခဲ့မှု အခြေအနေများကိုလည်းကောင်း၊ လေဘေးသင့်ပြည်သူများထံသို့ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် စေတနာရှင်များ၏ လှူဒါန်းငွေနှင့် လူသုံးကုန်ပစ္စည်းများ သွားရောက်ပေးအပ်နိုင်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းအောင်တို့က ကျေးရွာအုပ်စု ၁၂ စုမှ လေဘေးသင့်အိမ်ထောင်စု ၅၂၆ စုအတွက် ပစ္စည်း ၁၆ မျိုးစီပါသည့် Family Kit များ(တန်ဖိုး ကျပ် ၉၄ သိန်းကျော်)ကို ပေးအပ်ခဲ့သည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

## ကျောက်မဲတောင် မဲဇာချောင်းကူး ကိုယ့်အားကိုယ်ကိုးတံတား လာမည့်နှစ်တွင် အပြီးတည်ဆောက်မည်

**ဗန်းမော် မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ သွားလာရေး လွယ်ကူစေရန် မဲဇာချောင်းကူး သံကူကွန်ကရစ်တံတားတစ်စင်းကို ကျောက်မဲတောင်တောရဆရာတော် ဘဒ္ဒန္တပညာဝံသ၏ ဦးဆောင်မှုဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်လျက်ရှိရာ လာမည့် ၂၀၁၉ ခုနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်မဲတောင် မဲဇာချောင်းကူး သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၆ ခုနှစ်အတွင်းကပင် စတင်ဆောင်ရွက်ခဲ့ပြီး အရှည်ပေ ၂၄၀၊ အကျယ် ၁၈ ပေရှိကာ ရေလယ်တိုင်သုံးတိုင် စိုက်ထူ၍ ကမ်းကပ်ခုံနှစ်ခု ထားရှိမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို ကျောက်မဲတောင်တောရ ဆရာတော်နှင့် စေတနာရှင် ဒကာ ဒကာမများ ပူးပေါင်းကာ ၂၀၁၉ ခုနှစ်အတွင်း ပြီးစီးအောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် တံတားကို ပြီးစီးအောင် တည်ဆောက်နိုင်ရေးအတွက် ငွေအားနှင့် လူအားများ လိုအပ်လျက်ရှိနေသေးကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**



နွေရာသီ ရေရှားပါးမှု ကြုံတွေ့နေရသော မုဒုံမြို့နယ် နိုင်လုံကျေးရွာ အနောက်ဘက်ပိုင်း ရပ်ကွက်(၁၃/၁၄)ရှိ အိမ်ခြေ ၁၅၀ တွင် နေထိုင်သော ဒေသခံပြည်သူများအတွက် သောက်သုံးရေ ဂါလန် ၃၆၀၀ ကို မြို့နယ်ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ ဧပြီ ၂၈ ရက်က သွားရောက်လှူဒါန်းစဉ်။ မြတ်မွန်ထွေး

## မုံရွာမြို့၌ ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်ရန် ဆိုင်ကယ်စုပေါင်းစီးနင်း လှုပ်ရှားမှုပြုလုပ်



**မုံရွာ မေ ၆**

မော်တော်ဆိုင်ကယ်စီးနင်းစဉ် ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရေးအတွက် မော်တော်ဆိုင်ကယ် စုပေါင်းစီးနင်းသည့်လှုပ်ရှားမှုကို မုံရွာမြို့ဗိုလ်ချုပ်လမ်းမပေါ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မေ ၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဆိုင်ကယ်စုပေါင်းစီးနင်းသည့် လှုပ်ရှားမှုတွင် ပါဝင်သူ ရန်ကုန်နာရေးကူညီမှုအသင်းမှ ဦးကျော်သူက "ဆိုင်ကယ်ကြောင့် သေဆုံးမှုမှာ အဓိကအချက်က ဆိုင်ကယ်စီးဦးထုပ်မဆောင်းတဲ့အတွက် အသက်ဆုံးရှုံးမှုတွေ ဖြစ်ရတာပါ။ ယာဉ်အန္တရာယ်ကြောင့် လူသားအရင်းအမြစ်ဆုံးရှုံးမှုတွေ အလွန်များနေပါတယ်၊ ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရ သေဆုံးမှုတွေ အများကြီးဖြစ်နေပါတယ်၊ အဲဒီလို ယာဉ်တိုက်မှုတွေမှာ ဆိုင်ကယ်ကြောင့် သေဆုံးမှုဟာ ၄၈ ရာခိုင်နှုန်း၊ မော်တော်ယာဉ်ကြောင့် သေဆုံးမှုဟာ ၂၅ ရာခိုင်နှုန်း၊ အခြား ယာဉ်တိုက်မှုကြောင့် ၂၆ ရာခိုင်နှုန်း ဖြစ်နေလို့ ဆိုင်ကယ်ကြောင့် သေဆုံးမှုက များနေတာ တွေ့ရပါတယ်၊ ဒါကြောင့် အရည်အသွေးကောင်းတဲ့ ဦးထုပ်များကို ဆောင်းပါ၊ မေးသိုင်းကြိုးတပ်ရန် မမေ့ပါနဲ့၊ လေဒဏ်ခံနိုင်ရန် နေကာမျက်မှန်တပ်ဆင်ပါ၊ နှစ်ဦးထက်ပိုပြီး မစီးပါနဲ့၊ ဆိုင်ကယ် နောက်ကြည့်မှန်၊ အချက်ပြမီး၊ ရှေ့နောက်မီး အားလုံး ပြည့်စုံကောင်းမွန်ပါစေ၊ ကုန်ပစ္စည်းတင်ပါက ဝန်နှင့်အား မျှပါစေ၊ ဆိုင်ကယ်စီးနင်းစဉ် လက်ကိုင်ဖုန်း မသုံးပါနဲ့၊ လမ်းကြောသိအောင် ကြိုးစားပါ၊ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင် မမေ့ပါနဲ့ အဓိက အချက်ကတော့ သောက်စားမူးယစ်ပြီးတော့ ဆိုင်ကယ်စီးနင်းခြင်းကို လုံးဝမပြုလုပ်ပါနဲ့လို့ မေတ္တာရပ်ခံပါတယ်၊ ယာဉ်အန္တရာယ်တွေကင်းဝေးကြပါစေ"ဟု ပြောသည်။

အဆိုပါ ဆိုင်ကယ်စုပေါင်းစီးနင်းသည့် လှုပ်ရှားမှုတွင် မန္တလေးမြို့ ဆိုင်ကယ်ချစ်သူများအဖွဲ့၊ မုံရွာမြို့ ဆိုင်ကယ်ချစ်သူများအဖွဲ့နှင့် တက်တူးချစ်သူများအဖွဲ့၊ ရန်ကုန်နာရေးကူညီမှုအသင်းမှ ဦးကျော်သူနှင့်အဖွဲ့၊ မုံရွာမြို့ရှိ လူမှုကူညီရေးအသင်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း အင်အား ၂၀၀ ကျော် ပါဝင်ခဲ့ပြီး မုံရွာမြို့တော်ခန်းမရှေ့ ဗိုလ်ချုပ်လမ်းမကြီးမှ သာစည်လမ်းအတိုင်း၊ ထို့နောက် ပေ ၈၀ လမ်းမှ တစ်ဆင့် ကျောက်ကာလမ်းမကြီး၊ ထိုမှတစ်ဆင့် ပြည်ထောင်စုလမ်းမကြီးအတိုင်း မြောက်ဘက်ရှိ ဘိုးဘွားရိပ်သာလမ်းဆုံ၊ ထို့နောက် ဗိုလ်ချုပ်လမ်းမကြီးအတိုင်း ကန်သာယာအထိ စီးနင်းခဲ့ကြကာ ခရီးစဉ်တစ်လျှောက်ရှိ လူစည်ကားရာနေရာများဖြစ်သော သာစည်ဈေးနှင့် သံလမ်းဈေး နေရာများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## သုဝဏ္ဏဝတီမြို့မှ စံပြကွက်စိုက်ပျိုးမည့် တောင်သူများအား မျိုးသန့်စပါးမျိုးများပေးအပ်

**သုဝဏ္ဏဝတီ မေ ၆**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီးရှိ ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာများတွင် မျိုးသန့်စပါးစံပြကွက်စိုက်ပျိုးမည့် တောင်သူများအား မျိုးသန့်စပါးမျိုး ပေးအပ်ပွဲကို ကျိုက္ကော်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မေ ၅ ရက်က ကျင်းပခဲ့သည်။

မျိုးသန့်စပါးမျိုးပေးအပ်ပွဲတွင် သထုံမြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းဝင်းက အမှာစကားပြောကြားပြီး သထုံခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်သန်းရီက တစ်မြို့နယ်လျှင် ကျေးရွာတစ်ခုစီတွင် စံပြကွက်များ ထူထောင်၍ သတ်မှတ်ထားသည့်အချက် ၁၀ ချက်နှင့် ကိုက်ညီသော တောင်သူများအား မျိုးသန့်မျိုးစေ့များ ပေးအပ်ပြီး စံပြကွက်များ စိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရည်အသွေးကောင်း စပါးများ ထွက်ရှိရေးအတွက် တောင်သူများ လုပ်ဆောင်နိုင်ရန် နည်းလမ်းများကို ပြောကြားသည်။

သထုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး စောခင်ကျော်မြင့်ကလည်း လက်ရှိ စပါးဈေးကွက်မှာ ဝယ်သူစိတ်ကြိုက်ဈေးဖြင့်ဝယ်သည့် ဝယ်သူဈေးကွက်ဖြစ်နေကြောင်း၊ ရောင်းသူဈေးကွက်ဖြစ်အောင် တောင်သူများက အရည်အသွေးကောင်းမွန်သည့် စပါးမျိုးကို စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ပြီး မျိုးစပါးနှင့် နည်းပညာများ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးကလည်း မြို့နယ်အတွင်း တစ်ဆက်တည်း လယ်ယာမြေဧက ၃၀၀ နှင့်အထက် ရှိပါက တောင်သူများစုပေါင်း၍ စံပြကွက်များ ဖော်ဆောင်လိုပါက လယ်ယာကုန်ထုတ်လမ်းများ၊ ကေကွက်များ၊ ရေသွင်း၊ ရေထုတ်မြောင်းများ တည်ဆောက်ပေးပြီး မျိုးနှင့် နည်းပညာများ ထောက်ပံ့ကူညီပေးမည်ဖြစ်ကြောင်း၊ လယ်ယာမြေများအတွင်း တရားမဝင်ငါးကန်များ တည်ဆောက်ထားပါက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ တားမြစ်မည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ကျိုက္ကော် ကွင်းအမှတ် ၅၈၅ ရှိ စံပြကွက်စိုက်ပျိုးမည့် တောင်သူ ၃၅ ဦးအတွက် ပေါ်ဆန်းရင်မျိုးစပါး တင်း ၃၀၀ ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ သထုံခရိုင်အတွင်း၌ စပါးစိုက်ဧက ၃၈၀၀၀၀ ကျော်ရှိကာ စံပြကွက် ၁၂၃၁ ကွက် စိုက်ပျိုးသွားမည်ဖြစ်ရာ အဆိုပါစံပြကွက်များ စိုက်ပျိုးမည့် တောင်သူ ၁၀၈ ဦးအား တစ်ဧကလျှင် မျိုးစပါး တစ်တင်းနှုန်းဖြင့် ၁၂၃၁ တင်း ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ခွန်(ဝင်းပ)**

## ပလင်းကမ်းသာယာ ဆင်စခန်းတွင် နေ့စဉ်လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိ

**ညောင်ဦး မေ ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ဖွင့်လှစ်ထားသော ပလင်းကမ်းသာယာ ဆင်စခန်းသို့ နေ့စဉ် လာရောက်လေ့လာလည်ပတ်သူ များပြားလျက်ရှိပြီး စည်ကားနေကြောင်း သိရသည်။

အဆိုပါ ပလင်းကမ်းသာယာဆင်စခန်းကို မတ် ၂၈ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သော်လည်း ဖွင့်ပွဲမတိုင်မီကတည်းကပင် လာရောက်လည်ပတ်ကြသူများ များပြားခဲ့ကြောင်း၊ ဆင်စခန်းသို့ အမြို့မြို့အနယ်နယ်မှ ပြည်သူများ လာရောက်ကြကြောင်း သိရသည်။

ပလင်းကမ်းသာယာဆင်စခန်းသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီး ချင်းဖောင်ဖွဲ့ရေးဒေသက ကြီးကြပ်၍ ဖွင့်လှစ်ထားရှိသော ဆင်စခန်းဖြစ်ပြီး စခန်းဝင်းအတွင်း၌ ဆင်များနှင့်ပတ်သက်သော အကြောင်းအရာများကို ဗီနိုင်းများဖြင့်ရေးသားဖော်ပြ၍ အသိပေးထားသလို စခန်းရှိ ဆင်ခြောက်ကောင်၏ ဆွေစဉ်မျိုးဆက်များကို ရေးသားဖော်ပြ ပေးထားခြင်းကိုလည်း လာရောက်လည်ပတ်သူများ စိတ်ဝင်စားအကြိုက်တွေ့ကြကြောင်း သိရသည်။

ထို့အပြင် စခန်းအတွင်းမှ ဆင်များကို ရေချချိန်(ရေချိုး)နှင့် ဆင်စီးချိန်များတွင် ဆင်စခန်းဝင်းအတွင်း အပန်းဖြေနားနေနိုင်ရန် ဆောက်လုပ်ထားသည့် ခြေတံရှည် ထန်းရွက် မိုးတဲများပေါ်မှ ကြည့်ရှုနိုင်ပြီး ဧရာဝတီမြစ်ပြင်ကြီးကိုလည်း ထိုတဲပေါ်မှပင် ကြည့်ရှုနိုင်ကာ နှစ်သက်ရာအစားအစာများ မှာယူသုံးဆောင်နိုင်ကြောင်း၊ ဆင်ရေချိုးဆိပ်တွင် တောတောင်သဘာဝအတိုင်း သစ်ပင်ကြီးများ ကျောက်တုံးကြီးများကြား၌ ဆင်ရေချိုးသည်ကို ကြည့်ရှုလေ့လာနိုင်ရန် ကွပ်ပျစ်များ ဆောက်လုပ်ပေးထား၍ စိတ်ဝင်စားစွာ ကြည့်ရှုသူ များပြားကြောင်း လက်ထောက်ဆင်ခေါင်းဆောင် ဦးကြည်နိုင်ထူးက ပြောသည်။

ပလင်းဆင်စခန်းသို့ လာရောက်လေ့လာသည့် ခရီးသွားပြည်သူများ များပြားခြင်းကြောင့် စနေ၊ တနင်္ဂနွေရက်များတွင် ဆင်စာရောင်းသူများအနေဖြင့် လက်ကျန်မရှိသည်အထိ ရောင်းချရသလို ဆင်စာများ ရောင်းချရခြင်းကြောင့် ဒေသခံပြည်သူများ စိုက်ပျိုးသည့် ပြောင်းဖူးခင်း၊ ကြံခင်းများ၊ ဖရဲ စိုက်ခင်းများအတွက်လည်း ဈေးကွက်တစ်ခုဖြစ်လာသည့်အတွက် ဒေသခံတောင်သူများလည်း ဝင်ငွေရရှိကြကြောင်း သိရသည်။ ထို့အပြင် ဆင်စခန်းကြောင့် ဒေသခံကျေးရွာများမှ ပြည်သူများကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများပေးထားနိုင်၍ ဆင်စခန်းပတ်ဝန်းကျင် ကျေးရွာများမှ ပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ကိုထိန်၊ ငါ့သရောက်**



# လမ်းဘေးစားသောက်ဆိုင်ရောင်းချသူများ၏ အပြုအမူနှင့် သန့်ရှင်းမှုကိုထိန်းသိမ်းရန် အချိန်နှင့်အမျှ ထိန်းကျောင်းပေးလျက်ရှိ

**ရန်ကုန် မေ ၆**

လမ်းဘေးစားသောက်ဆိုင်များကို စစ်ဆေးရာတွင် ရောင်းချသူများ၏အပြုအမူနှင့် သန့်ရှင်းမှုထိန်းသိမ်းရန်အတွက် အားနည်းခြင်းအခက်အခဲများကို ရသလောက်အချိန်နှင့်အမျှ ထိန်းကျောင်းပေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ပြောကြားသည်။

**ကျန်းမာရေးသတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိ**

မေ ၄ ရက်က ကျင်းပခဲ့သော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ပန်းဘဲတန်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်စိုးပပလှိုင်၏ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ နေ့စဉ်အစားအသောက်များ ရောင်းချရာတွင် ကျန်းမာရေးသတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိဘဲ ရောင်းချနေသည့်ဆိုင်များကို ကြပ်မတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ်နှင့် ပတ်သက်၍ သိရှိလိုကြောင်း မေးခွန်းကို ပြန်လည်ဖြေကြားရာတွင် ထိုသို့ ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

**သတ်မှတ်ချက်များနှင့်ကိုက်ညီရန် အရေးကြီး**

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စိုးပပလှိုင်က တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ခွင့်ပြုချက်လိုင်စင်များဖြင့် ရောင်းချနေသော စားသောက်ဆိုင်များတွင် အစားအသောက်များကို ပြုလုပ်ရောင်းချလျက်ရှိကြောင်း၊ အထူးသဖြင့် နေ့စဉ်ချက်ပြုတ်ကြော်လှော် ရောင်းချရာတွင် ယင်းနှင့်ဆက်စပ်နေသော လုပ်ငန်းများသည် ကျန်းမာရေးသတ်မှတ်ချက်များနှင့် ကိုက်ညီရန်အရေးကြီးပါကြောင်း၊ အများပြည်သူကျန်းမာရေးနှင့် သင့်လျော်မှုမရှိသော အနံ့ဆိုးများထွက်ရှိခြင်း၊ သန့်ရှင်းသပ်ရပ်မှုလည်း အလွန်အားနည်းခြင်းတို့ဖြင့် လုပ်ကိုင်ရောင်းချနေမှုများ ရှိသည်ကိုလည်း တွေ့ရှိနေရကြောင်း၊ ထို့ကြောင့် အစားအသောက်များ ရောင်းချသည့်ဆိုင်များကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော သတ်မှတ်ချက်များနှင့်သော်လည်းကောင်း၊ အခြားသတ်မှတ်ချက်များနှင့်သော်လည်းကောင်း ညီညွတ်ရန် သက်ဆိုင်ရာဌာနများမှ မည်ကဲ့သို့ ဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်းနှင့် ညီညွတ်မှုမရှိပါက မည်ကဲ့သို့ ပညာပေးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်နေသည်ကိုလည်း သိရှိလိုပါသဖြင့် ယခုကဲ့သို့ မေးမြန်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ကျန်းမာရေးနှင့်ညီညွတ်မှုရှိစေရန် ဆောင်ရွက်**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက ပြန်လည်ဖြေကြားရာတွင် ရန်ကုန်မြို့တော်တွင် ရောင်းချလျက်ရှိသော စားသောက်ဆိုင်များ၌ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနမှ မြို့နယ်ကျန်းမာရေးအရာရှိ၊ မြို့နယ်ကျန်းမာရေးအဖွဲ့များက သက်ဆိုင်ရာ မြို့နယ်များတွင် ဖွင့်လှစ်ရောင်းချနေသော စားသောက်ဆိုင်များမှ မီးဖိုချောင်သန့်ရှင်းမှု၊ အစား


လမ်းဘေးဈေးဆိုင်ရောင်းချမှုကိုတွေ့ရစဉ်။

အသောက် ကိုင်တွယ်ပြုပြင်ချက်ပြုတ်ရာတွင် စနစ်တကျသုံးစွဲမှု၊ သုံးစွဲသောစားသောက်ကုန်ပစ္စည်းများ၏ လတ်ဆတ်မှု၊ FDA ထောက်ခံချက်ပါဝင်သော ကုန်ကြမ်းပစ္စည်းများကိုသာ သုံးစွဲရန်၊ သုံးစွဲသော ပန်းကန်ခွက်ယောက်များ သန့်ရှင်းရန်နှင့် အစားအသောက်များထားသိုထိန်းသိမ်းမှု အစရှိသည်တို့ကိုလည်း စစ်ဆေးပုံစံဖြင့် စစ်ဆေးပြီး အစားအသောက် ကိုင်တွယ်ပြုပြင်သော ဝန်ထမ်းများကိုလည်း ကျန်းမာရေးစစ်ဆေးပေးလျက်ရှိပါကြောင်း၊ အစာအဆိပ်သင့်သည့် ရောဂါပိုးရှိ၊ မရှိ စစ်ဆေးမှုများလည်းရှိပါကြောင်း၊ အစားအသောက် နမူနာ၊ ရေနမူနာများကိုလည်းယူပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနဓာတ်ခွဲခန်းသို့ပို့ပြီး ပုံမှန်အလှည့်ကျ စစ်ဆေးဆောင်ရွက်နေကြောင်း၊ ဌာနအနေဖြင့် စားသောက်ဆိုင်များတွင် သန့်ရှင်းမှု ရှိ မရှိကိုလည်း မြို့နယ်များတွင် အခါအားလျော်စွာ ကွင်းဆေးစစ်ဆေးခြင်း၊ ပွဲတော်အခမ်းအနားများ၌ ကျွေးမွေးမည့် အစားအသောက်များကို စစ်ဆေးခြင်းနှင့် နှုတ်ဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ လူမှုကွန်ရက်မှ ဖြစ်စေ တိုင်ကြားသည့်အခါ နီးနွယ်သည့် ဌာနများဖြစ်သော FDA ၊ DOCA၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်းစစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

"သန့်ရှင်းပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအသောက်ရောင်းချတဲ့ စားသောက်ဆိုင်တွေဖြစ်ဖို့လည်း စားသောက်ဆိုင်တွေက တာဝန်ခံတွေကို အလှည့်ကျခေါ်ပြီးတော့ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ဖို့နဲ့ သင့်တော်တဲ့ အစားအသောက်တွေရရှိဖို့အတွက် ကျန်းမာရေးဌာနမှာ တစ်နှစ်ကို နှစ်ကြိမ်သင်တန်းပေးပါတယ်၊ အဲဒီမှာ အစားအသောက် ကိုင်တွယ်ပြုပြင်ချက်ပြုတ်ဖို့၊ ပြင်ဆင်ပြီး အစားအသောက် စနစ်တကျသိမ်းဆည်းဖို့၊ စနစ်တကျရှိဖို့၊ ကျန်းမာရေးပညာပေးသင်တန်းတွေ ဆောင်ရွက်ပြီးတော့ စားသောက်ကုန် အရည်အသွေးကောင်းမွန်တိုးတက်လာဖို့ စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်နေပါတယ်၊ နောက်ပြီး မြန်မာနိုင်ငံ စားသောက်ဆိုင်များအသင်းနဲ့ ပူးပေါင်းပြီးတော့ ကျန်းမာရေး ပညာပေးတာတွေ၊ အခြေခံကျောင်းတွေမှာ ကျောင်းတွင်းစားသောက်ဆိုင်တွေ၊ ကျန်းမာရေးနဲ့ ညီညွတ်စွာရောင်းချမှု ရှိ၊ မရှိကိုလည်း စစ်ဆေးပါတယ်၊ ကျန်းမာရေးအသိပညာပေးမှုတွေ၊ စည်ပင်ဈေး ကိုယ်ပိုင်ဈေးတွေမှာ ရောင်းချနေတဲ့ အစားအသောက်တွေမှာလည်း သန့်ရှင်း လတ်ဆတ်မှု ရှိ မရှိ၊ ခွင့်မပြုထားတဲ့ ဆိုးဆေးတွေ၊ တာရှည်ခံဆေးတွေ၊ FDA က အသိအမှတ်မပြုတဲ့ဆီတွေ၊ သောက်ရေ သန့်နဲ့ အချိုရည် သုံးစွဲမှု ရှိ၊ မရှိ စစ်ဆေးတာတွေ၊ FDA၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဌာန၊ စားသုံး သူရေးရာဦးစီးဌာန၊ စားသုံးသူအခွင့်အရေးကာကွယ်ရေးအဖွဲ့တို့နဲ့လည်း ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်နေပါတယ်၊ စီမံရေးရာဌာနက စားသောက်ကုန်ထုတ်လုပ်ရေးလုပ်ငန်းတွေကိုလည်း FDA ထောက်ခံချက်ရမှပဲ ကျွန်တော်တို့ ခွင့်ပြုပေးပါတယ်၊ နောက် လမ်းဘေးစားသောက်ဆိုင်တွေကို စစ်ဆေးတဲ့ နေရာမှာ ရောင်းချသူတွေရဲ့အပြုအမူနဲ့ သန့်ရှင်းမှုထိန်းသိမ်းဖို့အတွက် အားနည်းခြင်းတို့ရဲ့အခက်အခဲတွေတော့ ရှိပါတယ်၊ ဒါပေမယ့် ရသလောက် အချိန်နဲ့အမျှ ထိန်းကျောင်းပေးနေပါတယ်။

**စားသောက်ဆိုင်ပေါင်း ၈၀၀၀ ကျော်ကို စစ်ဆေးခဲ့**

"ယခု ဘဏ္ဍာနှစ်အတွင်းမှာ စားသောက်ဆိုင်အရေအတွက် ၈၀၀၀ ကျော်ကို စစ်ဆေးခဲ့ပြီးဖြစ်ပါတယ်၊ ပြုပြင်ဆောင်ရွက်ဖို့ အချက်အလက်တွေ ဆိုင်တာဝန်ခံကို လက်မှတ်ရေးထိုး အသိပေးပြီး ပြင်ဆင်ဖို့ ချွတ်ယွင်းချက် အနည်းအများပေါ်မူတည်ပြီးတော့ ခွင့်ပြုချိန် တစ်ပတ် ဒါမှမဟုတ် နှစ်ပတ်အကြာမှာ ကျွန်တော်တို့ ပြန်လည်စစ်ဆေးပါတယ်၊ တတိယအကြိမ်လိုက်နာမှုမရှိတဲ့ဆိုင်တွေကိုတော့ ၂၀၁၃ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၅၃ အရ ဒဏ်ကြေးရိုက်တာတွေ၊ လုပ်ငန်းလိုင်စင် မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုမိန့်တွေကို ကာလအကန့်အသတ်မရှိရုပ်သိမ်းတာတွေ၊ ပယ်ဖျက်တာတွေကို စီမံရေးရာဌာနနဲ့ ညှိနှိုင်းဆောင်ရွက်နေပါတယ်"ဟု ဝန်ကြီးက ဆက်လက်ပြောကြားသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ဖော်ထုတ်ပြီး စနစ်ကျလယ်ယာမြေတွင် နွေစပါးစိုက်ကွင်းများရေပေးဝေမှု ကွင်းဆင်းကြည့်ရှု

**နေပြည်တော် မေ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ပေါင်းလောင်းဆည်ရေသောက်ရေိယာအတွင်းရှိ ပေါက်မြိုင်နှင့် ပုံချီကျေးရွာတို့တွင် IFAD ချေးငွေဖြင့် ဆောင်ရွက်ခဲ့သည့် စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်း လုပ်ငန်း ၈၂၁ ဧကသို့ နေပြည်တော် ကောင်စီဝင် ဦးအေးမောင်စိန်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ တည်ဆောက်ရေး(၅)၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊



မြို့နယ်နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ မေ ၄ ရက်က ကွင်းဆင်းသွားရောက်ခဲ့ပြီး စနစ်ကျလယ်ယာမြေအတွင်း နွေစပါးစိုက်ပျိုးထားရှိမှု၊ ရေပေးဝေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် ဆောင်ရွက်ပြီး စနစ်ကျလယ်ယာမြေများ ရေရှည်တည်တံ့စေရန်၊ လိုအပ်သည်များကို ထိန်းသိမ်းပြုပြင်ဆောင်ရွက်သွားရန်နှင့် ထပ်မံဖော်ထုတ်ရန် လျာထားသည့် စနစ်ကျလယ်ယာမြေများနှင့်ပတ်သက်၍ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းစဉ်များကို ပြီးစီးအောင် ဆောင်ရွက်ထားရှိရေး သက်ဆိုင်ရာဌာနများသို့ ညှိနှိုင်းမှာကြားခဲ့ကြောင်း သိရသည်။

**တင်မောင်လွင်(မြန်မာ့အလင်း)**

# ထိုင်းနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားရှစ်ဦး လွှဲပြောင်းပေးအပ်

**တာချီလိတ် မေ ၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတား၌ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမားရှစ်ဦးကို မေ ၄ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံ Border Pass သက်တမ်းလွန်ခြင်း၊ အထောက်အထားမဲ့နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီဝင် CNCMC တို့မှ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုလွှဲပြောင်းပေးအပ်ခဲ့သည့် မြန်မာရွှေ့ပြောင်းအလုပ်သမားရှစ်ဦးအပါအဝင် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၄ ရက်အထိ တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၁၇၆ ဦး၊ အမျိုးသမီး ၇၉ ဦးနှင့် ကလေးခုနစ်ဦး စုစုပေါင်း ၂၆၂ ဦး ရှိပြီးဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# ဂန့်ဂေါမြို့နယ် တောင်ပြင်ရွာ ပလောချောင်းကူး ကြိုးတံတားဖွင့်

**ဂန့်ဂေါ မေ ၆**

ဂန့်ဂေါမြို့နယ် ရှုံးရှီ- မကျည်းခင် ရွာချင်းဆက်လမ်းမှ တောင်ပြင်ကျေးရွာသို့ သွားလာရာလမ်းပေါ်ရှိ ပလောချောင်းကူး ကြိုးတံတားဖွင့်ပွဲကို မေ ၄ ရက် က တောင်ပြင်ကျေးရွာဘက် ကြိုးတံတားထိပ်၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညာဏ်လှိုင်၊ တောင်ပြင်ရွာအုပ်ချုပ်ရေးမှူး ဦးစန်းမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားကြပြီး တံတားဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ချောက လုပ်ငန်းဆောင်ရွက်ခဲ့မှုများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစန်းမောင်နှင့် ရပ်မိရပ်ဖ ဦးတင်သောင်းတို့က ကျေးဇူးတင်စကားများ ပြောကြားကြကာ ကြိုးတံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါကြိုးတံတားကို လွှတ်တော်ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၅၀ မတည်လျက် ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၈၀ ကျော်တို့ဖြင့် အလျား ပေ ၅၅၀၊ အနံ ၅ ပေခွဲ ၊ အမြင့် ၃၆ ပေကို ပျဉ်ခင်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကာ ရေလမ်းကြောင်းတည်ငြိမ်ရန် ရေကာတာများကိုပါ ဆောက်လုပ်ထားကြောင်း သိရသည်။

**၁၀၁**

ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

# ရာသီဥတုဖောက်ပြန်၍ မိုးဦးခေါင်သော်လည်း လယ်သမားကြီးများ လယ်ယာလုပ်ငန်းဝင်ကြ

**ဖြူး မေ ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ ခြောက်မြို့နယ်တို့တွင် နှစ်စဉ်မိုးစပါးအများဆုံး စိုက်ပျိုးလျက်ရှိသော မြို့နယ်တစ်ခုဖြစ်သည်။ ယခုနှစ် ၂၀၁၇-၂၀၁၈ မိုးစပါးများကိုလည်း စိုက်ဧက ၁၅၅၀၀၀ ကျော် စိုက်ပျိုးသွားကြမည်ဖြစ်ရာ ယခုနှစ် ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးဦးခေါင်၍ မိုးရွာသွန်းမှု မရှိသလောက် နည်းပါးနေသော်လည်း ကျေးရွာ ၅၉ အုပ်စုနှင့် မြို့ပေါ်ရပ်ကွက်အချို့မှ လယ်သမားများ မေလပထမပတ်မှ စတင်ကာ လယ်ယာလုပ်ငန်းများ ဝင်ရောက်ကြပြီဖြစ်သည်။

ယခုအချိန်တွင် လယ်မြေများ မီးရှို့ခြင်း၊ သဘာဝမြေဩဇာများ လယ်ကွင်းထဲသို့ တိုက်ချခြင်းနှင့် မိုးကြိုထယ်ထိုးခြင်း လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

# ဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့မှ ပေးအပ်ချီးမြှင့်သော ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွင်း တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်ခဲ့ကြသည့် လုပ်ငန်းရှင်များဆုရရှိခဲ့ကြသော-

(၁) **Steel King Co.,Ltd**

(၂) **Shwe Taung Development Co.,Ltd**

(၃) **Min Dhama Co.,Ltd**

**တို့ကို မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်မှ** များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ရှေ့ဆက်၍လည်း နောင်နှစ်ပေါင်းများစွာ နိုင်ငံနှင့်ပြည်သူ့အကျိုးကို ပိုမိုထမ်းဆောင်နိုင်ပြီး မြန်မာပြည်သူပြည်သားများ အားကိုးအားထားရသော အောင်မြင်သည့်ကုမ္ပဏီကြီးများအဖြစ် ရပ်တည်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂုဏ်ပြုအပ်ပါသည်။

**ဗဟိုကော်မတီဝင်အဖွဲ့**
**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ**
**လုပ်ငန်းရှင်များအသင်းချုပ်**
**Federation Of Myanmar Construction**
**Entrepreneurs Association**
**ဒါရိုက်တာအဖွဲ့**
**မြန်မာဆောက်လုပ်ရေးနှင့်ဖွံ့ဖြိုးရေး**
**အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(MCD Public Co.,Ltd)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထောင်စုရှေ့နေချုပ်ရုံး
## နေပြည်တော်
## ကြေညာချက်

၁။ ဥပဒေအရာရှိအဆင့်-၄ ရာထူးနေရာများ ရွေးချယ်ခန့်ထားရေးအတွက် ရေးဖြေစာမေးပွဲကို ၂၇-၅-၂၀၁၈ ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ တစ်ပြိုင်တည်းကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ကရင်၊ တနင်္သာရီ၊ ပဲခူး၊ မွန်၊ ရခိုင်၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ လျှောက်ထားသူများသည် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးတွင်လည်းကောင်း၊ ကချင်၊ ကယား၊ ချင်း၊ စစ်ကိုင်း၊မကွေး၊ မန္တလေးနှင့် ရှမ်းပြည်နယ်တို့မှ လျှောက်ထားသူများသည် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးတွင်လည်းကောင်း ၂၁-၅-၂၀၁၈ ရက်မှ ၂၅-၅-၂၀၁၈ ရက်အထိ ရုံးချိန်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းပြသ၍ ဖြေဆိုမည့်သူကိုယ်တိုင် လာရောက်ထုတ်ယူရပါမည်။

၃။ ခုံအမှတ်၊စာမေးပွဲအချိန်ဇယားနှင့် ဖြေဆိုရမည့်နေရာများကို ၂၁-၅-၂၀၁၈ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံးနှင့် မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးတို့တွင် ကြေညာထားပါမည်။

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးသုတေသနဦးစီးဌာန
## နေပြည်တော်-ရေဆင်း

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်ရှိပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဓာတ်ခွဲခန်းသုံးပစ္စည်း
- Lab Equipment (၅၇)မျိုး Lot - ၈ခု

(ခ) အခြားစက်ပစ္စည်း (၄၀)မျိုး Lot - ၅ခု

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၄-၅-၂၀၁၈ရက် (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရုံးချုပ်) စီမံခန့်ခွဲရေးဌာနစု

၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၈-၅-၂၀၁၈ရက် ညနေ ၄း၃၀နာရီ

၅။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၆၅၉၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ အောက်ဖော်ပြပါ ပစ္စည်းအား အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူမည်ဖြစ်ပါသည်-

(က) **ခေါ်ယူမည့်ပစ္စည်း** - Water Meter with Automated Meter Reading (AMR) System

(ခ) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၀၁၈ခုနှစ် မေ ၈ရက်

(ဂ) **တင်ဒါပိတ်မည့်ရက်** - ၂၀၁၈ခုနှစ် ဇွန် ၅ရက်

(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - ရေနှင့် သန့်ရှင်းမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(င) **တင်ဒါတစ်စုံရောင်းနှုန်း** - ၁၀၀၀၀ိ/-နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဌာနမှူး၊ ရေနှင့်သန့်ရှင်းမှုဌာန ဖုန်း-၀၂-၃၅၉၂၈၊ ၀၉-၉၇၇၁၀၀၇၀၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ပုသိမ်ခရိုင်တရားရုံးတော်၌
### ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၁၅၃

ဦးရဲမင်းသိန်း နှင့် ၁။ ဦးသန်းနိုင်
၂။ ဦးစိုးလွင်

တရားလို တရားပြိုင်များ

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ တာငါးဆယ်တောင်ရပ်ကွက်၊ ရွှေပြောင်ပြောင်လမ်း၊ အမှတ်(၁၅၄)နေ အမှတ်(၂)တရားပြိုင် ဦးစိုးလွင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကြီး ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် မေ ၁၈ ရက် (၁၃၈၀ပြည့်နှစ် နယုန်လဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် မေ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်စိုး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပုသိမ်ခရိုင်တရားရုံး**

## မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ် မစိုးရိမ်တိုက်သစ် စာအောင်ဆု ထာဝရငွေပဒေသာပင် ကျပ်သိန်း(၁)သောင်း စီမံကိန်း စာအောင်သံဃာတော်အရှင်သူမြတ်တို့အား (ဘဏ်တိုး)ဖြင့် (နှစ်စဉ်) စာအောင်ဆုလှူဒါန်းနိုင်ရန် စာအောင်ဆု ထာဝရငွေပဒေသာပင် ကျပ်သိန်း(၁)သောင်း စီမံကိန်းကို စတင်အကောင်အထည်ဖော်လျက်ရှိပါသည်

သို့ဖြစ်ရာ အလှူရှင်များအနေဖြင့် ကျပ်(၁)သိန်းနှင့် ကျပ်(၁)သိန်းအထက် စာအောင်ဆုထာဝရငွေပဒေသာပင်များကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်၍ စိုက်ထူလှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်**

(၁) နာယကဆရာတော်များ ဖုန်း-၀၉-၂၀၀၂၆၂၅(-၄-၃)
(၂) ဦးကင်းဝန် (ဂေါပက) ဖုန်း-၀၉-၅၃၀၂၁၃၇

အလှူရှင်များ၏ လှူဒါန်းငွေများကို (လစဉ်အလိုက်) သတင်းစာများမှ ဖော်ပြပေးသွားပါမည်။

| ဧပြီလအလှူရှင်စာရင်း | | | |
|---|---|---|---|
| ၁ | ဟင်းရွက်စုရွာ ရွာဦးကျောင်းဆရာတော် ဦးသောဘိတနှင့် တပည့်ဒါယကာ ဒါယိကာမများ | ဟင်းရွက်စုရွာ၊ ပုသိမ်ကြီးမြို့နယ် | 30000000 |
| ၂ | ဒုတိယဗိုလ်ချုပ်ကြီးဦးရဲမြင့်(ငြိမ်း)-ဒေါ်မြတ်ငွေသားသမီးမြေးမိသားစု | မန္တလေးမြို့ | 2500000 |
| ၃ | ကွယ်လွန်သူ ဖခင်ကြီးဦးညွှန့်မောင်-မိခင်စောတင်တို့အားရည်စူး၍ ကျန်ရစ်သူသားသမီးမြေးများ | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ | 1500000 |
| ၄ | ဦးမောင်ကို-သီရိသုဓမ္မသီင်္ဂီ ဒေါ်ရွှေဥ ထာဝရကုမ္ပဏီလီမိတက်နှင့် ရွှေဥသြ ရွှေဆိုင်မိသားစု | မန္တလေးမြို့ | 1000000 |
| ၅ | နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးမျိုးညွှန့်အောင်-ဒေါ်ယဉ်မင်းထွန်း သား ရော်နယ်အောင်မိသားစု | ရန်ကုန်မြို့ | 1000000 |
| ၆ | ဦးထွန်းအောင်ကျော်-ဒေါ်နွယ်နွယ်ရီ သမီးမနှင်းပွင့်ဖြူမိသားစု | ၂၈လမ်း၊ မန္တလေးမြို့ | 1000000 |
| ၇ | နှစ်ဖက်သောမိဘများကို အမှူးထား၍ ဦးကျော်ကျော်ဇင်-ဒေါ်ခင်ခင်ချောလွင် သမီး မအိမ့်မြတ်ချယ်၊ သား မောင်အောင်ဘုန်းခန့်မိသားစု | မန္တလေးမြို့ | 500000 |
| ၈ | ဖခင်ကြီး မိခင်ကြီးဒေါ်အေး၊ အစ်ကိုကြီးများဖြစ်သော ဦးအုန်းကြိုင်အေး၊ ဦးလှိုင်ဝင်းအေးတို့အားရည်စူး၍ ဒေါ်ခင်မွန်အေးမိသားစု | ရွှေတောင်ကြား(၂)၊ ဗဟန်းမြို့နယ် ရန်ကုန်မြို့ | 500000 |
| ၉ | ဦးမောင်မောင်အားရည်စူး၍ ဒေါ်ခင်မွန်အေးမိသားစု | ရွှေတောင်ကြား(၂)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ | 500000 |
| ၁၀ | ဦးခင်မောင်နီ-ဒေါ်ခင်ခင်သိန်းမိသားစု | မလွန်ရပ်၊ မန္တလေးမြို့ | 300000 |
| ၁၁ | ဦးမောင်စန်း-ဒေါ်ခင်ညိုမိသားစု | တိုက်(၁၃/၁၀၄)၊ အေးရိပ်မွန်(၁)လမ်း၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | 200000 |
| ၁၂ | ဦးအာစိဏ္ဏ | ဆုတောင်းပြည့်ကျောင်းတိုက်၊ ချောင်းဦးမြို့ | 200000 |
| ၁၃ | ဦးဝင်းအေး၊ ဦးမြင့်ဆွေ-ဒေါ်စန်းမြင့်မိသားစု | ရန်ကုန်မြို့ | 120000 |
| ၁၄ | ကွယ်လွန်သူနှစ်ဖက်မိဘများအားရည်စူး၍ ဦးတင်နု-ဒေါ်သီတာကျော် မိသားစု၊ ဦးတင်နု၏ (၆၃)နှစ်မြောက်မွေးနေ့အလှူ | မုံရွာမြို့ | 100000 |
| ၁၅ | ဦးအောင်ကြည်-ဒေါ်သန်းညွန့် သမီးဒေါ်နုနုယဉ်မိသားစု | အမှတ် ၁၄၅၄၊ ထူပါရုံ ၁၂ လမ်း၊ အရှေ့သာကေတ၊ ရန်ကုန်မြို့ | 100000 |
| ၁၆ | အရှင်ဣန္ဒောဘာသ | အောင်ရတနာကျောင်း၊ ပိတ္တောကျေးရွာ၊ ရွှေဘိုမြို့နယ် | 100000 |
| ၁၇ | ဖခင်ကြီးဦးတင်စ-မိခင်ကြီးဒေါ်ခလေးတို့အားရည်စူး၍ သမီးဒေါ်သင်းသင်းမာ နှင့်ညီအစ်ကိုမောင်နှမများ | ငဝန်ကျွန်သာ ၅လမ်း၊ ပုသိမ်မြို့ | 100000 |
| ၁၈ | ကွယ်လွန်သူ ဒေါ်ဆွေဆွေ(အထက-၁၊ ငြိမ်း)အား ရည်စူး၍ ကျန်ရစ်သူမိသားစု | မန္တလေးမြို့ | 100000 |
| ၁၉ | ဦးမောင်စိန်-ဒေါ်အမာစိန် သားမောင်ဇော်ဇော်၊ သမီးမဆွေဆွေ၊ မတင်နီလာထွန်း မိသားစု | သံ/အနောက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ | 100000 |
| ၂၀ | ဒေါ်တင်ယု မောင်နှမတစ်စု | အမှတ် ၅၃၊ သရက်မြိုင်လမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၂၁ | ကိုဇော်မင်းသန့်-မနီနီမင်းမြတ်မိသားစု | တိုက် ၁၆/၀၀၅၊ အေးရိပ်မွန် ၁ လမ်း၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၂၂ | ဦးပင်ဟုန်-ဒေါ်ကျင်မေမိသားစု | အသုတ်မြို့၊ ရေကြည်မြို့နယ် | 100000 |
| ၂၃ | ကိုကျော်သူ-မနန်းစန္ဒာ သား မောင်သူရကျော်၊ သမီးမကြေယ်ဇင်လင်းမိသားစု | ရတနာပုံဈေး၊ မန္တလေးမြို့ | 100000 |
| ၂၄ | ဦးဓမ္မောဒယ | မစိုးရိမ်ကျောင်းတိုက်၊ ဆင်တဲတိုက်၊ အရှေ့ပြင်၊ မန္တလေးမြို့ | 100000 |
| ၂၅ | ဒေါ်ခင်ခင်၊ ဦးမျိုးမြင့်အောင် | အမှတ် ၁၇၀၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၂၆ | ဖခင်ကြီးဦးကျော်ငန်း-မိခင်ကြီးဒေါ်လှနှင့် ခင်ပွန်း ဦးအောင်ကြည်တို့အား ရည်စူး၍ ဒေါ်တင်တင်ဝင်းမိသားစု | အမှတ် ၁၅၊ ခတ္တာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၂၇ | အဖဦးအေးမောင်-အမိဒေါ်တင်ယုံနှင့် အစ်ကိုဦးအေးကျော်တို့အားရည်စူး၍ ဒေါ်အေးမြင့်မိသားစု | တိုက် ၂၁၊ အခန်း ၄၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၂၈ | ကွယ်လွန်သူနှစ်ဖက်မိဘများနှင့် ဆွေမျိုးတို့အားရည်စူး၍ ဦးကျော်စိုး-ဒေါ်စန္ဒာဝင်း နှင့် ကျန်ရစ်သူမိသားစု | အမှတ် ၁၃/၆-A၊ သခင်ဘစိန်လမ်း၊ (၃၁)ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့ | 100000 |
| ၂၉ | ဦးအောင်စိုး-ဒေါ်ဆွေဆွေနှင်း သမီးမဟန်နီအောင်စိုး၊ သားမောင်အောင်ကောင်းမြတ် မိသားစု | အမှတ် ၁၁၊ (၆)လွှာ၊ ၁၄၆ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၃၀ | ဦးမျိုးညွှန့်-ဒေါ်ခင်ခင်အေးမိသားစု နှစ်ဦးအလှူ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၃၁ | ကိုဇေယျာမျိုးညွှန့် မွေးနေ့အလှူ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၃၂ | ဒေါ်ခင်ဌေးမိသားစု အသက်(၇၀)ပြည့် မွေးနေ့အလှူ | အမှတ် ၇၉၁၊ (၃၁)ရပ်ကွက်၊ ဗိုလ်ဗလလမ်း၊ ဒဂုံမြောက်ပိုင်း၊ ရန်ကုန်မြို့ | 100000 |
| ၃၃ | ပညာရိပ်သာကျောင်း ဆရာတော် ဦးဣန္ဒာစာရနှင့် ဒါယကာ ဒါယိကာမများ | ပညာရိပ်သာကျောင်း၊ အမှတ်(၂)ဝိုင်းကျောင်းတိုက်၊ ပါရမီလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၃၄ | ကွယ်လွန်သူဦးရွှေအားရည်စူး၍ ဒေါ်မူမူမြင့် သားမောင်နေဦးမိသားစု | အမှတ် ၉၊ ဒုတိယထပ်၊ (၁၀၆)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၃၅ | ဓမ္မသဟာယအဖွဲ့ | မန္တလေးမြို့ | 100000 |
| ၃၆ | ဦးဇော်လွင်-ဒေါ်စုစု သမီးမသီရိဇော် ဝါဝါဝင်းရတနာရွှေဆိုင်မိသားစု | တောင်ငူမြို့ | 100000 |
| ၃၇ | တရားလွှတ်တော်ရှေ့နေကြီး ဦးသောင်းလွင်(အင်္ဂလိပ်စာ) အသက်(၈၀)ပြည့် မွေးနေ့အလှူ | ၃၀လမ်း၊ ၉၀လမ်း၊ မန္တလေးမြို့ | 100000 |
| ၃၈ | ဦးပညာတိက္ခ စစ်ကိုင်းတိုင်းဒေသကြီး၊ အကျိုးတော်ဆောင်ဆရာတော် | တတိယဂျိုးဖြူကျောင်း၊ မဟာဇောတိကာရာမပါဠိတက္ကသိုလ်စာသင်တိုက်၊ မုံရွာမြို့ | 100000 |
| ၃၉ | ဦးစိုးမြင့်-ဒေါ်စန်းစန်းတင့် သားသမီးမြေးမိသားစု | အမှတ် ၃၉၊ ၃/ခ၊ ဂန္ဓမာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၄၀ | ဒေါက်တာအောင်ကျော်စိုး | အမှတ် ၂၄၅၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | 50000 |
| ၄၁ | ဒေါ်ချိုချိုခိုင် | ကျားမင်းပွဲရုံ၊ ဘုရင့်နောင်၊ ရန်ကုန်မြို့ | 50000 |
| ၄၂ | ဦးဝင်းတင့်အောင်-ဒေါ်နှင်းဝေခိုင် သားမောင်သုမိသားစု | အမှတ် ၁၇၀၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ | 50000 |
| ၄၃ | မတင်တင်ဦး | အမှတ် ၅၃၊ ဝတ်ကျောင်းလမ်း၊ ရေကျော်ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ | 50000 |
| ၄၄ | မောင်ထွန်းလင်းကျော်၊ မခိုင်ဖြိုးလှိုင်၊ မသန်းသန်းမြင့် | အမှတ် ၁၇၀၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ | 30000 |
| | | | 42150000 |

## အမည်ပြောင်း

အထက-၁(စစ်တွေ)မှ သတ္တမတန်း အောင်မြင်သူ (ဘ) ဦးမောင်တင်လှ ၁၁/စတန(နိုင်)၀၇၅၄၆၀၏သမီး မဖြိုးအိခိုင်အား မအေးမြတ်သီင်္ဂီဟု ပြောင်းလဲခေါ်ပါရန်။ **မအေးမြတ်သီင်္ဂီ**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ မြိုင်သာယာ အထလ(ခွဲ) အဋ္ဌမတန်းမှ မဝင်းမာခိုင်၏ ဖခင်အမည်မှန်မှာ ဦးဘိုပု ၉/ရမသ(နိုင်)၀၆၄၁၄၅ ဖြစ်ပါကြောင်း။ **ဦးဘိုပု**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အလက (၃) ပဉ္စမတန်း(အောင်) မှ မောင်မျိုးလှိုင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးမင်းထွန်း ၅/အရတ(နိုင်)၀၈၄၀၂၄ ဖြစ်ပါကြောင်း။ **ဦးမင်းထွန်း**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက (၃) နဝမတန်း(အောင်) မှ မောင်ညီမင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်အေး ၅/ကလထ(နိုင်) ၁၉၈၂၁၀ ဖြစ်ပါကြောင်း။ **ဦးအောင်နိုင်အေး**

## ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ လုံးခင်း၊ ကံဆီးကျေးရွာ၊ အထက (ခွဲ-ကံဆီး)၊ နဝမတန်းအောင်မှ မောင်ဝင်းလှိုင်ဦးနှင့် တတိယတန်းအောင်မှ မောင်သိန်းအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်ဝင်း ၅/ပလန(နိုင်)၀၆၇၉၂၃ ဖြစ်ပါသည်။

## အမည်ဖြည့်စွက်ခေါ်ဆိုပါရန်

မြစ်ကြီးနားမြို့၊ အထက (စီတာပူ)၊ သတ္တမတန်းအောင်မှ မခေါ်နစင်နှင့် အမက (မူလွန်) ဒုတိယတန်းအောင်မှ မဘောက်ဆိုင်းအိန်တို့၏ဖခင် ဦးဘရန်အောင် ၁/မကန(နိုင်)၁၁၀၉၈၉ အား ဦးပဆီဘရန်အောင်ဟု ဖြည့်စွက်ခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အလက (၁-ရမ်ပူ)၊ ဆဋ္ဌမတန်း(B)အောင်မှ မယုယုဟန်၏ ဖခင်အမည်မှန်မှာ ဦးရန်မျိုးနိုင် ၅/ရဘန (နိုင်) ၁၉၁၁၂၇ ဖြစ်ပါသည်။

## အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (ပလန) နဝမတန်းမှ မမေသူဇာအောင်၏ အမည်မှန်မှာ မမေသဇင်အောင် ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ကြောင်း

၉/ပမန(နိုင်)၂၂၃၄၆၉ ကိုင်ဆောင်သူ ဦးမင်းဦး (ခ) ဦးသက်မင်းဦးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမင်းဦး (ခ) ဦးသက်မင်းဦး**

## အမည်ပြောင်း

ဦးထန်ဘိခ်-ဒေါ်ဆွေဆွေတို့၏ သမီး ရန်ကုန်ဒဂုံတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးဌာန (တတိယနှစ်)မှ မနှင်းသန္တာကျော်အား ယနေ့မှစ၍ မနီယန်လှေဆုန်ဟု ပြောင်းလဲခေါ်ပါရန်။ **မနီယန်လှေဆုန်**

## အမည်ပြောင်း

ဦးလှိုင်ဝင်း ၁၂/ဒဂရ(နိုင်)၀၂၃၂၄၈၏သား ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် အမက(၇) စတုတ္ထတန်းB မှ မောင်ကျော်ဇင်ဟိန်းအား မောင်မြတ်သောမောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်မြတ်သောမောင်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/6686 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

# ဒုတိယအကြိမ် မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲကျင်းပပြီးစီး

**ရန်ကုန် မေ ၆**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ကြီးမှူး၍ "မြန်မာ့ဒီမိုကရေစီ နိုင်ငံတော်နှင့် စတုတ္ထမဏ္ဍိုင် ပီပြင်စွာရပ်တည်ရေး" ခေါင်းစဉ်ဖြင့် ဒုတိယအကြိမ် မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း၌ ဆက်လက်ကျင်းပသည်။

ဒုတိယနေ့ နံနက်ပိုင်းစာတမ်းဖတ်ပွဲကို ကျင်းပရာ သဘာပတိများအဖြစ် စာတမ်းဖတ်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဦးအုန်းကြိုင် (ဟံသာဝတီဦးအုန်းကြိုင်)၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ဒေါက်တာဇော်သန်းနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ဦးမျိုးကိုမျိုး တို့က ဆောင်ရွက်ကြပြီး စာတမ်းရှင်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် စာတမ်းရှင် ဒေါက်တာမောင်မောင်စံက **"ဂျင်မီတို့ကမ္ဘာ၊ ကျွန်တော်တို့ရဲ့ကမ္ဘာ"** စာတမ်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးမြတ်ခိုင်က

*စာမျက်နှာ ၇ ကော်လံ ၁* ✻



ရွှေကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့ထွက်ရှိနေမှုကို တွေ့ရစဉ်။ (သတင်း - စာ-၄) သတင်းစဉ်

## ဧရာဝတီမြစ်ရေတက်နိုင်မှုကြောင့် မြစ်ကြောင်းအတွင်းသွားလာသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများ ဂရုပြုသင့်

**နေပြည်တော် မေ ၆**

ဧရာဝတီမြစ်ရေသည် မေ ၆ ရက် ညနေ ၃ နာရီခွဲ တိုင်းထွာချက်အရ မြစ်ကြီးနားမြို့တွင် ၃၉၅ စင်တီမီတာသို့ရောက်ရှိခဲ့ပြီး တစ်ရက်အတွင်း ၆ ပေခန့် မြင့်တက်ခဲ့သည်။

**လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်**

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်မှ သုံးရက်အတွင်း ဗန်းမော်မြို့ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် လေးပေမှ ငါးပေခန့်၊ နောက်သုံးရက်မှ ခုနစ်ရက်အတွင်း သပိတ်ကျင်းမြို့ မန္တလေးမြို့ စစ်ကိုင်းမြို့ မြင်းမူမြို့ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် နှစ်ပေခွဲမှ သုံးပေခွဲခန့်၊ နောက် ၆ ရက်မှ ၁၂ ရက်အတွင်း ချောက်မြို့ မင်းဘူးမြို့ မကွေးမြို့ အောင်လံမြို့ ပြည်မြို့ ဆိပ်သာမြို့ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မြစ်ရေရုတ်တရက်တိုးလာနိုင်**

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများအတွင်း စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေရုတ်တရက်တိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

မိုး/ဇလ

---

**အင်းမမြို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်နှင့် လျှပ်စစ်မီးတိုင်များ ပြိုလဲပျက်စီး**

စာ » ၁၁

**ကျိုင်းတုံတွင် နေအိမ်တစ်လုံးမီးလောင် အိပ်နေသည့် ကလေးငယ်နှစ်ဦး သေဆုံး**

စာ » ၁၂

## မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း စင်ကာပူအသင်းနှင့် ယနေ့ကစားမည်

**ရန်ကုန် မေ ၆**

၂၀၁၈ အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် တတိယပွဲအဖြစ် မေ ၇ ရက် **(ယနေ့)** မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် စင်ကာပူ ယူ-၁၆ အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယနေ့ယှဉ်ပြိုင်မည့်ပွဲမှာ မြန်မာအမျိုးသမီးအသင်းအတွက် ဆီမီးဖိုင်နယ် တက်ရောက်ရန် အရေးပါလျက်ရှိပြီး အနိုင်ရပါက နောက်တစ်ဆင့်တက်ရောက်ရန် အခြေအနေကောင်းသွားမည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် အဖွင့်ပွဲတွင် ဗီယက်နမ်အသင်းနှင့် ဂိုးမရှိသရေကျသော်လည်း ဒုတိယပွဲတွင် မလေးရှားကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသောကြောင့် ဆီမီးဖိုင်နယ် တက်ရောက်ရန် အခြေအနေကောင်းသွားခြင်းဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် နှစ်ပွဲကစား လေးမှတ်ရထားပြီး ဆီမီးဖိုင်နယ် တက်ရောက်ရန် ဗီယက်နမ်၊ မလေးရှားတို့နှင့် အပြိုင်လုရဖွယ်ရှိနေသည်။ မြန်မာအသင်းသည် စင်ကာပူအသင်းကို အနိုင်ရပါက မလေးရှား

*စာမျက်နှာ ၁၃ ကော်လံ ၁* ✻

## အာရှနဂါးလှေပြိုင်ပွဲတွင် မြန်မာလှေလှော်အသင်း ရွှေတံဆိပ်နှစ်ခု ဆွတ်ခူးထား

ရန်ကုန် မေ ၆

**၂၀၁၈ အာရှနဂါးလှေပြိုင်ပွဲကို တရုတ်(တိုင်ပေ)၌ ကျင်းပလျက်ရှိရာ မေ ၆ ရက်ပွဲစဉ်များအပြီးတွင် မြန်မာလှေလှော်အသင်းက ရွှေတံဆိပ်နှစ်ခု ဆွတ်ခူးရရှိထားသည်။**

မြန်မာ လှေလှော်အသင်းသည် ယင်းပြိုင်ပွဲတွင် လက်စွမ်းပြနေပြီး ပထမနေ့တွင် ရွှေတစ်ခု၊ ဒုတိယနေ့တွင် ရွှေတစ်ခုဆွတ်ခူး ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာလှေလှော်အဖွဲ့သည် မေ ၅ ရက်က ကျင်းပသည့် ပထမနေ့တွင် မီတာ ၂၀၀ အမျိုးသား+အမျိုးသမီး ၁၀ တက်လှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်ရခဲ့ပြီး ဖိလစ်ပိုင်က ဒုတိယ၊ တရုတ်(တိုင်ပေ)က တတိယရခဲ့သည်။



အာရှနဂါးလှေပြိုင်ပွဲဝင် မြန်မာလှေလှော်အသင်း။ ဓာတ်ပုံ-လှေလှော်အဖွဲ့ချုပ်

မေ ၆ ရက်က ကျင်းပသည့် ဒုတိယနေ့တွင် မြန်မာလှေလှော်အသင်းသည် မီတာ ၅၀၀ အမျိုးသား+ အမျိုးသမီး ၁၀ တက်လှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်ထပ်မံဆွတ်ခူးခဲ့ပြီး တရုတ်(တိုင်ပေ) ကလပ်အသင်းများက ဒုတိယနှင့် တတိယရခဲ့သည်။ ပြိုင်ပွဲတတိယနေ့ကို မေ ၇ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး

*စာမျက်နှာ ၁၃ ကော်လံ ၁* ❒

'ရလဒ်' ကောင်းဖို့ 'ကျောင်းကောင်း' ရွေးပါ
သုဉ်သန်းနိုင် တည်ထောင်သည့်
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကက-၁၃/၄၄/၀၆၂)
ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ကျောင်း ၁ ခြံအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀
မင်္ဂလာ
ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ကျောင်း ၂ အမှတ် (၁၅၉/၁၆၁)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း ၀၉ ၄၀၀ ၉၈ ၈၉ ၂၀ - ၂၅
ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။ STUDY GUIDE နှင့် စာသင်၊ စာကျက်၊ စာစစ် စီစဉ်ပေးသည်။
၁၀ တန်း(မတ် ၁၄)၊ ၉ တန်း(ဧပြီ ၂၆)၊ ၈၊၇၊၆၊၅ တန်း (မေ ၃) စမည်။ ကျောင်းကား(ကြို/ပို့) ferry စီစဉ်ပေးသည်။
၂၀၁၈ - ၂၀၁၉ ပညာသင်နှစ် အတွက်
ကျောင်းအပ် လက်ခံပါပြီ
ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ
အဆင့်မြင့် ဘော်ဒါ
ပဥ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ဧပြီ ၂၆ ကျောင်းသူ၊ ဧပြီ ၂၈ ကျောင်းသား ဘော်ဒါ စ,ဝင်ရမည်]
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊
FORWARD အဆင့်မြင့် စာသင်ဝိုင်း
၁၀ တန်း၊ ၉ တန်း၊ ၈ တန်း(ဘာသာစုံ)
၁၀ တန်း [ ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း ] အထူးသီးသန့် ရှိသည်။
၁၀ တန်း(မတ် ၁၄)၊ ၉ တန်း(ဧပြီ ၂၆)၊
၈ တန်း(ဧပြီ ၂၈) စ,မည်။
ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၈၅ ၀၉၇၊
ကျောင်း(သို့) ဘော်ဒါ (သို့) စာသင်ဝိုင်း ကြိုက်ရာ ရွေးချယ် အပ်နှံနိုင်သည်။
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

မြန်မာ့အလင်း
တနင်္လာ၊ မေ ၇၊ ၂၀၁၈

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။



၂၇-၇-၂၀၁၇ ရက်က ကျင်းပသည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်။

## နိုင်ငံတော်အစိုးရသစ်၏ (၂) နှစ်တာကာလအတွင်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ

**သတင်းအဖွဲ့**

**နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေအား မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-**

**မေး။ ။ ပထမဆုံးအနေနဲ့ အတိုင်ပင်ခံရုံးရဲ့ လုပ်ငန်းတာဝန်တွေကို သိပါရစေ။**

ဖြေ။ ။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကို ၂၀၁၆ ခုနှစ် ဧပြီ ၆ ရက်က ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။ အဓိက ဆောင်ရွက်မှုတွေကတော့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေပုဒ်မ (၃) ပြဋ္ဌာန်းချက်ပါအတိုင်း ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊ ဈေးကွက်စီးပွားရေးစနစ်ထွန်းကားရေး၊ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေး၊ ပြည်ထောင်စု ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ ဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးဌာန အနေနဲ့က ဦးတည်ဆောင်ရွက်နေတဲ့ ချမှတ်ထားတဲ့ ရည်မှန်းချက်ပန်းတိုင်များကတော့ ငြိမ်းချမ်းရေး၊ စီးပွားရေး သာယာဝပြောရေးနဲ့ ဒီမိုကရေစီရေး ဆိုပြီး ပန်းတိုင်သုံးခု ဖြစ်ပါတယ်။ အတိုကောက် အနေနဲ့ Peace-Prosperity-Democracy - PPD ဖြစ်ပါတယ်။

**မေး။ ။ ဟုတ်ကဲ့ခင်ဗျ။ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်မှုတွေကိုလည်း သိပါရစေ။**

ဖြေ။ ။ လက်ရှိအစိုးရတာဝန်ယူတဲ့ အချိန်က စပြီး မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဦးစားပေးမူဝါဒအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းတွေကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကို ဖွဲ့စည်းခဲ့ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနက ချမှတ်ပေးတဲ့ မူဝါဒတွေကို အကောင်အထည်ဖော်ဖို့နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ငြိမ်းချမ်းရေးဆွေးနွေး ညှိနှိုင်းနိုင်ဖို့ ငြိမ်းချမ်းရေးကော်မရှင် ကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

**အပြန်အလှန် နားလည်မှု၊ ယုံကြည်မှု**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) မှာ လက်မှတ်ရေးထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေး ရရှိဖို့အတွက် NCA ပါပြဋ္ဌာန်းချက်တွေနဲ့အညီ အကောင်အထည်ဖော်ရေးကိစ္စတွေကို နှစ်ဖက်ညှိနှိုင်းဆောင်ရွက်နေသလို တစ်ဖက်မှာလည်း NCA လက်မှတ်ရေးထိုးခြင်း မပြုရသေးတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကို ဖွင့်လှစ်ထားပြီးတော့ အပြန်အလှန် နားလည်မှု၊ ယုံကြည်မှုတွေ တိုးမြှင့်နိုင်ဖို့ စဉ်ဆက်မပြတ် ထိတွေ့ဆောင်ရွက်လျက်ရှိပါတယ်။

လက်နက်ကိုင်ပဋိပက္ခတွေ မြစ်ဖျားခံရာ ဇာစ်မြစ်ဖြစ်တဲ့ နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းနိုင်ဖို့အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ - UPDJC က နိုင်ငံရေးဆွေးနွေးပွဲတွေကို တာဝန်ယူဆောင်ရွက်ခဲ့ရာ အစိုးရသစ်လက်ထက်မှာ UPDJC အစည်းအဝေးတွေကို ၁၄ ကြိမ် ကျင်းပနိုင်ခဲ့ပြီးတော့ လက်နက်ကိုင်လမ်းစဉ်ကနေ စားပွဲဝိုင်းဆွေးနွေးပွဲ ယဉ်ကျေးမှုကို တက်လှမ်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

**ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်**

NCA စာချုပ်မှာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းဖို့နဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပဆောင်ရွက်ဖို့ဆိုတဲ့ အရေးကြီးတဲ့ လုပ်ငန်းတာဝန်ကြီးနှစ်ရပ် ရှိပါတယ်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဆက်လက်ထိန်းသိမ်းရေးကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ဖို့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (Joint Ceasefire Monitoring Committee-JMC)ကို တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ အများယုံကြည်လေးစားတဲ့ အရပ်သား ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားပါတယ်။

**မေး။ ။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအစည်းအဝေးတွေနဲ့ ပတ်သက်ပြီးတော့လည်း သိပါရစေ။**

ဖြေ။ ။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံပထမအစည်းအဝေး

*အချပ်ပို (ခ) သို့*

*အချုပ်ပို (က) မှ*

ကို ၂၀၁၆ ခုနှစ် ဩဂုတ် ၃၁ ရက်ကနေ စက်တင်ဘာ ၃ ရက်အထိ ကျင်းပနိုင်ခဲ့ပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း ကိုယ်တိုင် တက်ရောက် အမှာစကားပြောကြားခဲ့တဲ့အပြင် NCA ရေးထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေသာမက NCA လက်မှတ်မရေးထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေပါ တက်ရောက်ခဲ့ကြပါတယ်။

**သိမြင်ကြားသိခွင့်ရ**

ညီလာခံကျင်းပပုံတွေကို ရုပ်မြင်သံကြားကနေ တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့တဲ့အတွက် နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ပြည်သူများအနေနဲ့ တိုင်းရင်းသားပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံရဲ့ရပ်တည်ချက်သဘောထားတွေကို သိရှိခွင့်ရခဲ့ပြီး လူထုစိတ်ဝင်စားမှု အရှိန်အဟုန်မြင့်တက်လာစေပါတယ်။ ပြီးတော့ နှစ်ပေါင်းများစွာအတွင်းမှာ မတူကွဲပြားနေခဲ့တဲ့ တိုင်းရင်းသားတွေရဲ့အမြင်တွေကို ပြည်သူတစ်ရပ်လုံး သိမြင်ကြားသိခွင့် ရရှိခဲ့ပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစု ပင်လုံဒုတိယအစည်းအဝေးကို ၂၀၁၇ ခုနှစ် မေ ၂၄ ရက်ကနေ ၂၉ ရက်အထိ ကျင်းပခဲ့ပါတယ်။ ညီလာခံတက်ရောက်သူ ၇၀၀ နဲ့ ကျင်းပပြုလုပ်နိုင်ခဲ့ပြီးတော့ နိုင်ငံရေးသဘောတူညီချက်တွေကို စတင်ဆွေးနွေး အတည်ပြုနိုင်ခဲ့တဲ့ (၂၁) ရာစု ပင်လုံညီလာခံအဖြစ် မှတ်ယူနိုင်ပါတယ်။

နိုင်ငံရေးဆွေးနွေးပွဲတွေက ရရှိလာတဲ့ သဘောထားစုစည်းချက်တွေကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံဒုတိယ အစည်းအဝေးမှာ မူဝါဒအဆိုပြုလွှာတွေအဖြစ် အဆိုပြုတင်သွင်းခဲ့ပါတယ်။ အဲဒီ မူဝါဒအဆိုပြုချက်တွေအပေါ် ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများအဆင့်ဆင့် ကျင်းပပြုလုပ်ခဲ့ပြီး ရရှိလာတဲ့ အဆိုပြုချက်တွေကို ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းတွေအဖြစ် သဘောတူညီမှု ရရှိခဲ့ပါတယ်။

**ပြည်ထောင်စုသဘောတူစာချုပ်**

ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)မှာ နိုင်ငံရေးကဏ္ဍ မူဝါဒသဘောတူညီချက် (၁၂) ချက်၊ စီးပွားရေးကဏ္ဍ မူဝါဒသဘောတူညီချက် (၁၁) ချက်၊ လူမှုရေးကဏ္ဍ မူဝါဒသဘောတူညီချက် (၄)ချက်၊ မြေယာနဲ့ သဘာဝပတ်ဝန်းကျင်ကဏ္ဍ မူဝါဒသဘောတူညီချက် (၁၀) ချက် စုစုပေါင်း (၃၇) ချက် ပါဝင်ပါတယ်။ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)ကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အပိုဒ် ၂၀၊ အပိုဒ်ခွဲ(င) အရ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံဒုတိယအစည်းအဝေးမှာ အစုအဖွဲ့အသီးသီးရဲ့ ခေါင်းဆောင်တွေနဲ့ အသိသက်သေတွေက ၂၀၁၇ ခုနှစ် မေ ၂၉ ရက်မှာ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။



**၂၄-၄-၂၀၁၈ ရက်က နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E.Mr.Song Tao ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။**

**အောင်မြင်မှုရလဒ်**

အစိုးရသစ်လက်ထက်မှာ နိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပပေးနိုင်တဲ့အပြင် နိုင်ငံရေးသဘောတူညီချက်တွေ စတင်ရရှိအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့တဲ့အတွက် အမှန်တကယ် စိတ်တူကိုယ်တူ စုပေါင်းအင်အားနဲ့ ကြိုးပမ်းကြရင် မဖြစ်နိုင်တာမရှိဆိုတဲ့ သဘောတရားကို လက်တွေ့ပြသနိုင်ခဲ့တဲ့ ကြီးမားတဲ့ ငြိမ်းချမ်းရေးခရီးစဉ် အောင်မြင်မှုရလဒ်ပဲ ဖြစ်ပါတယ်။

**မေး။ ။ ငြိမ်းချမ်းရေးနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်မှုတွေကိုလည်း သိပါရစေ။**

ဖြေ။ ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဗဟိုဌာန အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကတင်ပြတဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်တွေကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနတွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်တာတွေ ပံ့ပိုးဆောင်ရွက်ပေးလျက် ရှိပါတယ်။

**ပံ့ပိုးဆောင်ရွက်ပေး**

ပဋိပက္ခကျရောက်ခဲ့ရတဲ့ဒေသတွေအတွင်းက တိုင်းရင်းသားပြည်သူတွေရဲ့ စားဝတ်နေရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေက ထောက်ပံ့ပေးနေပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဗဟိုဌာနက ရန်ပုံငွေ၊ ပြည်တွင်း ပြည်ပအလှူရှင်တွေရဲ့ လှူဒါန်းငွေတွေနဲ့ တိုင်းရင်းသားပြည်သူတွေရဲ့စားဝတ်နေရေး လိုအပ်ချက်တွေကို ပံ့ပိုးဆောင်ရွက်ပေးလျက် ရှိပါတယ်။

တိုင်းရင်းသားဒေသတွေမှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်ဖို့နဲ့ ငြိမ်းချမ်းရေးရန်ပုံငွေတွေကို အကျိုးရှိစွာ အသုံးပြုနိုင်ဖို့အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ဖို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (JCB) ကို ဖွဲ့စည်းခဲ့ပြီး ပဋိပက္ခဒဏ်ခံစားခဲ့ရတဲ့ ဒေသတွေမှာ စီးပွားရေးလုပ်ငန်းတွေကို Public Private Partnership (PPP) ပုံစံ ဆောင်ရွက်နိုင်ဖို့၊ ဈေးကွက်သဘောတရားနဲ့အညီ ဆောင်ရွက်နိုင်ဖို့နဲ့ ဆောင်ရွက်ပုံ ဆောင်ရွက်နည်းတွေ သိရှိနားလည်စေဖို့ ဆွေးနွေးပွဲတွေ ကျင်းပခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အထောက်အကူပြုနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

**မေး။ ။ NCA မှာ မွန်ပြည်သစ်ပါတီနဲ့ လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့လည်း ပါဝင် လက်မှတ်ရေးထိုးလာခဲ့ပါတယ်။ နောက်ထပ် NCA မှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ ပါဝင်လက်မှတ်ရေးထိုးနိုင်မယ့် အခြေအနေတွေနဲ့ ပတ်သက်ပြီး သိပါရစေ။**

ဖြေ။ ။ NCA မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ပါဝင်လက်မှတ်ရေးထိုးနိုင်ဖို့ ငြိမ်းချမ်းရေးကော်မရှင်ဟာ UNFC ရဲ့ အဆိုပြုချက် ရှစ်ချက်ကို အခြေခံပြီး UNFC ရဲ့ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ - DPN နဲ့အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲ ကိုးကြိမ်နဲ့ တရားဝင်ဆွေးနွေးပွဲ ကိုးကြိမ် ကျင်းပနိုင်ခဲ့ပြီး NCA မှာပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။

**နှစ်ဖက်သဘောတူလက်မှတ်ရေးထိုး**

ဆွေးနွေးမှုရလဒ်တွေအရ မွန်ပြည်သစ်ပါတီနဲ့ လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့က သဘောတူညီချက် ရှစ်ချက်ကို သဘောတူခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှာ ငြိမ်းချမ်းရေးကော်မရှင်နဲ့ မွန်ပြည်သစ်ပါတီ၊ လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့အကြား နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးခဲ့ပါတယ်။ တစ်ဆက်တည်းမှာပဲ သဘောတူညီချက် ရှစ်ချက်ကို သဘောတူညီပြီးပါက NCA မှာ ပါဝင် လက်မှတ်ရေးထိုးဖို့ သဘောတူညီမှုရရှိခဲ့ပါတယ်။

ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားတဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မှာ မွန်ပြည်သစ်ပါတီနဲ့ လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့က NCA မှာ ပါဝင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှာ နေပြည်တော်မှာရှိတဲ့ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) မှာ ကျင်းပခဲ့ရာ နိုင်ငံတော်အကြီးအကဲတွေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေ၊ ပြည်တွင်း ပြည်ပ အသိသက်သေတွေက လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

လက်ရှိအစိုးရသစ်လက်ထက်မှာ NCA လမ်းကြောင်းနဲ့ ငြိမ်းချမ်းရေးခရီးလမ်းကို ပထမဆုံး လျှောက်လှမ်းလာတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

**တရားဝင်တွေ့ဆုံဆွေးနွေး**

ဆက်လက်ပြီးတော့လည်း ကရင်နီတိုးတက်ရေးပါတီ (KNPP) နဲ့လည်း NCA လက်မှတ်ရေးထိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒါ့အပြင် UWSA “ဝ” အထူးဒေသ (၂)၊ အထူးဒေသ (၄)၊ မိုင်းလား၊ KIA - KIO အဖွဲ့တွေနဲ့လည်း အလွတ်သဘော တွေ့ဆုံမှုတွေ ဆောင်ရွက်နေပြီး NCA မှာ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ငြိမ်းချမ်းရေးကော်မရှင် အနေနဲ့လည်း SSPP ဝမ်ဟိုင်း အဖွဲ့နဲ့လည်း တရားဝင်တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်ပြီး နိုင်ငံရေးစားပွဲဝိုင်းပေါ် ရောက်လာအောင် ကြိုးပမ်းနေပါတယ်။

**အလွတ်သဘောတွေ့ဆုံမှု**

ကျွန်တော်တို့ရဲ့ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံရေးဆွေးနွေးမှုတွေ ဖြစ်ပေါ်လာဖို့၊ ပစ်ခတ်တိုက်ခိုက်မှုတွေ ရပ်စဲနိုင်ဖို့အတွက် NCA ထီးရိပ်အောက်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ပါနိုင်သမျှ ပါဝင်လာအောင်၊ ညီလာခံစားပွဲဝိုင်းပေါ်ကို ပါဝင်သင့်သူအားလုံး ရောက်ရှိလာအောင် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုတွေ ဆောင်ရွက်နေတာ ဖြစ်ပါတယ်၊ ဆက်လက်ပြီးတော့လည်း အလွတ်သဘော တွေ့ဆုံမှုတွေ၊ တရားဝင် ဆွေးနွေးညှိနှိုင်းမှုတွေကို အလေးပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ယခုအစိုးရလက်ထက်မှာ NCA ဖြတ်သန်းခဲ့တဲ့ ၂ နှစ်တာသက်တမ်းနဲ့ အနာဂတ် မျှော်မှန်းချက်တွေကိုလည်း သိပါရစေ။**

ဖြေ။ ။ (၂) နှစ်တာသက်တမ်း ကာလအတွင်း မွန်ပြည်သစ်ပါတီနဲ့ လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ NCA မှာ ပါဝင်လက်မှတ်ရေးထိုးလာခဲ့ပါတယ်။ ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအတွက်လည်း ငြိမ်းချမ်းရေးတံခါး အမြဲတမ်းဖွင့်လှစ်ထားဆဲဖြစ်ပါတယ်။ NCA မှာ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆက်လက်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

*အချုပ်ပို (ဂ) သို့*



**၁၆-၂-၂၀၁၈ ရက်က ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဥရောပပါလီမန် လူ့အခွင့်အရေးဆပ်ကော်မတီဥက္ကဋ္ဌ Mr. Pier Antonio Panzeri ဦးဆောင်သည့် ဥရောပပါလီမန်ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။**

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ



*အချပ်ပို (ခ) မှ*

နောက်ထပ် ကျင်းပမယ့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အစည်းအဝေးတွေမှာ ဖက်ဒရယ်ဆိုင်ရာအခြေခံမူများ ချမှတ်နိုင်ဖို့နဲ့ ဖက်ဒရယ်အုတ်မြစ် ခိုင်ခိုင်မာမာ စိုက်ထူနိုင်ဖို့ ရည်မှန်းကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။

**မေး။ ။ငြိမ်းချမ်းရေးစကားဝိုင်းတွေကိုလည်း ငြိမ်းချမ်းရေး အထောက်အကူပြု ကျင်းပပေးလျက်ရှိပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့လည်း သိပါရစေ။**

ဖြေ။ ။ငြိမ်းချမ်းရေးရခြင်း၊ မရခြင်းရဲ့အကျိုးဆက်ကို အများဆုံးခံစားရမယ့်သူတွေဟာ အနာဂတ် မျိုးဆက်သစ်လူငယ်တွေဖြစ်လို့ မျိုးဆက်သစ်လူငယ်တွေအတွက် ရည်ရွယ်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လူငယ်တွေနဲ့ တွေ့ဆုံပြီး ငြိမ်းချမ်းရေးစကားဝိုင်း (Peace Talk) ကို နေပြည်တော်မှာ သုံးကြိမ်၊ ရှမ်းပြည်နယ် ပင်လုံမြို့မှာတစ်ကြိမ်၊ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာမှာ တစ်ကြိမ်၊ ကယားပြည်နယ် လွိုင်ကော်မြို့မှာ တစ်ကြိမ်၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့မှာ တစ်ကြိမ်၊ စုစုပေါင်း ခုနစ်ကြိမ် ကျင်းပပြုလုပ်ခဲ့ပါတယ်။

**မေး။ ။ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ အလွတ်သဘောဆွေးနွေးပွဲတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေနဲ့ ပြည်ပလေ့လာရေးခရီးစဉ်တွေ သွားရောက်ခဲ့တယ်လို့ သိရပါတယ်။ အဲဒါနဲ့ ပတ်သက်လို့လည်း သိပါရစေ။**

ဖြေ။ ။နှစ်ပေါင်းများစွာဖြစ်ပွားခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းဖို့ တစ်ခုတည်းသောအဖြေဟာ လက်ရှိမြန်မာနိုင်ငံနဲ့ လိုက်လျောညီထွေဖြစ်ပြီး ထိရောက်စွာ လက်တွေ့အကောင်အထည်ဖော်နိုင်မယ့် ဖက်ဒရယ်စနစ်ဖြစ်ပါတယ်။ ဒီဖက်ဒရယ်စနစ်ကို ညှိနှိုင်းဆွေးနွေးနိုင်တဲ့ နိုင်ငံရေးစကားဝိုင်းဟာ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အစည်းအဝေးပဲ ဖြစ်ပါတယ်။

### ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး

(၂၁)ရာစုပင်လုံ ညီလာခံမှာ ပါဝင်တဲ့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်က ကိုယ်စားလှယ်တွေအနေနဲ့ ဖက်ဒရယ်ဆိုင်ရာ အသိအမြင်တွေ၊ ဗဟုသုတတွေရရှိစေဖို့ ရည်ရွယ်ပြီးတော့ ပြည်ပက ဥပဒေပညာရှင်တွေ၊ ဖက်ဒရယ်ဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင်တွေကို ဖိတ်ကြားပြီး ဖက်ဒရယ် အခြေခံမူဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်မှာ နှစ်ကြိမ် ကျင်းပပေးနိုင်ခဲ့ပါတယ်။ အဲဒီ ဆွေးနွေးပွဲတွေကနေ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် စဉ်းစားသုံးသပ်နိုင်ဖို့ အကြံဉာဏ်ကောင်းတွေ ရရှိခဲ့ပါတယ်။

ဒါ့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ အလွတ်သဘော တွေ့ဆုံမှုတွေကနေ တစ်ဆင့် သဘောထားအမြင်ဖလှယ်ဖို့၊ အကြိုညှိနှိုင်းဖို့၊ စိုးရိမ်ချက်တွေ သိရှိနားလည်ဖို့ စတာတွေကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးဖို့၊ ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့တဲ့ ခေါင်းဆောင်တွေရဲ့ မျိုးဆက်တွေ၊ တတ်သိပညာရှင်တွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေ၊ အရပ်ဘက် လူ့အဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေ၊ လေ့လာသုံးသပ်သူတွေကို ဖိတ်ခေါ်ပြီးတော့ သူတို့ရဲ့အကြံပြုချက်တွေ၊ ထင်မြင်ယူဆချက်တွေကို သိရှိနိုင်ဖို့ ရည်ရွယ်ပြီး Stakeholder Meeting တွေကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။နိုင်ငံတော်အစိုးရအနေနဲ့ ရခိုင်ပြည်နယ်အရေးကိစ္စကိုလည်း သတိကြီးစွာနဲ့ ကိုင်တွယ် ဖြေရှင်းနေရတာကိုလည်း ပြည်သူတွေက သိကြပါတယ်။ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုတွေကိုလည်း သိပါရစေ။**

ဖြေ။ ။ရခိုင်ပြည်နယ်အတွင်း နှစ်ပေါင်းများစွာ



၂၃-၃-၂၀၁၈ ရက်က နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဂျပန်နိုင်ငံ လွှတ်တော်ရေးရာ နိုင်ငံခြားရေးဒုတိယဝန်ကြီး H.E. Mr. Iwao HORII ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံစဉ်။

ကတည်းက အမြစ်တွယ်နေတဲ့ ပြဿနာတွေနဲ့ စိန်ခေါ်မှုတွေကို လက်တွေ့ကျကျ ဖြေရှင်းနိုင်ဖို့အတွက် ရေရှည်တည်တံ့တဲ့ နည်းလမ်းတွေ ရှာဖွေရေးနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ရေးဟာ အစိုးရရဲ့ အဓိကဦးစားပေးလုပ်ငန်း တစ်ရပ်ဖြစ်ပါတယ်။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးမှု တိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ၃၀-၅-၂၀၁၆ ရက်နေ့မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဦးဆောင်ဖွဲ့စည်း တည်ထောင်ခဲ့ပြီး ဗဟိုကော်မတီကို အထောက်အကူဖြစ်စေနိုင်ဖို့အတွက် လုပ်ငန်းကော်မတီလေးခုကို ဆက်လက်ဖွဲ့စည်းခဲ့ပါတယ်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကိုလည်း ၂၄-၈-၂၀၁၆ ရက်နေ့မှာ မြန်မာနိုင်ငံသား ပုဂ္ဂိုလ် ခြောက်ဦး၊ နိုင်ငံတကာမှ ပုဂ္ဂိုလ်သုံးဦး၊ စုစုပေါင်း ကိုးဦးနဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ကြိုးပမ်းဆောင်ရွက်နေချိန်မှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့နဲ့ နိုဝင်ဘာလ ၁၂ ရက်မှ ၁၃ ရက်အထိ အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်ပွားလာခဲ့တာ ဖြစ်ပါတယ်။ အဲဒီအကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်ပွားရတဲ့ နောက်ခံအခြေအနေတွေနဲ့ အဖြစ်မှန်ပေါ်ပေါက်ရေး စုံစမ်းစစ်ဆေးဖို့၊ ရခိုင်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ စွပ်စွဲချက်တွေ ထွက်ပေါ်နေမှုတွေကို စုံစမ်းစစ်ဆေးဖို့၊ နောင်မှာ အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေဖို့အတွက် ရည်ရွယ်ပြီး ဒုတိယသမ္မတ(၁)က ဦးဆောင်တဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ၁-၁၂-၂၀၁၆ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။

### ဒေသအတွင်းတည်ငြိမ်ရေး

စုံစမ်းစစ်ဆေးရေးကော်မရှင်ဟာ ပြည်သူတွေရဲ့ လုံခြုံရေးနဲ့ အခြေခံအခွင့်အရေးတွေကို အာမခံချက်ပေးနိုင်ဖို့အတွက် စုံစမ်းစစ်ဆေး ဖော်ထုတ်မှုတွေ ပြုလုပ်ခဲ့ပြီး အကြံပြုချက် ၄၈ ချက်ကို တင်ပြခဲ့တဲ့အတွက် ဒေသအတွင်းတည်ငြိမ်ရေးနဲ့ တရားဥပဒေစိုးမိုးရေးကိစ္စတွေ ဆောင်ရွက်ရာမှာ များစွာ အထောက်အကူ ဖြစ်စေပါတယ်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာကိုဖီအာနန် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဟာ မြေပြင်ကွင်းဆင်း လေ့လာမှုတွေ၊ စုံစမ်းဆွေးနွေးမှုတွေအပေါ်အခြေခံပြီး နိုင်ငံတော်အစိုးရထံ အပြီးသတ်အစီရင်ခံစာကို ၂၄-၈-၂၀၁၇ ရက်နေ့မှာ တင်သွင်းခဲ့ပါတယ်။ ကော်မရှင်က အကြံပြုချက် ၈၈ ချက်ကို တင်ပြခဲ့ပြီး အဲဒီအကြံပြုချက်တွေဟာ ရခိုင်ပြည်နယ်အရေးကိစ္စတွေကို ဖြေရှင်းတဲ့နေရာမှာ ရေရှည်နည်းလမ်းကောင်းတွေ ရရှိရေးအတွက် အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။

### တရားဥပဒေစိုးမိုးရေး

ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးအတွက် ကော်မတီ အဆင့်ဆင့်ဖွဲ့စည်းပြီး စုံစမ်းဆောင်ရွက်နေဆဲမှာပဲ လက်ရှိရခိုင်အရေးကို စတင်ဖြစ်ပွားစေတဲ့ မူလဇာစ်မြစ်ဖြစ်တဲ့ ARSA အစွန်းရောက်အကြမ်းဖက်သမားတွေက ၂၅-၈-၂၀၁၇ ရက်နေ့မှာ လုံခြုံရေးစခန်း ၃၀ ကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်မှုတွေ ဖြစ်ပွားခဲ့လို့ ရခိုင်ပြည်နယ်ကနေ လူအများနေရပ်စွန့်ခွာ ထွက်ပြေးခဲ့ကြရတဲ့အပြင် နိုင်ငံတကာကလည်း လွဲမှားတဲ့ စွပ်စွဲချက်တွေ ထွက်ပေါ်လာခဲ့တဲ့အတွက် နိုင်ငံတော်အစိုးရက ဘာသာအယူအဆ မတူကြတဲ့ လူမျိုးစုတွေအကြားမှာ အမြန်ပြန်လည် တည်ငြိမ်ရေးနဲ့ တရားဥပဒေစိုးမိုးရေး ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရပါတယ်။




ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)မှ အတည်ပြုထားသော သဘောတူညီချက် ၃၇ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ၂၉-၅-၂၀၁၇ ရက်က လက်မှတ်ရေးထိုးကြစဉ်။

စုံစမ်းစစ်ဆေးရေးကော်မရှင်နဲ့ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်တို့နဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်တွေအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီကို ၉-၁၀-၂၀၁၇ ရက်နေ့မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဦးဆောင်ကာ ဖွဲ့စည်းခဲ့ပါတယ်။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်တွေအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီရဲ့အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေတွေအပေါ် တိုးတက်မှု အစီရင်ခံစာကို လေးလတစ်ကြိမ် ထုတ်ပြန်တင်ပြရမှာဖြစ်ရာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့နဲ့ ၁၇ ရက်နေ့တို့မှာ နိုင်ငံပိုင်သတင်းစာတွေကတစ်ဆင့် ပြည်သူတွေကို အသိပေးနိုင်ခဲ့ပါတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း (Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine - UEHRD) ကိုလည်း ၁၇-၁၀-၂၀၁၇ ရက်နေ့မှာ တည်ထောင်ခဲ့ပြီး နေရပ်စွန့်ခွာသူတွေ ဇာတိမြေကို ပြန်လာနိုင်ဖို့၊ ပြန်လည်နေရာချထားနိုင်ဖို့နဲ့ ဒေသဖွံ့ဖြိုးမှုလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ ပြည်သူလူထု ပူးပေါင်းပါဝင်မှုတွေနဲ့အတူ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်တွေအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီအနေနဲ့ မြေပြင်အခြေအနေတွေပေါ်မူတည်ပြီး အကျိုးရှိရှိ ထိထိရောက်ရောက် ဖော်ဆောင်နိုင်ဖို့အတွက် လိုအပ်တဲ့ အကြံဉာဏ်တွေကိုရယူဖို့ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း Dr. Surakiart Sathirathai ဦးဆောင်ပြီးတော့ ပြည်တွင်း ပြည်ပ ပညာရှင်တွေ ပါဝင်တဲ့ ရခိုင်ပြည်နယ် ဆိုင်ရာအကြံပြုချက်တွေ အပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီရဲ့အကြံပေးအဖွဲ့ကိုလည်း ၈-၁၂-၂၀၁၇ ရက်နေ့မှာ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

### ပြန်လည်နေရာချထားရေးလုပ်ငန်း

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီတွေ ပေးအပ်ဖို့၊ ပြန်လည်နေရာချထားရေးလုပ်ငန်း ဆောင်ရွက်မှုတွေ စောင့်ကြည့်လေ့လာဖို့၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် သဘောတူညီချက်တွေအပေါ် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုတွေကို စောင့်ကြည့်လေ့လာနိုင်ဖို့နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်အကြား ရခိုင်ပြည်နယ်က နေရပ်စွန့်ခွာသွားသူတွေ ပြန်လည်စိစစ်လက်ခံရေးလုပ်ငန်း ဆောင်ရွက်မှုတွေကို စောင့်ကြည့်လေ့လာနိုင်ဖို့အတွက် နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင် ဦးဆောင်တဲ့ အထူးလုပ်ငန်းအဖွဲ့ကိုလည်း ၇-၁-၂၀၁၈ ရက်နေ့မှာ ဖွဲ့စည်းခဲ့သလို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်တဲ့ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံဖို့နဲ့ ပြန်လည်နေရာချထားရေး ကော်မတီကိုလည်း ၁၅-၃-၂၀၁၈ ရက်နေ့မှာ အသီးသီးဖွဲ့စည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

*အချပ်ပို (ဃ) သို့*

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ





၂၃-၁၁-၂၀၁၇ ရက်က ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူလ်ဟတ်ဆန်မာမွတ်အလီတို့ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်မြစ်မြောက်ဘက် ကုန်းပိုင်းနယ်နိမိတ်စာချုပ်အား အတည်ပြုသည့် စာချွန်လွှာကို အပြန်အလှန်လဲလှယ်ကြစဉ်။

**“ရခိုင်ပြည်နယ်အရေးဟာ အရေးပါတဲ့ ကိစ္စရပ်တစ်ခုဖြစ်ပြီး မတူကွဲပြားမှုတွေကြားမှာ အသိုင်းအဝိုင်းအားလုံး ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်ဖို့အတွက် ကြိုးပမ်းအားထုတ်ရမှာဖြစ်သလို ပဋိပက္ခတွေကို ဖြေရှင်းနိုင်မှုမရှိရင် ပြည်သူလူထုအတွက် အခက်အခဲတွေကို ပိုမိုကြီးထွားစေနိုင်တဲ့အတွက် ဒီပြဿနာတွေ အောင်မြင်အောင် ကိုင်တွယ်ဖြေရှင်းနိုင်ရေးဟာ အဓိကကျတဲ့အတွက် ငြိမ်းချမ်းရေး၊ တရားမျှတရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေ အကောင်အထည်ဖော်နိုင်ဖို့ အရေးကြီး”**

*အချပ်ပို (ဂ)မှ*

ရခိုင်ပြည်နယ်မှာ ပြန်လည်ထူထောင်ရေးနဲ့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးဖို့အတွက် နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး Red Cross Movement၊ AHA Centre, Philippines Red Cross, Thai Red Cross Societies နဲ့ ဒေသခံလုပ်အားပေးတွေကတစ်ဆင့် နှစ်ဖက်အသိုက်အဝန်းကို လူသားချင်းစာနာထောက်ထားမှု အကူအညီတွေ ဖြန့်ဝေလျက်ရှိပါတယ်။ နေရပ်စွန့်ခွာသူတွေ ပြန်လည်လက်ခံရေးလုပ်ငန်းတွေ အောင်မြင်စေဖို့အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၃-၁၁-၂၀၁၇ ရက်နေ့မှာ Arrangement on Return of Displaced Persons from Rakhine State ကို နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့က လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

**ပြန်လည်စိစစ် လွှဲပြောင်းရေး**

နှစ်နိုင်ငံ သဘောတူညီထားတဲ့အတိုင်း တောင်ပြိုလက်ဝဲနဲ့ ငါးခူရတို့မှာ ပြန်လည်လက်ခံရေးဌာနတွေကို တည်ဆောက်ခဲ့ပြီး လှဖိုးခေါင်မှာ ယာယီနေထိုင်ရေးဌာနကို တည်ဆောက်ခဲ့ပါတယ်။ ပြန်လည်လက်ခံရေးလုပ်ငန်းကို ၂၃-၁-၂၀၁၈ ရက်မှာ စတင်နိုင်ဖို့ ပြင်ဆင်ထားခဲ့ပါတယ်။ ပြန်လည်စိစစ် လွှဲပြောင်းရေးလုပ်ငန်းတွေ အဆင်ပြေ ချောမွေ့စေဖို့အတွက် ပထမဆုံးအသုတ်အနေနဲ့ စတင်ဆောင်ရွက်နိုင်ဖို့ ဟိန္ဒူဘာသာဝင် ၅၀၈ ဦးနဲ့ အစ္စလာမ်ဘာသာဝင် ၇၅၀ တို့ရဲ့ အချက်အလက်တွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။

ဒီလိုဆောင်ရွက်တဲ့အခါ သတ်မှတ်ရက်ရောက်တဲ့တိုင် ဖြည့်စွက်ပြီးတဲ့ ပုံစံတွေကို ဘင်္ဂလားဒေ့ရှ်ဘက်က ပြန်လည်ပေးပို့လာခြင်း မရှိတဲ့အတွက် လုပ်ငန်းစဉ် အကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့ပါဘူး။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က ပထမအသုတ် လွှဲပြောင်းပေးမယ့် အိမ်ထောင်စု ၁၆၇၃ စုက လူဦးရေ ၈၀၃၂ ဦးတို့ရဲ့ အမည်စာရင်းနဲ့ ကိုယ်ရေးအချက်အလက်တွေပေးပို့လာခဲ့ရာ Physical Arrangement အရ နှစ်နိုင်ငံ သဘောတူညီထားတဲ့ ပုံစံတွေ မဟုတ်ဘဲ အဓိကအချက်တွေဖြစ်တဲ့ ဆန္ဒအလျောက် ပြန်လာခြင်းဖြစ်ကြောင်းနဲ့ နိုင်ငံရဲ့ တည်ဆဲဥပဒေတွေကို လိုက်နာမည် ဖြစ်ကြောင်း စတာတွေကို ဖော်ပြထားခြင်း မရှိတဲ့အပြင် တစ်ဦးချင်းစီရဲ့ လက်မှတ်နဲ့ ကိုယ်ရေးအချက်အလက်တွေကိုလည်း အသေးစိတ်ဖော်ပြထားခြင်းမရှိတဲ့အတွက် သဘောတူထားသောပုံစံတွေနဲ့ ပြန်လည်ပြင်ဆင်ပေးဖို့ပါ ဘင်္ဂလားဒေ့ရှ်ဘက်သို့ အကြောင်းကြားခဲ့ပြီး ဖြစ်ပါတယ်။

**စိစစ်လက်ခံဖို့အသင့်ရှိ**

နှစ်နိုင်ငံသဘောတူပုံစံတွေ မဟုတ်ပေမယ့် လွှဲပြောင်းလက်ခံရာမှာ အဆင်ပြေစေဖို့ ရှေးရှုပြီး ခက်ခက်ခဲခဲ စိစစ်ခဲ့ရာမှာ ဒီနေ့အထိ စုစုပေါင်း လူ ၇၀၀ ကျော် စိစစ်နိုင်ခဲ့ပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်က ပြန်လည်လွှဲပြောင်းပေးတာနဲ့ စိစစ်လက်ခံဖို့အသင့်ရှိကြောင်းကိုလည်း အကြောင်းကြားပြီး ဖြစ်ပါတယ်။

မောင်တောခရိုင် တောင်ပြိုလက်ဝဲမြို့အနီး မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီးမှာ နေထိုင်နေတဲ့ မြန်မာဘက်က နေရပ်စွန့်ခွာသူတွေကို ပြန်လည်နေရာချထားဖို့အတွက်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

Internal Displaced Persons Camp (IDP) စခန်းတွေ ပိတ်သိမ်းခြင်းနဲ့ ပတ်သက်ပြီး စစ်တွေမြို့သက္ကယ်ပြင် IDP စခန်းနဲ့ မြေပုံမြို့ IDP စခန်းတွေကိုလည်း နိုင်ငံတကာ စံချိန်စံညွှန်းနဲ့အညီ ပိတ်သိမ်းပြီး ပြန်လည်နေရာချထားနိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။

**တစ်လနှစ်ကြိမ် သတင်းရယူနိုင်ရေး**

မြန်မာအစိုးရရဲ့ ဆောင်ရွက်ချက်တွေနဲ့ မြေပြင်အခြေအနေတွေကို လေ့လာနိုင်စေဖို့ ရည်ရွယ်ပြီးတော့ မြန်မာနိုင်ငံအခြေစိုက် သံရုံးတွေက သံအမတ်ကြီးတွေ၊ သံရုံးအကြီးအကဲတွေနဲ့ ကုလသမဂ္ဂအဖွဲ့အစည်းတွေ၊ နိုင်ငံတကာ အဖွဲ့အစည်းတွေက အကြီးအကဲတွေ ရခိုင်ပြည်နယ်ခရီးစဉ်ကို ၂၀၁၆ ခုနှစ်မှစပြီး ဒီနေ့အထိ ၁၀ ကြိမ် စေလွှတ်ပေးနိုင်ခဲ့ပါတယ်။ ပြည်တွင်းပြည်ပမီဒီယာတွေကိုလည်း ကိုးကြိမ်အထိ စေလွှတ်ပေးနိုင်ခဲ့ပြီး ပြည်တွင်း ပြည်ပ သတင်းမီဒီယာတွေကို တစ်လနှစ်ကြိမ် သတင်းသွားရောက်ရယူနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

ရခိုင်ပြည်နယ်အရေးဟာ အရေးပါတဲ့ ကိစ္စရပ်တစ်ခုဖြစ်ပြီး မတူကွဲပြားမှုတွေကြားမှာ အသိုင်းအဝိုင်းအားလုံး ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်ဖို့အတွက် ကြိုးပမ်းအားထုတ်ရမှာဖြစ်သလို ပဋိပက္ခတွေကို ဖြေရှင်းနိုင်မှု မရှိရင် ပြည်သူလူထုအတွက် အခက်အခဲတွေကို ပိုမိုကြီးထွားစေနိုင်တဲ့အတွက် ဒီပြဿနာတွေ အောင်မြင်အောင် ကိုင်တွယ်ဖြေရှင်းနိုင်ရေးဟာ အဓိကကျတဲ့အတွက် ငြိမ်းချမ်းရေး၊ တရားမျှတရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေ အကောင်အထည်ဖော်နိုင်ဖို့ အရေးကြီးပါတယ်။

ကုလသမဂ္ဂနဲ့ နိုင်ငံတကာ ဖိအားပေးမှုတွေ မြင့်တက်နေတဲ့ အခြေအနေမှာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပိုင်နက်နယ်မြေ မဆုံးရှုံးရေးတို့အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်မှုနဲ့ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ နိုင်ငံတကာနဲ့ ဆက်သွယ်ဆက်ဆံနေတဲ့ အခြေအနေကိုလည်း သိပါရစေ။**

ဖြေ ။ ။ ကျွန်တော့်အနေနဲ့ ၂၀၁၆ ခုနှစ် ဇူလိုင်လကနေ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ (၂) နှစ်တာ ကာလအတွင်း နိုင်ငံခြားသံတမန်တွေ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံမှုပေါင်း ၁၀၈ ကြိမ် ပြုလုပ်ခဲ့ပြီး အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ လမ်းညွှန်ချက်တွေ၊ နိုင်ငံတော်အစိုးရက လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှုတွေ၊ ရခိုင်ပြည်နယ်ဆိုင်ရာ ကိစ္စရပ်တွေ၊ ပြည်တွင်းငြိမ်းချမ်းရေး ကိစ္စရပ်တွေကို နိုင်ငံတကာက သိရှိစေဖို့ တွေ့ဆုံဆွေးနွေးပွဲတွေမှာ ရှင်းလင်းပြောကြားလျက် ရှိပါတယ်။

**နိုင်ငံရဲ့ လက်ရှိအခြေအနေမှန်**

ရခိုင်ပြည်နယ်ဆိုင်ရာ ကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး နိုင်ငံခြားသံတမန်တွေ၊ ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံဆွေးနွေးရာမှာ လူသားချင်းစာနာထောက်ထားမှု အကူအညီတွေ၊ ရခိုင်ပြည်နယ်ရှိ အစ္စလာမ်ဘာသာဝင်များ နိုင်ငံသားဖြစ်ခွင့်ကိစ္စ၊ ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခဖြစ်ပွားတဲ့ ဒေသတွေမှာ အစားအစာနဲ့ ဆေးဝါးစတဲ့ လိုအပ်တဲ့အကူအညီတွေ ထောက်ပံ့ပေးရေးကိစ္စရပ်တွေ၊ ပဋိပက္ခမဖြစ်ပွားတဲ့ ရခိုင်ဒေသအတွင်း စက်မှုလက်မှု လုပ်ငန်းများ ထူထောင်ပေးရေး ကိစ္စရပ်တွေ၊ ပြန်လည်ဝင်ရောက်လာတဲ့သူတွေအတွက် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ ထူထောင်ပေးရေး ကိစ္စရပ်တွေ၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးနဲ့ တရားဥပဒေစိုးမိုးရေးကိစ္စရပ်တွေ၊ IDP စခန်းတွေ ပိတ်သိမ်းရေးကိစ္စရပ်တွေကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာဆွေးနွေးပြီး နိုင်ငံရဲ့ လက်ရှိအခြေအနေမှန်တွေကို နိုင်ငံတကာက သိရှိနိုင်ဖို့ ရှင်းလင်းပြောကြားပေးလျက် ရှိပါတယ်။

**မေး ။ ။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက်ဆောင်ရွက်ချက်တွေကိုလည်း သိပါရစေ။**

ဖြေ ။ ။ နိုင်ငံတစ်နိုင်ငံမှာ ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ်တစ်ရပ် ပေါ်ပေါက်စေဖို့၊ တရားဥပဒေစိုးမိုးဖို့၊ စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှု မြင့်မားတိုးတက်စေဖို့အတွက် အဂတိလိုက်စားမှုကင်းရှင်းရေးဟာ အဓိကအခြေခံကျတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။

နှစ်နှစ်တာကာလအတွင်း စုစုပေါင်းတင်ပြစာ ၂၅၁၆ စောင် လက်ခံရရှိခဲ့ပြီး အများစုဟာ မြေယာ၊ စီမံ/အုပ်ချုပ်မှု၊ အဂတိ၊ တရားစီရင်မှု၊ လူမှုရေးအကြောင်းအရာ ကိစ္စရပ်များဖြစ်ပြီးတော့ ပြည်သူတွေရဲ့ တင်ပြချက်တွေအပေါ် အရေးယူဆောင်ရွက်မှုတွေကို နိုင်ငံတော်သမ္မတရုံးနဲ့အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ပြည်သူတွေအတွက် ဖြည့်စွက်ပြောကြားချင်တာရှိရင် ပြောကြားပေးပါ။**

ဖြေ ။ ။ နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာနဟာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကို ပံ့ပိုးကူညီ အထောက်အကူပြုဖို့ ဖွဲ့စည်းပေါ်ပေါက်လာတဲ့ ဝန်ကြီးဌာနတစ်ခုဖြစ်ပြီး အစိုးရရဲ့နှစ်နှစ်တာ ကာလအတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို အဓိကထား ဆောင်ရွက်ခဲ့တဲ့အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ မူဝါဒတွေ အကောင်အထည်ဖော်တာ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပေးအပ်လာတဲ့ တာဝန်တွေကို ထမ်းဆောင်တာ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ပြည်ထောင်စုဝန်ကြီးဌာနတွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေအကြား လိုအပ်တဲ့ ပေါင်းစပ်ညှိနှိုင်းမှုတွေ ဆောင်ရွက်ပေးတာ၊ မြန်မာနိုင်ငံနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းအကြား လိုအပ်သလို ပေါင်းစပ်ကြားခံညှိနှိုင်းဆောင်ရွက်ပေးတာတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

**ဆက်လက်ကြိုးပမ်း ဆောင်ရွက်**

အစိုးရရဲ့ ကျန်ရှိတဲ့ သက်တမ်းသုံးနှစ်တာ ကာလမှာလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ချမှတ်ပေးထားတဲ့ မူဝါဒတွေ၊ လမ်းညွှန်ချက်တွေ အောင်မြင်စွာ အကောင်အထည်ပေါ်လာစေဖို့အတွက် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနအနေနဲ့ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ။



၁၆-၃-၂၀၁၈ ရက်က နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် နော်ဝေနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Ms. Marianne Hagen တို့ တွေ့ဆုံဆွေးနွေးစဉ်။